
www.burmeseclassic.com

# ဘောင်းဝေဍိုး

ဟော့ ဒို့ ကွန်မန်ဒို



www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၁၀၀၈၃၀၉၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၁၀၀၆၉၀၉၀၉ |
| ပထမအကြိမ် | - | ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |
| မျက်နှာဖုံးအပြင်အဆင် | - | မြရတနာColour Seperation |
| အတွင်းဖလင် | - | A.Z |
| ကွန်ပျူတာစာစီ | - | Future World |
| စာအုပ်ချုပ် | - | မြရတနာအဖွဲ့သားများ |

ထုတ်ဝေသူ

ဒေါ်မူမူ(ခေါ်)ဒေါ်မြရတနာ (၀၄၂၀၁ မြဲ)

သီရိမြင်သာဈေးအတွင်း

မေတ္တာလမ်းနှင့်သံသုမာလမ်းထောင့်

၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း၊ ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဝိုလ်မှူးကြီးသောင်းဝေ(ငြိမ်း)၊ (၀၇၉၉၆ မြဲ)

မြရတနာပုံနှိပ်တိုက်

အမှတ် (၂၃/၂၄)၊ မေတ္တာလမ်းသွယ် (၁)

၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)

သောင်းဝေဦး ၃၅၅.၄

ဗေဟု ၊ ဒို့ကွန်မန်ဒို၊ သောင်းဝေဦး။ ရန်ကုန်၊

၂၅၀၊ စာ ၁၂.၄ စင်တီ × ၁၈.၅ စင်တီ

(၁) ဗေဟု ၊ ဒို့ကွန်မန်ဒို


# ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

# ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



သောင်းဝေဦး

www.burmeseclassic.com

www.burmeseclassic.com

# သောင်းဝေဦး

ဟော့ ၊ နိုကွန်မန်နီ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

ဇော , ဒို့ကွန်မန်ဒို

စဉ် | အကြောင်းအရာ | စာမျက်နှာ


အခန်း (၁)

ကွန်မန်ဒိုအကြောင်းသိကောင်းစရာ

၁။ ကွန်မန်ဒိုဆိုတာ ဘာလဲ ၇

၂။ ကွန်မန်ဒို၏အဓိပ္ပာယ်ဖွင့်ဆိုချက်များ ၁၀

၃။ အနိုင်နိုင်ငံမှ ကွန်မန်ဒိုဖြစ်စဉ်များ ၁၁

၄။ ကွန်မန်ဒိုကို ဘယ်မှာသုံးသနည်း ၁၃

၅။ အထူးတာဝန်တပ်ဖွဲ့များ ၁၄

၆။ လက်တွေ့လေ့ကျင့်ရေး ၁၈


စဉ် | အကြောင်းအရာ | စာမျက်နှာ


အခန်း (၂)

ကျွန်တော်သိသောမြန်မာတပ်မတော်မှကွန်မန်ဒိုတိုက်ပွဲများ

၇။ ဝကာပအာလယ်ပိုင်းချူရိုခေါ် ဗဟိုခွဲစခန်းအား စီးနင်းတိုက်ခိုက်ခြင်း ၂၆

၈။ ဗဟိုဆေးကျောင်း အလင်းရောင်စခန်းကို တိုက်ခိုက်ခဲ့စဉ်က ၆၀

၉။ ကပ္ပလီနားက ကွန်မန်ဒိုအောင်ပွဲ ၈၆

၁၀။ ကျွန်တော်ကိုယ်တွေ့ကွန်မန်ဒို ၁၁၁

အခန်း (၃)

ထူးခြားထင်ရှားထည့်သာကွန်မန်ဒိုတိုက်ပွဲများ

၁၁။ မူဆိုလီနီအား ကယ်တင်ခဲ့စဉ်က ၁၄၂

၁၂။ ဗြိတိသျှကွန်မန်ဒိုများ၏ ဂျာမန်ဗိုလ်ချုပ်ကြီး ရွမ်းမဲလ်အား လုပ်ကြံမှုကြီး ၁၆၃

၁၃။ အကြမ်းဖက်ပြန်ပေးဆွဲခံရသည့် ပြင်သစ်လေယာဉ်ကို ကယ်တင်ခြင်း ၁၉၀

၁၄။ အစ္စရေးတို့၏ကမ္ဘာကျော်အင်တက်ဘီလေဆိပ် စစ်ဆင်ရေး ၂၀၉


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏အမှာ

၁၉၆၇ ခုနှစ် မိုးအကုန် ဆောင်းအကူးကာလ။

စာရေးသူ မိုလ်ဖြစ်ခါစ တစ်နှစ်ပင် မပြည့်သေးသည့်အချိန်။ နေရာက ကရင်ပြည်နယ် မြောက်ဘက်အစွန်က ဖာပွန်မြို့ကလေး။

စစ်ဆင်ရေးက ပြန်ရောက်ပြီး ဆောက်ပြီးစ လူပျိုအရာရှိဆောင် အသစ်ကလေးသို့ပြောင်းရွှေ့ ကျွန်တော်တို့တပ်မှ လူပျိုအရာရှိများ အလွန် ကျေနပ်ပျော်ရွှင်နေကြ၏။ အရင်ကမူ ထရံကာ အင်ဖက်မိုး ခယိုးခယိုင် အိမ်အိုလေးမှာ



နေခဲ့ကြရသည်။ ယခုမူ အရာရှိလူပျိုဆောင် အုတ်ပတ်ကား Single Quarter အသစ်ကလေးက ရိပ်သာအသစ်ကလေးနှင့် အတော်ပင် သားနားလှ၏။

ရိပ်သာအသစ်ကလေးမှာ ဆောက်ပြီးသည်နှင့် သင်တန်းတစ်ခုဖွင့်သည်။ လူသုံးလေးငါးဆယ် တက်ကြသည်။ သင်တန်းကာလက လေးပတ်ခန့်ဟု ထင်ပါ၏။ နေ့စဉ် သင်တန်းသားများ ဝင်ကြထွက်ကြ ဆွေးနွေးကြနှင့် လူစည်ကားလှ၏။ သင်တန်းကို တပ်ရင်းမှူးကြီးကိုယ်တိုင် လာရောက်ပို့ချ၏။ တပ်ရင်းမှူးကြီးမှာ ရန်ကုန်တက္ကသိုလ်က အိုင်အေအောင်ပြီးမှ တပ်ထဲဝင်လာသူဖြစ်ရာ စာပေဝါသနာပါသည်။ အဟောအပြောလည်း ကောင်းသည်။ အားကစားဝါသနာပါ၍ ဘောလုံး၊ တင်းနစ်၊ ကြက်တောင်လည်းကောင်းသည်။ ပို့ချမှုအလွန် ကောင်းလှ၍ နေ့လယ်ထမင်းစားပြီးစ ငိုက်မျဉ်းချိန်များ၌ပင် သင်တန်းသားများ တဝါးဝါး တဟားဟားနဲ့ နေအောင် ပို့ချနိုင်၏။

"ဟေ့ . . . ကိုစိုးဝင်း . . . ခင်ဗျားတို့ဟာ ဆူညံနေတာပဲ။ ဘာသင်တန်းလဲဗျ"

ထိုသင်တန်းသို့ တက်ရောက်နေသည့် တစ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

တည်းနေ ဗိုလ်စိုးဝင်းကို မေးမိရာ ...

"ကွန်မန်ဒို သွေးသောက်သင်တန်းလေ"

"ဩော်"

"ဘယ်သူတွေပါလဲဗျာ"

"တပ်ခွဲမှူးထဲက ဗိုလ်ကြီးအေးကျော်နဲ့ တပ်စုမှူးထဲကတော့ ကျွန်တော်ရယ်၊ ဗိုလ်တင်အေးနဲ့ ဗိုလ်သိန်းထွန်းရယ်ပါပဲဗျာ။ နောက်ကျတော့ ခင်ဗျားတို့အလှည့်လာမှာပေါ့"

သူတို့သုံးဦးလုံး ၁၉၆၄-၆၅ ကော်မရှင်များဖြစ်ရာ ကျွန်တော့်ထက် စီနီယာများပါပေ။ ညနေ ထမင်းစား ချိန်၌ သူတို့သုံးဦးက ကွန်မန်ဒိုအကြောင်း ဆွေးနွေးကြ၏။

ကွန်မန်ဒိုဆိုတာ ဘာလဲပေါ့။

ကွန်မန်ဒို စစ်နည်းဗျူဟာဆိုတာဘာလဲပေါ့။

သူတို့ဆွေးနွေးကြမှ ကွန်မန်ဒိုအကြောင်း တစ်စွန်းတစ်စ သိရတော့၏။ ဗိုလ်သင်တန်းမှာတုန်းက မသင်ခဲ့ရဘူးပါ။

ထိုစဉ်က ကျွန်တော်တို့ ဖာပွန်တပ်ရင်း ပတ်ပတ်လည်၌ ဒေသခံသောင်းကျန်းသူများ များများစားစားမရှိပါ။ အစုအဖွဲ့ငယ်လေးများသာရှိပါသည်။ ဒါပေမဲ့ အဲဒီအဖွဲ့



လေးတွေက ယာဉ်တန်း ချောင်းပစ် ဟိုစခန်း လာပစ်၊ ဒီစခန်းလာပစ်နှင့် ဒုက္ခတော့ မကြာခဏပေးပါ၏။

"ဒီကောင်တွေကို ကွန်မန်ဒိုနည်းနဲ့ ချေမှုန်းမှ ရမယ်"

တပ်ရင်းမှူးကြီးက မှတ်ချက်ပြုသည်။ ထို့နောက် တပ်ခွဲအသီးသီးမှ သူ့စိတ်ကြိုက် လူ သုံးလေး ငါးဆယ် ရွေးပြီး သူကိုယ်တိုင် သင်တန်းပေးသည်။ ကွန်မန်ဒို စစ်နည်းဗျူဟာများကို ပို့ချသည်။ တပ်ရင်းမှူးကြီးသာမက ဘဲ ဒုတပ်ရင်းမှူးနှင့် ဝါရင့်တပ်ခွဲမှူးများကလည်း သင်တန်း ပို့ချပေးကြသည်။ သင်တန်းဆင်းတော့ Mess Night ညစာစားပွဲ လုပ်ပေးသည်။

"ကဲ ... ပဏာမအနေနဲ့ မင်းတို့ ကွန်မန်ဒိုတပ်ဖွဲ့ကို မကြာခင် Field မှာ ချစမ်းကြည့်ရမယ်ဟေ့"

တပ်ရင်းမှူးကြီး ထမင်းစားပွဲမှာ အမှာစကားပြောတော့ ထိုသို့ ဆိုသည်။ တကယ်လည်း သုံးလေးရက်အတွင်း တပ်နှင့် ၁၅ မိုင် ၂၀ ခန့်အကွာရှိ ရည်မှန်းချက် Mission တစ်ခုကို သွားတိုက်ခိုင်းလိုက်၏။

သုံးရက်လောက်ကြာတော့ ကွန်မန်ဒိုတပ်ဖွဲ့ ပြန်ရောက်လာသည်။ ညစ်ပတ်ပေရေနေကြ၏။ သို့ရာတွင်



www.burmeseclassic.com

www.burmeseclassic.com

အားလုံး အပြုံးပန်းတွေဝေဆာလာ၏။ ခေါင်းဆောင်က ဗိုလ်ကြီးအေးကျော်နဲ့ ဗိုလ်စိုးဝင်း။

ရည်မှန်းချက် ရန်သူ့စခန်းကို စီးနင်း တိုက်ခိုက်ခဲ့၍ အရေးကြီး ရန်သူ့ စာရွက်စာတမ်းများနှင့် လက်နက်ငယ် သုံးလေးလက် ရလာ၏။

သူတို့ပြန်ရောက်ရောက်ချင်း ဂျစ်ကားဖြင့် ရိပ်သာသို့ တပ်ရင်းမှူးကြီး ချက်ချင်းရောက်လာ၏။

အားလုံးက တပ်ရင်းမှူးကြီးကို အလေးပြုကြပြီး တစ်ခဲနက် အော်လိုက်ကြသည်။

"ဟေ့ . . . ဒို့ ကွန်မန်ဒိုကွ"

တပ်ရင်းမှူးကြီးက အောင်ပွဲရလာကြသူများကို တစ်ဦးချင်း ပြုံးပြုံးကြီး လက်ဆွဲနှုတ်ဆက်သည်။

"ကွန်ကရက်ကျူလေးရှင်း သွားကြီး"

သွားကြီးဆိုသည်မှာ ဗိုလ်ကြီးအေးကျော်ကို သူပေးထားသည့် Nickname ဖြစ်၏။

သူတို့ကွန်မန်ဒို တပ်ဖွဲ့ကိုကြည့်ပြီး ကျွန်တော် အလွန်အားကျသည်။ ဒါပေမဲ့ ကွန်မန်ဒို သင်တန်းမတက်လိုက်ရပါ။ ကွန်မန်ဒိုတပ်ဖွဲ့ လေးငါးခါ အောင်ပွဲရပြီးသည်နှင့် တပ်ရင်းမှူးကြီးလည်း တိုက်ရိုက်ဗျူဟာမှူးတာဝန် ဖြင့်



ရာထူးတက်ကာ တပ်ပြောင်းသွားရသည်။ ကျွန်တော်လည်း ဖာပွန်မှ ကမမောင်း ပြောင်းရသည်။ မကြာမီ မိန်းမပါ ရတော့သည်။ ထို့ကြောင့် သာမန်တိုက်ခိုက်ရေးတပ်ခွဲမှာပင် တာဝန်ထမ်းဆောင်ရပြန်သည်။

သို့ရာတွင် ကွန်မန်ဒိုကိုစိတ်ဝင်စားဆဲ။ ကွန်မန်ဒို တပ်ဖွဲ့များ၏ လှုပ်ရှားမှုများကို အားကျနေဆဲ။ ကွန်မန်ဒို ရဲဘော်များ၏ "ဟေ့ ဒို့ကွန်မန်ဒို"ဟု တစ်ခဲနက် အော်သံ ဟစ်သံကို ကြားယောင်နေဆဲ။

ယခု ဤစာရေးတော့ ငယ်စဉ်က အသံများကို ကြားယောင်ရင်း ကိုယ်ကိုယ်တိုင်တိုက်ခိုက်ခဲ့သော ကွန်မန်ဒိုတိုက်ပွဲအပါအဝင် ကိုယ့်အထက် အရာရှိကြီးများ၏ ကွန်မန်ဒိုတိုက်ပွဲများအကြောင်း၊ မြန်မာ့သမိုင်း ကမ္ဘာ့သမိုင်းက ကွန်မန်ဒိုတိုက်ပွဲများအကြောင်း စိတ်ဝင်စားဖွယ်ရာများကို လက်လှမ်းမီသရွေ့ စုဆောင်းကာ ရေးသားတင်ဆက် လိုက်ပါသည်။

ကွန်မန်ဒိုဆိုတာ ကြားသာကြားဖူးကြတာ။ ဘာလဲဆိုတာ ဂဃနဏ မသိကြသေးသူများအတွက်ကား ယခု ကျွန်တော် ရေးသားတင်ဆက်လိုက်သည့် "ဟေ့ ဒို့ ကွန်မန်ဒို" စာစုက နိုင်ငံတကာကွန်မန်ဒို ဗဟုသုတများ



www.burmeseclassic.com

www.burmeseclassic.com

နှင့် တင့်သင့်သော ဝီရိယသကိုပါ ပေးစွမ်းနိုင်လိမ့်မည်ဟု ယုံကြည်ယူဆမိကြောင်းပါခင်ဗျား။

ရှင်လန်းချမ်းမြေ့ကြပါစေ။

သောင်းဇေဦး

နေရာ – ရန်ကုန်မြို့။

ရက်စွဲ – ၂၀၀၉ ခုနှစ်၊ ဇွန်လ(၁)ရက်။



ဤ

# ကွန်မန်ဒိုဟူသည်

ကွန်မန်ဒို Commando ဟူသည် သမရိုးကျ စစ်နည်း ဗျူဟာ အမြင်အရ လုံးဝမဖြစ်နိုင်ဟူသော တာဝန်မျိုးကို မိမိတို့ကိုယ်ပိုင် သမရိုးကျမဟုတ်သော နည်းလမ်းများဖြင့် အောင်မြင်အောင် တိုက်ခိုက်နိုင်ခြင်း သည်ပင်လျှင် ကွန်မန်ဒိုအစစ် ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲဝင် ကွန်မန်ဒိုတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com

# အခန်း( ၁ )

## ကွန်မန်ဒိုအကြောင်း သိကောင်းစရာ

### ကွန်မန်ဒိုဆိုတာ ဘာလဲ

"ကွန်မန်ဒိုဆိုတာ ဘာလဲ" ဟု မေးလာပါမူ ဝယနကာ သိသူ ဖြေနိုင်သူ အတော်ပင်နည်းဦးမည် ထင်ပါသည်။ စာရေးသူ ကျွန်တော်ပင်လျှင် ကွန်မန်ဒို Com-mando ဆိုသော စကားကို အရာရှိဖြစ်စက ကြားဖူးခဲ့သော်လည်း ဘာမှန်းဆိုတာ အသေအချာမသိခဲ့ပါ။

၁၉၇၉ ခုနှစ် ဗထူးတိုက်ခိုက်ရေးကျောင်း ပြောင်း၍

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီး တာဝန်အရ စစ်စာပေများကို မလွှဲမရှောင်သာဘဲ ဖတ်ရမှတ်ရမှ အတော်အတန် သိလာရပါသည်။ တိုက်ခိုက်ရေးကျောင်း၌ တိုက်ပွဲသုံးသပ်ချက်များ မကြာခဏ လုပ်ရင်း သမားရိုးကျ တိုက်ပွဲများသာမက ကွန်မန်ဒိုတိုက်ပွဲများကိုပါ သုံးသပ်ရပါသည်။ ကွန်မန်ဒိုကို စိတ်မဝင် စား၍ မရတော့ပါ။ မကြာခဏ ကြုံနေ ကြားနေရပါသည်။

တကယ်တော့ ကွန်မန်ဒို Commando ဟူသည့် စကားမှာ အာဖရိကတိုက်တောင်ပိုင်းတွင် နေထိုင်သည့် ဘိုးဝါး Boer လူမျိုးများ၏ စကားပင် ဖြစ်၏။

ဘိုးဝါးလူမျိုး ဆိုသည်မှာ ဒတ်ချ်လူမျိုးများပင် ဖြစ်သည်။ ၎င်းတို့၏ မူလတိုင်းပြည်မှာ Dutch ခေါ် နယ်သာလန် Netherlands ဖြစ်၏။ ၁၈ ရာစု အစပိုင်း၌ ဥရောပတိုက်မှ တိုင်းပြည်အသီးသီး နယ်သစ်ပယ်သစ်များ ရှာဖွေကြရာ အင်္ဂလိပ်၊ ပြင်သစ်၊ ဒတ်ချ်၊ စပိန်၊ ပေါ်တူဂီ တို့သည် ကမ္ဘာအနှံ့ ရွက်သင်္ဘောများဖြင့် သွားလာကြ၏။ အာရှ အာဖရိကနှင့် အမေရိကတို့တွင် နယ်သစ်ပယ်သစ်များရှာ၍ ရေကြည်ရာမြက်နုရာတို့တွင် အခြေချ နေထိုင်ကာ လုပ်ကိုင်စားသောက်ကြ၏။ Dutch ဒတ်ချ် လယ်သမားရှာဖွေစွန့်စားသူများသည် ၁၈ ရာစုမှာပင်





တောင်အာဖရိကသို့ ရောက်လာပြီး Cape Colony ကို တည်ထောင်၍ ဘိုးဝါး Boer အမည်ကို ခံယူခဲ့ကြ၏။ အာဖရိကတောင်ပိုင်းမှာ စိုက်ပျိုးရေးလုပ်ကိုင် စားသောက်၍ အဆင်ပြေသည်သာမက စိန်နှင့် ရွှေများပါ တွေ့ရှိသဖြင့် အင်္ဂလိပ်တို့က မျက်စိကျခဲ့ကြ၏။ ထို့ကြောင့် နပိုလီယံစစ်ပွဲများအပြီး၌ အင်္ဂလိပ်တို့သည် စစ်အင်အားကို အသုံးပြုကာ ဘိုးဝါးတို့၏ Cape Colony ကို ၁၈၁၄ ခုနှစ်တွင် သိမ်းယူခဲ့ကြလေသည်။

ဤတွင် မူလပထမ ကိုလိုနီတည်ထောင်သူ ဘိုးဝါးများနှင့် စစ်ဖြစ်ကြရလေတော့သည်။ စစ်နှစ်ကြိမ်ဖြစ်ပွားပြီး ၁၉၀၉ ခုနှစ်၌ အင်္ဂလိပ်တို့က တောင်အာဖရိကပြည်ထောင်စုနိုင်ငံကို ဖွဲ့စည်း၍ လွတ်လပ်ရေးပေးလိုက်မှ ဘိုးဝါးစစ်ပွဲ ပြီးဆုံးသွားတော့၏။ အနှစ် ၁၀၀ နီးပါး ကြာမြင့်သည်ဟု ဆိုရပေမည်။

တောင်အာဖရိကပြည်ထောင်စု၏ ပထမဆုံးဝန်ကြီးချုပ်မှာ ဘိုးဝါးစစ်ပွဲများ၌ အင်္ဂလိပ်တို့အား ရဲရဲဝံ့ဝံ့ သဲသဲမဲမဲ ခုခံတိုက်ခိုက်ခဲ့သော ဘိုးဝါးဗိုလ်ချုပ် ဂျင်နရယ်ဘိုသာ ဖြစ်လေသည်။

ဤဘိုးဝါးစစ်ပွဲများအတွင်းမှာပင် အင်အား နည်းပါး



www.burmeseclassic.com

www.burmeseclassic.com



သော ဘိုးဝါးတို့က ကွန်မန်ဒို Commando ခေါ် လက်ရွေးစင် အထူးတပ်ဖွဲ့များကို ဖွဲ့စည်းကာ လှုပ်ရှားမှု နှေးကွေးသော ဗြိတိသျှခေါ် အင်္ဂလိပ်တို့၏တပ်များကို လျှပ်တစ်ပြက် ထိုးဖောက်တိုက်ခိုက်ခြင်းအားဖြင့် အောင်မြင်မှုများ ရရှိကြသဖြင့် ကွန်မန်ဒိုဟူသော စကားသည် ဘိုးဝါးစစ်ပွဲကာလ(၁၈၉၉-၁၉၀၂) ခုနှစ်မှစ၍ ခေတ်စားလာတော့၏။

**ကွန်မန်ဒို၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

ကွန်မန်ဒိုတပ်ဖွဲ့ဟူသည် သမားရိုးကျ စစ်ပျူဟာ အမြင်အရ မဖြစ်နိုင်ဟုယူဆရသော ရည်မှန်းချက်မျိုးကို သူ့နည်းသူ့ဟန်ဖြင့် စွန့်စားတိုက်ခိုက်ကာ အောင်မြင်မှု ရယူသော တပ်ဖွဲ့မျိုးပင်ဖြစ်ပါသည်။

တစ်နည်းအားဖြင့်ဆိုသော် ရည်မှန်းချက်တာဝန်ကို စွန့်စွန့်စားစား အခက်အခဲများကြားမှ အောင်မြင်အောင် တိုက်ခိုက်နိုင်သော တပ်ဖွဲ့ကို ဆိုလိုပါသည်။

ကွန်မန်ဒိုတပ်ဖွဲ့အား အဓိပ္ပာယ်ဖွင့်ဆိုရာ၌ အောက်ပါအတိုင်းပါရှိ၏။

Commando : Member of a body of men.





Specially picked and trained for carrying out raids and making assaults.

ရည်မှန်းချက်များအား စီးနင်းတိုက်ခိုက်ချေမှုန်းရန်အတွက် အထူးရွေးချယ်လေ့ကျင့်ပေးထားသည့် လက်ရွေးစင်လူတစ်စု တစ်ဖွဲ့ကို ဆိုလိုပါသည်။

**အနိုင်နိုင်ငံမှ ကွန်မန်ဒိုဖြစ်စဉ်များ**

ကမ္ဘာ့သမိုင်း မြန်မာ့သမိုင်းတွင် ကွန်မန်ဒိုတိုက်ပွဲများ ကွန်မန်ဒိုဖြစ်စဉ်များ အများအပြား ရှိခဲ့ဖူးပါသည်။ ဥပမာ- မြန်မာ့ရာဇဝင်၌ ...

မြန်မာသက္ကရာဇ် ၁၅၃၂ ခုနှစ်က တောင်ငူဘုရင် တပင်ရွှေထီးသည် လက်ရွေးစင် လူငါးရာဖြင့် တောင်ငူမှ ပဲခူးသို့ ချီတက်ပြီး ရွှေမော်ဓောဘုရားကြီး၌ လျှပ်တစ်ပြက် ခေါင်းဆေးမင်္ဂလာပြုလုပ်၍ မွန်ဘုရင် ဘာမှ မလှုပ်ရှားနိုင်မီ ပြန်လည်ချီတက်ခဲ့သည့်ဖြစ်စဉ်။

အလားတူပင် မြန်မာသက္ကရာဇ် ၁၁၅၆ ခုနှစ်၌ အလောင်းမင်းတရားကြီးသည် သံလျင်မြို့သိမ်းတိုက်ပွဲ၌ စေ်အိနေစဉ် လက်ရွေးစင် ကွန်မန်ဒိုစစ်သည် ၉၃ ဦးကို ဖွဲ့စည်းကာ သံလျင်မြို့တွင်းသို့ ထိုးဖောက်ဝင်ရောက်စေ၍



www.burmeseclassic.com

www.burmeseclassic.com



ရုတ်ခြည်း စီးနင်းတိုက်ခိုက်ကာ သံလျင်ကို အောင်မြင်ခဲ့သည့်ဖြစ်စဉ် စသည်များ

ကမ္ဘာ့သမိုင်း၌မူကား

ပထမကမ္ဘာစစ်က ဗြိတိသျှတို့ဘက်မှ T.E တီအီးလောရင့်စ်၏ အာရပ်ပြောက်ကျားနှင့် ကွန်မန်ဒိုများမှ ဂျာမန်တို့နှင့် တူရကီတို့အား တိုက်ခိုက်ခဲ့ပုံများ ...

ဒုတိယကမ္ဘာစစ်၌

ဂျာမန်ဘက်မှ ဗိုလ်မှူးကြီးစကော့ဇနီက မူဆိုလီနီအား ကယ်တင်ခဲ့ပုံများ။

မဟာမိတ်တို့ဘက်မှ ဒေးဗစ်စတာလင်၏အာဖရိကမြောက်ပိုင်းမှ ကွန်မန်ဒို စစ်ဆင်ရေးများ။

ဗြိတိသျှကွန်မန်ဒိုတို့ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်ကို လုပ်ကြံရန် ကြိုးပမ်းမှုများ စသည်တို့ပါပေ။

ယခုခေတ်သစ် စစ်သမိုင်းတွင်လည်း ကျော်ကြားသော ကွန်မန်ဒိုလှုပ်ရှားမှုများကို အများအပြား တွေ့ရပါသည်။ ဥပမာ –

အင်တက်ဘီလေဆိပ်ရှိ ဓားစာခံများ ကယ်တင်ရေး

ချက်ချင်းညှာ အကြမ်းဖက်သမားများအား နှိမ်နင်းရေး။





အယ်ဂျီးရီးယားရောက် ပြင်သစ် ဓားစာခံများကယ်တင်ရေး စသည်တို့ဖြစ်၏။

## ကွန်မန်ဒိုတပ်ဖွဲ့ကို ဘယ်မှာသုံးသနည်း

ကွန်မန်ဒိုတပ်ဖွဲ့များမှာ အထူးလေ့ကျင့်၍ အလွန်ကျစ်လျစ်သိပ်သည်းစွာ ဖွဲ့စည်းထားသောတပ်ဖွဲ့များ ဖြစ်သဖြင့် သမားရိုးကျတပ်များ မထမ်းဆောင်နိုင်သော ထမ်းဆောင်ရန်မသင့်သော အောက်ပါကိစ္စရပ်များ၌ တာဝန်ထမ်းဆောင်ရလေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(က) ဓားစာခံကယ်တင်ခြင်းများ။

(ခ) လက်နက်ကြီးနေရာများ ဥပမာ နာဗားရွန်မှ အမြောက်ကြီးများ လေယာဉ်ကွင်းများနှင့် ရန်သူ့ဌာနချုပ်များအား ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်း။

(ဂ) ရန်သူ၏ အဓိကပုဂ္ဂိုလ်အား ဖမ်းဆီးခြင်းနှင့် သုတ်သင်ခြင်းများ။

(ဃ) ရန်သူ၏ အချက်အချာ ကင်းတံတား အဆောက်အအုံ ရေဒါစခန်းများကို ဖောက်ခွဲဖျက်ဆီးခြင်းများ။

(င) ရန်သူ့နောက်ပိုင်းသို့ ဝင်ရောက်၍ ရန်သူတို့အယောင်ယောင် အမှားမှားဖြစ်အောင် နှောင့်ယှက်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်ခြင်းများ စသည်တို့မှာ အဓိကအသုံးချပါသည်။

ကွန်မန်ဒို အသုံးအနှုန်းမှာ အင်္ဂလိပ်အသုံးအနှုန်းဖြစ်၍ အမေရိကန်တို့ကမူ Ranger အထူးတပ်များဟု သုံးနှုန်းလေ့ရှိပါ၏။

ကွန်မန်ဒိုများကို Nimble Force အမြန်လှုပ်ရှားတိုက်ခိုက်ရသော တိုက်ဖွဲ့ဟူ၍လည်း ကမ္ဘာကျော် ဗြိတိသျှ ဝန်ကြီးချုပ် ချာချီက ခေါ်ခဲ့သည်။

ကွန်မန်ဒိုများသည် တကယ်တော့ Special Task Force အထူးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရသည့် အထူးတပ်ဖွဲ့ပင် ဖြစ်၏။

**အထူးတာဝန်တပ်ဖွဲ့များ**

ကွန်မန်ဒိုကို အထူးတာဝန်ထမ်းဆောင်ရန် အသွင်အမျိုးမျိုးဖြင့် မိမိတိုင်းပြည်အလိုက် နယ်မြေဒေသ ရည်မှန်းချက်အလိုက် ဖွဲ့စည်းပြီး အမည်အမျိုးမျိုးလည်း ပေးခဲ့ကြ၏။ အောက်ဖော်ပြပါ အထူးတာဝန်အမျိုးမျိုးလည်း သတ်မှတ်ပေးခဲ့၏။

(က) Special Air Service: လေကြောင်းမှ ဆင်း





သက်၍ အထူးတာဝန်များထမ်းဆောင်ရသည့် တပ်ဖွဲ့။

(ခ) Long Range Desert Group : သဲကန္တာရအတွင်း ခရီးဝေး ထိုးဖောက်တိုက်ခိုက်ရသည့် တပ်ဖွဲ့။

(ဂ) Chindits: ဝင်းဂိတ်၏ မြန်မာနိုင်ငံအတွင်း ခရီးဝေး ချီတက်တိုက်ခိုက်ခဲ့သည့် ခြသေ့ တပ်ဖွဲ့။

(ဃ) Special Forces: အထူးတိုက်ခိုက်ရေးတပ်ဖွဲ့။

(င) Commandos: ကွန်မန်ဒိုတိုက်ခိုက်ရေးတပ်ဖွဲ့။

(စ) Ningers: ဂျပန်တို့၏ နင်ဂျာအသေခံလုပ်ကြံရေးတပ်ဖွဲ့။

(ဆ) Rangers: အမေရိကန်တို့၏ ရိန်းဂျားအထူးတပ်ဖွဲ့။

(ဇ) Special Paratrooper: အထူးလေထီးဆင်းတပ်ဖွဲ့။

(ဈ) Under Water Demolition Team : ရေအောက်ဖောက်ခွဲရေးသမားများတပ်ဖွဲ့။

(ည) Frogmen: ရေငုပ်စစ်သည်တပ်ဖွဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကွန်မန်ဒို တပ်ဖွဲ့ဝင်တစ်ဦးတွင် ရှိရမည့်အရည်အချင်းများ

(က) ကိုယ်စိတ်ကြံ့ခိုင်၍ ခံနိုင်ရည်ရှိရမည်။

(ခ) ရဲဝံ့စွန့်စား၍ ဖွဲ့သတ္တိရှိရမည်။

(ဂ) ခေါင်းဆောင်နိုင်မှုစွမ်းရည် ရှိရမည်။

(ဃ) မိမိ၏ လုပ်ငန်းတာဝန်ကိုနားလည်ပြီး အားလုံးကို ကျွမ်းကျင်ရမည်။

(င) စည်းကမ်းကောင်းမွန်ရမည်။

(စ) လျင်မြန်ဖျတ်လတ်ရမည်။

(ဆ) အမိန့်နာခံတတ်မှု အထူးကောင်းမွန်ရမည်။

(ဇ) စစ်သားတစ်ယောက် တတ်သိနားလည်ရမည့် စစ်နည်းဗျူဟာများ၊ စစ်လက်နက်ပစ္စည်းများ အသုံးချခြင်း၊ ပစ်ခတ်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ အနက်ကောက်ခြင်း၊ အဓိပ္ပာယ်ဖော်ခြင်း စသည့် မသိမဖြစ် အတတ်ပညာများ သိထားတတ်ထားရမည်။





အောက်ပါဘာသာရပ်များကို ကျွမ်းကျင်ရမည်။ ကျွမ်းကျင်အောင်လေ့ကျင့်ဆည်းပူးနေရမည်။

(က) ကိုယ်လက်ကြံ့ခိုင်ရေး အမြဲလုပ်ရမည်။

(ခ) အနီးကပ်တိုက်နည်းများ ကျွမ်းကျင်ရမည်။

(ဂ) အခြေခံစစ်နည်းဗျူဟာများ ကျွမ်းကျင်ရမည်။

(ဃ) ဆက်သွယ်ရေးစက် အသုံးပြုပုံပြုနည်း တတ်ကျွမ်းရမည်။

(င) အခြေခံဆေးဖက်ဆိုင်ရာ ပညာရပ်များသိရမည်။

(စ) အောက်ဖော်ပြပါ စစ်မြေပြင် အင်ဂျင်နီယာဘာသာရပ်များ ကျွမ်းကျင်ရမည်။

- ဖောက်ခွဲဖျက်ဆီးခြင်း။
- ယာယီတံတားများ တည်ဆောက်ခြင်း။
- မြစ်ကူး ချောင်းကူးနည်းများ ကျွမ်းကျင်ခြင်း။
- မိုင်းနှင့်ထောင်ချောက်များ ပြုလုပ်တတ်ခြင်း။

(ဆ) မြေပုံကောင်းစွာဖတ်တတ်ရမည်။

(ဇ) ညအချိန် ကောင်းစွာချီတက်တတ်ရမည်။

(ဈ) ချုံခိုတိုက်ခိုက်တတ်ရမည်။ မိမိလက်နက်ကို ကောင်းစွာ အသုံးချတတ်ရမည်။

(ည) တောတွင်း၌ နေထိုင်စားသောက်တတ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



(ဌ) ခြေရာခံခြေရာကောက် ကျွမ်းကျင်ရမည်။

(ဍ) အထူးဘာသာရပ်များအနေဖြင့် အောက်ပါများ တတ်ကျွမ်းရန်လိုသည်။

- လက်ဖြောင့်ပစ်ခြင်း။
- ယာဉ်မျိုးစုံ စီးနင်းမောင်းနှင်တတ်ခြင်း။
- လေထီးခုန်တတ်ခြင်း။
- ကွန်ပျူတာနှင့် ရေဒါဘာသာရပ်များသိခြင်း

စသည်တို့ပါပေ။

ဤမျှဆိုလျှင်ပင် ကွန်မန်ဒိုအကြောင်း တစေ့တစောင်းတော့ သိမည်ဟု ယူဆပါသည်ခင်ဗျား။

## လက်တွေ့လေ့ကျင့်ရေး

ကွန်မန်ဒိုတပ်ဖွဲ့များ၏ လေ့ကျင့်ပုံ လေ့ကျင့်နည်း နမူနာအချို့ကို ဖော်ပြပါဦးမည်။

အင်္ဂလိပ်က ကွန်မန်ဒို၊ အမေရိကန်တို့က ရိန်းဂျားဟုခေါ်ကြသည်။ ကွန်မန်ဒိုတို့အတွက် လေ့ကျင့်ရေးသည် အထူးအရေးကြီးလှ၏။ လေ့ကျင့်ရေးနှင့်ပတ်သက်ပြီး ရိန်းဂျား သို့မဟုတ် ကွန်မန်ဒိုတို့ ဘယ်နည်းဘယ်ပုံ လေ့ကျင့်ကြသည်ကို အမေရိကန်တို့၏လေ့ကျင့်မှုအား အောက်တွင်





နမူနာဖော်ပြလိုက်ပါ သည်။

ရိန်းဂျားသင်တန်းတက်ရောက်သူများမှာ မိမိဆန္ဒအရ လျှောက်ထားသူများသာ ဖြစ်ရလေသည်။ သင်တန်းမှာ ကြမ်းတမ်းပြင်းထန်သဖြင့် သင်တန်းဝင်ခွင့် ဆန်းစစ်ရာတွင် ကြံ့ခိုင်ရေးနှင့်ရေကူးခြင်းကို အထူးကြပ်မတ် စစ်ဆေးလေသည်။ အောင်မြင်သူများအတွက် အဆင့် ၃ဆင့် ပိုင်းခြားထားသော သင်တန်းကို ရေမြေအနေအထား ကွဲပြားသည့် စခန်းအသီးသီးသို့ ပြောင်းရွှေ့လျက် ၉ ပတ်ကြာမျှ သင်ကြားရလေသည်။

ပထမအဆင့်မှာ အခြေခံစစ်ပညာရပ်နှင့် ကိုယ်ခန္ဓာကြံ့ခိုင်စေရန် လေ့ကျင့်ပေးခြင်းဖြစ်၏။ ပါဝင်သည့် ဘာသာရပ်များမှာ ကိုယ်လက်ကြံ့ခိုင်ရေး၊ လုံ့စွပ်ထိုး၊ လက်နက်မဲ့တိုက်ခိုက်နည်း (ကရာတေး)၊ မြေပုံဖတ်နည်း၊ ဖောက်ခွဲဖျက်ဆီးနည်း၊ အချက်ပြစက်အမျိုးမျိုး ကိုင်တွယ်နည်းနှင့် ကင်းထောက်ခြင်းအမျိုးမျိုးတို့ ဖြစ်ကြလေသည်။ ၎င်းတို့မှာ လက်တွေ့လုပ်ကိုင်ရသည့် လုပ်ငန်းသာများပြီး စာတွေ့နည်းပါးလှသည်။ ကိုယ်ရောစိတ်ပါ ကြံ့ခိုင်စေရန် အထူးမွမ်းမံပေးခြင်းသာဖြစ်ပေသည်။

ကျောင်းဌာနချုပ်နှင့် မိုင်ပေါင်း ၂၀၀ ခန့်ကွာဝေး



www.burmeseclassic.com

www.burmeseclassic.com



သည့် ဖလော်ရီဒါကျွန်းဆွယ်တွင် အိတ်ဂလင်းလေတပ်စခန်းရှိ၍ ထိုလေတပ်စခန်းအနီးမှ တောတွင်းစခန်းတစ်ခုသည်ကား ဒုတိယအဆင့် ရိန်းဂျားသင်တန်းတက်ခွင့်ရသူများအတွက် လေ့ကျင့်ရေးစခန်းပင် ဖြစ်ချေသည်။ သမပိုင်းဇုန်၏တောင်ဘက်ပိုင်း ပင်လယ်ကမ်းခြေတွင်တည်နေမှုကြောင့် ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေအနေအထားတို့မှာ အပူပိုင်းဇုံနှင့်မခြားလှပေ။ တောတိရစ္ဆာန်များမှာလည်း အဆိပ်ပြင်းသောသတ္တဝါတို့နှင့် ပြွမ်းလျက်နေပေတော့သည်။ လေ့ကျင့်ရေးနယ်မြေဟူ၍ အတိအကျ သတ်မှတ်မထား၊ နက်ရှိုင်းသော တောတောင်နှင့် ရေစီးသန်လှသည့်မြစ်ချောင်းများကို ဖြတ်သန်းလေ့ကျင့်စေသည်။ မြစ်ချောင်းဖြတ်ကူးခြင်း၊ တောတွင်း အသက်ရှင်နေထိုင်နည်း၊ ညအချိန်ချီတက်ခြင်း၊ ရေကြောင်းမှ သွားရောက် စီးနင်းတိုက်ခိုက်ခြင်း၊ တန်ပြန်ချုံခိုတိုက်ခိုက်ခြင်း၊ ခရီးရှည် ထိုးဖောက်လှုပ်ရှားခြင်း၊ ရှေးဦးသူနာပြုစသော ဘာသာရပ်များကို လက်တွေ့သင်ကြားလုပ်ဆောင်စေသည်။ သင်တန်းသားများကို ၂ ပတ်မျှ လုံးဝ အနားမပေး၊ အိပ်ချိန်မထား[illegible] လုပ်ဆောင်စေမှုကြောင့် စိတ်ဓာတ်ကောင်းမွန်ကြံ့ခိုင်သူများသာ ဆက်လက်လုပ်ဆောင်နိုင်ပေတော့သည်။ ခရီးရှည်





စီမံ့ဝင်ထိုးဖောက်စီးနင်းပြီး အပြန်ခရီးမှာ ဘေးဥပဒ်များသည်နှင့်အညီ နှစ်ယောက်တစ်တွဲ လူစုခွဲကာ ပြန်ရပေရာ ရန်သူ့နယ်မြေ၏ တောနက်ထဲဝယ် အခက်အခဲမျိုးစုံ ရင်ဆိုင်တွန်းလှန်ရင်း လွတ်မြောက်သည်အထိ ကြိုးပမ်းကြရလေသည်။ ရေကြောင်းမှ သွားရောက်စီးနင်းရာတွင် ရေငုပ်သဘော်၊ သို့မဟုတ် စစ်သည်တင်သဘော်များဖြင့် ညအမှောင်ထုကို အကာအကွယ်ယူကာ ပို့ဆောင်ရလေသည်။ ကမ်းခြေနှင့် မိုင်းအနည်းငယ်အကွာတွင် ယူဆောင်လာသော လှေငယ်များဖြင့် တိတ်တဆိတ် ကမ်းခြေသို့ ချဉ်းကပ်ကာ ကုန်းတွင်းရည်မှန်းချက် နေရာသို့ အချိန်မီအရောက် ချီတက်တိုက်ခိုက်စေလေသည်။ ကုန်း–ရေ အတွေ့အကြုံမျိုးစုံနှင့် ပြောင်မြောက်စွာ လုပ်ဆောင်နိုင်မှ အောင်ပွဲရသည့်အဖြစ်ကို လက်တွေ့ဆည်းပူးစေခြင်းဖြစ်သည်။

တတိယအဆင့် ပို့ချရာစခန်းမှာ ဌာနချုပ်ရှိရာအရပ်မှ မိုင် ၁၅၀ ကျော်ကွာဝေးသည့် တောတောင်ထူထပ်သော အရပ်ဒေသဖြစ်ပေသည်။ ကျောင်းသို့မရောက်မီကပင် ယာဉ်များပေါ်မှဆင်းစေပြီး အခြေအနေသစ်တစ်ရပ်နှင့်ကာ သဘာဝတောနှင့်တောင်၏ အရသာကို လက်တွေ့ခံစားတတ်စေရန် ချီတက်စေလေသည်။ ထိုစခန်းတွင်



www.burmeseclassic.com

www.burmeseclassic.com



တောင်ဆင်းတောင်တက် သင်ကြားလေ့ကျင့်ခြင်း၊ ချောက်ကမ်းပါးများကို ဆင်း/တက်ရခြင်း၊ ကြိုးတံတား အမျိုးမျိုး ဆောက်လုပ်ခြင်း၊ ညအချိန်ပစ်ခတ်ခြင်းများအပြင် တိုက်ကင်း၊ ထောက်ကင်းနှင့် တန်ပြန်ချုံခို တိုက်နည်းများကို အများဆုံးလုပ်ဆောင်စေလေသည်။ ခရီးရှည် ထိုးဖောက်စီးနင်းမှုကို ကြိမ်ဖန်များစွာပြုလုပ်ရသည့်ပြင် ရန်သူ့နယ်မြေတွင် လူစုခွဲကာ ရုပ်ဖျက်ရှောင်ရှားထွက်နည်း အမျိုးမျိုးကိုလည်း လေ့ကျင့်စေလေသည်။

လက်နက်ကြီးမပါ လူအင်အားမလိုဘဲ လူနည်းစုဖြင့် လက်နက်ငယ်ကိုသာ စွဲကိုင်သော ရိန်းဂျား၊ သို့မဟုတ် ကွန်မန်ဒိုများသည် သင်တန်းပြီးမြောက်သောအခါ၌ ဇွဲရှိမှု၊ ခံနိုင်ရည်ရှိမှု၊ မိမိကိုယ်မိမိ ယုံကြည်မှုစသော စိတ်ဓာတ်များ ကိန်းအောင်းကာ လုပ်ငန်းတွင် အောင်မြင်သည်အထိ လုပ်ဆောင်မည်ဟူသော ဆုံးဖြတ်ချက် အပြည့်အဝ ရရှိလာကြပေတော့သည်။

ဤသို့ လေ့ကျင့်မှုသာလျှင် ဒုပေဒါပေခံသည့်တိုက်တိုင်းအောင် ကွန်မန်ဒိုဘဝ ရောက်ကြရတော့၏။

❖





...ဒိုများသည် ဤသို့ အဆက်မပြတ် လေ့ကျင့်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



အနိုင်နိုင်ငံမှ ကွန်မန်ဒို စစ်သားများ

www.burmeseclassic.com

www.burmeseclassic.com



အနိုင်နိုင်ငံမှ ကွန်မန်ဒို စစ်သားများ

www.burmeseclassic.com

www.burmeseclassic.com

# သူရဲကောင်းဟူသည်

ကာယသတ္တိသည် မိုက်မဲခြင်းဖြစ်၍ ဉာဏ သတ္တိနှင့် တွဲဖက်မှသာ သူရဲကောင်း ဖြစ်နိုင်၏။

ဉာဏသတ္တိသက်သက်သည်လည်း လိမ်ညာရန်ဖြစ်၍ ကာယသတ္တိနှင့်တွဲဖက်မှ သာ သူရဲကောင်း ဖြစ်နိုင်၏။

စဥ့်ကိုင်ဆရာတော်(ရာဇဝင်ချုပ်)

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

## ကျွန်တော်သိသော မြန်မာ့တပ်မတော်မှ ကွန်မန်ဒိုတိုက်ပွဲများ

ကျွန်တော်သိသော ကြားဖူးသော ကွန်မန်ဒိုတိုက်ပွဲများမှာ အတော်များပါသည်။ အားလုံးကိုဖော်ပြရန် ကန့်သတ်ချက်များရှိပါသဖြင့် ဤစာအုပ်ငယ်၌ စာရှုသူများ စိတ်ဝင်စားလောက်သည့် ယနေ့ခေတ် မြန်မာ့တပ်မတော်မှ ကွန်မန်ဒိုတိုက်ပွဲ သုံးလေးပွဲခန့်အား ဖော်ပြသွားပါမည် ခင်ဗျာ။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ၉ကာဝ အလယ်ပိုင်းဗျူရိုခေါ် ဗဟိုခွဲစခန်းအား စီးနင်းတိုက်ခိုက်ခြင်း (၁၉၇၀ ခုနှစ်)

**နိဒါန်း**

ဗကပဥက္ကဋ္ဌ သခင်သန်းထွန်းသည် မြင်းခြံခရိုင် မသုံးလုံး နယ်မြေမှ တပ်ပျက်ကာ ရှမ်းပြည်နယ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည့် ဗကပတပ်မကြီး(၄)၏ တပ်ကြွင်းတပ်ကျန်များအား အခြေခံကာ ၁၉၅၀ ခုနှစ်တွင် နယ်စိမ်းချိတက်ရေးနှင့် အလယ်ပိုင်းဗဟိုဌာနခွဲ ဖွဲ့စည်းတည်ထောင်ရေးကိုလုပ်ခဲ့သည်။ ထိုအစီအမံကို အကောင်အထည်ဖော်ရန် ၁၉၇၀ ခုနှစ် မတ်လတွင် ရှမ်းပြည်နယ် အလယ်ပိုင်းနောင်လုံဒေသရှိ ကုန်းသာရွာတွင် ပဲခူးရိုးမမှ ဗဟိုကော်မတီဝင် သခင်တင်ထွန်း ဦးစီး၍ အလယ်ပိုင်းဗဟိုဌာနခွဲအား စတင်ဖွဲ့စည်းခဲ့သည်။ အလယ်ပိုင်းဗဟိုအဖွဲ့ခေါ် အလယ်ပိုင်း ဗျူရိုတာဝန်မှာ အင်တောကျောက်ဂူဒေသကို အခြေခံ၍ အရှေ့မြောက်ဒေသနှင့် ပဲခူးရိုးမဒေသကို ဆက်စပ်နိုင်စေရေး မိုးလုံးဟိန်း ငါးနှစ်စီမံကိန်းပင် ဖြစ်လေသည်။

၁၉၅၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်နေ့က ဖွဲ့စည်းခဲ့သော ဗကပတို့၏ပြည်သူ့တပ်မတော်တွင် သခင်





တင်ထွန်းသည် ဒုဗိုလ်ချုပ်ကြီးအဆင့်ရှိသူဖြစ်၏။

**သခင်တင်ထွန်းနှင့် အလယ်ပိုင်းဗျူရို**

၁၉၆၆–၆၇ ခုနှစ်တွင် သခင်တင်ထွန်းသည် သခင်သန်းထွန်း၏ မိုးလုံးဟိန်းစီမံကိန်းကို အကောင်အထည်ဖော်ရန် ပဲခူးရိုးမမှ ရှမ်းပြည်နယ်သို့ တက်လာခဲ့သည်။

ပထမဦးစွာ အင်းလေးဒေသတွင် လှုပ်ရှားအခြေခံနေသည့် အင်းဦးစီးအဖွဲ့တွင် နေထိုင်၍ စီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့သည်။ အင်းဦးစီးအဖွဲ့အား ကြိုးကြာ(၁) ဟူ၍လည်းကောင်း၊ အလယ်ပိုင်းခရိုင်တပ်ဖွဲ့အား ကြိုးကြာ(၂) ဟူ၍လည်းကောင်း ပြန်လည်ဖွဲ့စည်းခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် အလင်းဝင်ခဲ့သည့် ပအမဖ ပအို့နီအဖွဲ့သည် ရလလဖအမည်ဖြင့် နိုင်ငံတော်အား ဒုတိယအကြိမ်လက်နက်ကိုင် ပုန်ကန်ခဲ့သည်။ ၎င်း ရလလဖ အဖွဲ့သည် ၁၉၆၈ ခုနှစ်တွင် စကားနဲ့ ရွာတွင် တပ်ချထားသည့် ကြိုးကြာ(၁)တပ်ဖွဲ့အား အင်အား (၂၀၀)ဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ ၎င်းတိုက်ပွဲတွင် ကြိုးကြာ (၁)တပ်ဖွဲ့မှ လက်နက်(၁၇)လက် ဆုံးရှုံးခဲ့ပြီး၊ လူ(၃၀)ခန့် အဖမ်းခံခဲ့ရသည်။ ထို့ကြောင့် သခင်တင်ထွန်းနှင့် ကြိုးကြာ(၁)အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



သည် အင်းဒေသ၌ အခြေမခံနိုင်တော့ဘဲ ရှမ်းပြည်နယ် မြောက်ပိုင်းရှိ အလယ်ပိုင်းခရိုင်သို့ သွားရောက်ပူးပေါင်းခဲ့ကြရသည်။ ယင်းကာလမှစ၍ သခင် တင်ထွန်းသည် ကြိုးကြာ(၁)နှင့် ကြိုးကြာ(၂)အဖွဲ့များကို ပူးပေါင်းလျက် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အခြေခံလှုပ်ရှားခဲ့သည်။ ၁၉၆၈ ခုနှစ် နိုဝင်ဘာလတွင် သခင်တင်ထွန်းသည် ခင်ညို ကို ဦးစီးစေလျက် အင်အား ၂၀ အား တရုတ်ပြည်ရှိ သခင်ဗသိန်းတင်ထံ စေလွှတ်ခဲ့သည်။

ခင်ညိုဦးစီးအဖွဲ့သည် ဒုဋ္ဌာဝတီမြစ်အနောက်ဘက် ပင်လုံဒေသမှ ဒုဋ္ဌာဝတီအရှေ့ဘက် နောင်ချို ၎င်းမှ ကျောက်မဲ သီပေါ ကားလမ်းဖြတ်၍ မိုးကုတ်,မိုးမိတ်ဒေသသို့လည်းကောင်း၊ မိုးကုတ်, မိုးမိတ်ဒေသမှတစ်ဆင့် နမ့်ခမ်း, မူဆယ် မန်ဟီးရိုးသို့ဆက်သွားခဲ့ကြပြီး တရုတ်နယ်စပ်သို့ ဝင်ရောက်ခဲ့ကြသည်။ တရုတ်ပြည်ရှိ အဝေးရောက် ဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် ယူနန်ပြည်နယ် မန်စီမြို့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် အမှတ်(၁၀၆)တပ်ဖွဲ့တွင် နေထိုင်လျက် ပါတီတည်ဆောက်ရေး တပ်တည်ဆောက်ရေး ဘာသာရပ်နှင့် အခြေခံစစ်ပညာကို တရုတ်အဆင့်မြင့် ကေဒါများမှ သင်တန်းပို့ချပေးခဲ့သည်။





ခင်ညို ဦးစီးအဖွဲ့ သည် ၁၉၆၉ ခုနှစ် ဒီဇင်ဘာလတွင် တရုတ်ပြည်မှ တပ်ဆင်ပေးလိုက်သည့် လက်နက်မျိုးစုံ ကိုင်ဆောင်၍ သခင် တင်ထွန်းရှိရာ ရှမ်းပြည်နယ်အလယ်ပိုင်းသို့ ပြန်ဆင်းခဲ့သည်။ ၎င်းအဖွဲ့တွင် ဗသိန်းတင်မှ သခင် တင်ထွန်းထံ စေလွှတ်ခဲ့သည့် ဝင်းဆွေ ဦးစီးသည့်အဖွဲ့ သည်လည်း အတူလိုက်ပါခဲ့၏။

သခင်ဗသိန်းတင် စေလွှတ်ခဲ့သည့် အဖွဲ့သည် သခင်တင်ထွန်းအား တရုတ်ပြည်ရှိ သခင်ဗသိန်းတင်ထံ ခေါ်လာရေးဖြစ်သည်။ ပဲခူးရိုးမ ဗဟိုတွင် သခင်သန်းထွန်း ကျဆုံးခဲ့ခြင်းနှင့် ၆၄ လမ်းစဉ် ချမှတ်ကျင့်သုံးခဲ့မှု အောက်တွင် ပါတီတွင်း အခြေအနေများ တစ်စစ ရှုပ်ထွေးစေခဲ့ပြီး မြှော်ထုတ်သတ်ခြင်းနှင့် ပါတီ တစ်စစ ချုပ်ငြိမ်းပြိုကွဲတော့မည့် အလားအလာရှိလာသဖြင့် သခင်တင်ထွန်းအား တရုတ်ပြည်သို့ လာရောက်စေပြီး ခေါင်းဆောင်မှုအသစ်ဖွဲ့စည်းရန် တစ်နည်းအားဖြင့် သခင်ဗသိန်းတင် အမှူးပြုသည့် ဂိုဏ်းသစ်ထူထောင်ရေးကို ရည်ရွယ်၍ခေါ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သခင်ဗသိန်းတင် စေလွှတ်ခဲ့သည့် အဖွဲ့သည် ခင်ညိုဦးစီးအဖွဲ့နှင့်အတူ လိုက်ပါခဲ့သည်။

၁၉၇၀ ခုနှစ် မတ်လတွင် နောင်လုံဒေသ ကုန်း



www.burmeseclassic.com

www.burmeseclassic.com



သာရှာတွင် သခင်တင်ထွန်း ဦးစီး၍ တရုတ်ပြည်မှ ပြန်လာသည့် ခင်ညို့အဖွဲ့အပါအဝင် အလယ်ပိုင်း တပ်ဖွဲ့များဖြင့် အလယ်ပိုင်းဗဟိုဌာနခွဲကို စတင်ဖွဲ့စည်းခဲ့သည်။ အလယ်ပိုင်း ဗဟိုဌာနခွဲတွင် နိုင်ငံရေးမှူးအဖြစ် သခင်တင်ထွန်း၊ တပ်မှူးအဖြစ် ဗိုလ်စိုးမောင်၊ ဌာနခွဲကော်မတီဝင်များအဖြစ် ဦးရန်ဝေ၊ သောင်းတင်၊ လှထွေး၊ ခင်ညို၊ သိန်းဖေ၊ ဗိုလ်မှူး လှမောင်တို့ဖြင့် ဖွဲ့စည်းခဲ့သည်။ ၁၉၇၀ ခုနှစ်တွင် တပ်မတော်မှ ထိုးစစ်များ ပြင်းထန်စွာလုပ်လာသဖြင့် ခရိုင်တပ်အား ခရိုင်ရုံးအဖွဲ့လှုပ်ရှားရာ နောင်လုံနောင်ပိုး ကျောက်ဂူ မိုင်းယွန်းတစ်ဝိုက်တွင် လှုပ်ရှားစေပြီး ဌာနခွဲတပ်အား ပင်းတယနယ်မြေတွင် လှုပ်ရှားစေခဲ့သည်။ အလယ်ပိုင်း ဗဟိုဌာနခွဲရုံးသည် တပ်မတော်ထိုးစစ်အစတွင် ဌာနခွဲတပ်မှ တပ်နိုင်ငံရေးမှူး ဗိုလ်မှူးလှမောင် တိုက်ပွဲတွင် ကျဆုံးခဲ့ပြီးနောက် တပ်မှူးခင်ညိုသာ တပ်ကိုဦးစီး၍ ပင်းတယဒေသတွင် အခြေခံလှုပ်ရှား နေထိုင်ခဲ့သည်။ တပ်မတော်ထိုးစစ် တစ်စ ထက်တစ်စ ပိုမိုပြင်းထန်လာသဖြင့် သခင်တင်ထွန်း၏ ရုံးအဖွဲ့သည် ကျောက်ဂူတစ်ဝိုက်တွင် အခြေမခံနိုင်တော့ဘဲ ရပ်စောက် အင်တောဒေသသို့ ပြောင်းရွှေ့ခဲ့ရသည်။ ၎င်းအပြင် ဌာနခွဲတပ်အား ဗဟိုခွဲ





လုံခြုံရေးအတွက် ပင်းတယမှ ပြန်ခေါ်ခဲ့ကြရသည်။ ၁၉၇၀ ခုနှစ်တွင် ရပ်စောက်နယ်မြေ ချောင်းဆုံရွာ၌ သခင်တင်ထွန်း ဦးစီးသည့် အလယ်ပိုင်း ဗဟိုဌာနခွဲအား တပ်မတော်မှ ဝိုင်းဝန်းပိတ်ဆို့မိပြီး တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ၎င်းတိုက်ပွဲတွင် သခင်တင်ထွန်း ကျဆုံးခဲ့၍ အလယ်ပိုင်းဗဟိုဌာနခွဲသည် တကွဲတပြား ထွက်ပြေးခဲ့ကြရပြီး ဗကပ ဗဟိုခွဲခေါ် အလယ်ပိုင်းဗျူရိုတစ်ခုလုံး ပြုတ်ပြုတ်ပြုန်းလေတော့သည်။

အလယ်ပိုင်းဗျူရိုခေါ် ဗကပဗဟိုခွဲအား ဝင်ရောက်ချေမှုန်းတိုက်ခိုက်ခဲ့သည့် တပ်မှာ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်မှူးချုပ်သန်းတင် ကိုယ်တိုင် အနီးကပ် ကြီးကြပ်ခဲ့သည့် အရှေ့ပိုင်းတိုင်း ကွန်မန်ဒိုတပ်ဖွဲ့ပင် ဖြစ်ပါသည် ခင်ဗျား။

တိုက်ပွဲဖြစ်စဉ်ကို ဆက်လက်ဖော်ပြသွားပါမည်။

## သတင်းစုံစမ်း ဖော်ထုတ်ခြင်း

No information, no operation ဟူသော ဆိုစကားရှိ၏။ ရန်သူသတင်းရမှ စစ်ဆင်ရေးလုပ်၍ရသည်။

တိုင်းမှူး ဗိုလ်မှူးချုပ်သန်းတင်သည် လာရှိုးအနီး နမ့်ကျူးတိုက်ပွဲကြီး၌ ရန်သူ့ထံမှ ရရှိလိုက်သည့် စာရွက်

www.burmeseclassic.com



စာတမ်းများအရ ဗကပတို့၏ မိုးလုံးဟိန်းစီမံကိန်းကို သိရှိလိုက်ရ၏။ တောင်ကြီးခရိုင် အင်တော ကျောက်ဂူ ဒေသ၌ သခင်တင်ထွန်း ဦးစီးသည့် ဗဟိုခွဲသည် ဗကပဗဟို ပဲခူးရိုးမနှင့် အဝေးရောက် ဗသိန်းတင်တို့ကြားမှ ကွင်းဆက်သဖွယ် တာဝန်ယူပြီး ပြည်တွင်းဗဟိုနှင့် အဝေးရောက် ဗကပ ဗဟိုကို ဆက်သွယ်ပေးရန်ဖြစ်၏။ ဗဟိုနှစ်ခုဆက်မိသွားက အန္တရာယ်ကြီးမားသည်။ ထို့ကြောင့် တိုင်းမှူးသည် သခင်တင်ထွန်း၏ ဗဟိုခွဲခေါ် အလယ်ပိုင်းဗျူရိုကို ချေမှုန်းရေးအား ဖောက်ချဆောင်ရွက်တော့၏။

ပထမ ဗဟိုခွဲသတင်းရရေး အရေးကြီးသည်။ လောလောဆယ်တွင်မူ ဗဟိုခွဲသည် အင်တောကျောက်ဂူဒေသတွင် ဝင်ရောက်အခြေစိုက်နေကြောင်း သတင်းရထား၏။ ဤသတင်းကို သေချာအောင် အတည်ပြုရမည်။

ထိုကိစ္စအတွက် တိုင်းမှူးက တိုင်းထောက်လှမ်းရေးတပ်မှ တပ်မှူး ဗိုလ်မှူးသံဒိုင်၊ ဗိုလ်ကြီးခင်မောင်ဆွေနှင့် ဗိုလ်ကြီးစန်းမြင့်တို့အား တာဝန်ပေးသည်။ ခလရ(-)တပ်ရင်းမှူး ဗိုလ်မှူးမောင်မောင်ခင်ကိုလည်း ရပ်စောက်ဗထူးဘက်မှ ဗကပဗဟိုခွဲ သတင်းရရှိရေး သီးခြားတာဝန်ပေးထားသည်။ ဗကပအမာခံများကို ဖော်ထုတ်စေသည်။





အချိန်က ၁၉၇၀ ခုနှစ် မိုးနှောင်းကာလ စက်တင်ဘာလ။

"တိုင်းမှူးကြီးခင်ဗျား ဗကပဗဟိုခွဲ သတင်းရပါပြီခင်ဗျ"

အမာခံများထံမှ မြေပြင်သတင်းဖော်ထုတ်ရရှိသဖြင့် တပ်မှူးများက တိုင်းမှူးအား တင်ပြလာကြသည်။

တိုင်းမှူးက သတင်းရလျှင်ရချင်း တပ်မှူးကြီးများကို ချက်ချင်းခေါ်၍ စစ်ဆင်ရေးအစည်းအဝေးကို ချက်ချင်းဆောင်ရွက်သည်။ စီမံချက်ကိုပါ ချက်ချင်းရေးဆွဲသည်။

"ကဲ ...တိုင်းအရံ ကွန်မန်ဒိုစစ်ကြောင်းနဲ့ တိုင်းမှူးကိုယ်တိုင် လိုက်မယ်။ ခြေလျင်တပ်ရင်း ၂ရင်းက တပ်ရင်းမှူးတွေဦးစီးတဲ့ တပ်ခွဲ ၂ ခွဲပါ စစ်ကြောင်းကြီးတွေ ကျောက်ဂူ၊ အင်တော၊ ရွှေဦးနဲ့ ရပ်စောက်တို့မှာ တပ်ခွဲတစ်ခွဲစီ ဖြန့်ခွဲပြီး အသင့်နေထားပါ။ စက်တွေပါ ဖွင့်ထား။ ဒီက ညွှန်ကြားချက်ပေးမယ်"

တိုင်းမှူးက ချက်ချင်း စီစဉ်မှာကြားသည်။

စီမံချက်မှာ အလွန်ရှင်းလင်းလွယ်ကူပါသည်။

ရည်မှန်းချက်နေရာကို ဝိုင်းပတ် ပိတ်ဆို့ထားမည်။

ငင်းနောက် ကွန်မန်ဒိုစစ်ကြောင်းဖြင့် ရည်မှန်း



www.burmeseclassic.com

www.burmeseclassic.com



ချက်ကို တည့်တည့်ဝင်ရှင်းမည်။

ဒါပဲဖြစ်၏။

အားလုံး အသင့်ဖြစ်သည်နှင့် တိုင်းမှူးသည် ရပခ တောင်ကြီးမှ မနက် ၁၀း၀၀ ချိန် ယာဉ်တန်းဖြင့်ထွက်သည်။ ညနေ ၁၅း၀၀ နာရီတွင် ရပ်စောက် ဗထူးမြောက်ဘက် အင်တောသို့ရောက်ရှိသည်။ အင်တောကား အတော်ခေါင်သော ရွာကလေးဖြစ်၏။ ဗကပများ နှစ်ပေါင်းများစွာ ကျက်စားခဲ့သည့် ဒေသဖြစ်ခြင်းကြောင့် ဗကပများနှင့် မကင်းရာ မကင်းကြောင်းများ များသည်။

အင်တော တပ်စခန်းတွင် ဒေသခံ ရွာသား ၃၀ခန့် ရောက်ရှိနေကြ၏။ ဗဟိုခွဲနေရာ အတိအကျသိရေး သူတို့ကို မေးရသည်။ တိုင်းမှူးကိုယ်တိုင် သတင်းမေးသည်။ သူတို့ အထဲမှ မောင်ပု အမည်ရှိ ကိုယ်ရေပြားရောဂါသည်မှာ သခင်တင်ထွန်း၏ အဝယ်တော်ဖြစ်ခဲ့ဖူးပြီး မကြာခဏ ဆေးလိပ်များဝယ်၍ ပို့ပေးခဲ့ရသည် ဆို၏။

"ခင်ဗျား . . . သခင်တင်ထွန်းကို တွေ့ဖူးသလား"

"လွန်ခဲ့တဲ့ တစ်လနှစ်လလောက်ကပဲ တွေ့ဖူးပါတယ်။ မတွေ့တာကြာပါပြီ။ အခုဆို အရင် ကျွန်တော် တွေ့တဲ့ နေရာကနေ တခြားကိုပြောင်းသွားရောပေ့။ ကြာပြီ





ပဲ"

"ခင်ဗျားသိတဲ့ နေရာလိုက်ပြပါ။ ခင်ဗျားရဲ့ ရောဂါ ပျောက်ကင်းအောင် ကုသပေးရေးနဲ့ ခင်ဗျားရဲ့ စားဝတ်နေရေး တာဝန်ယူတယ်ဗျာ"

"ကျွန်တော် မရောက်တာကြာပါပြီ။ အခု လောလောဆယ် ပစ္စည်းဝယ်ပို့ပေးရတာက ဦးဆောင်းပါ။ သူ့ မေးရင် ရမှာပါ"

"ဟော့ . . . ဦးဆောင်း သွားခေါ်ကွာ'

ည ခုနစ်နာရီခန့်တွင် ရွာသား ဦးဆောင်း ရောက်လာသည်။ အတော် အသက်ကြီးနေပြီဖြစ်၏။

"ဦးဆောင်း ထိုင်ဗျာ။ ထမင်းစားပြီးပြီလား"

"မစားရသေးပါဘူး"

"ဒါဆို လက်ဖက်ရည်သောက်ပါဦး"

"လက်ဖက်ရည်မသောက်တတ်ပါဘူး"

"အိမ်ထောင်ရှိပါသလား"

"မိန်းမ မရှိတော့ပါဘူး။ သမီးနှစ်ယောက် ရှိပါတယ်။ အကြီးမက အိမ်ထောင်ကျသွားပြီ။ အငယ်မက ကျုပ်နဲ့နေပါတယ်"

"သမီးငယ်က အသက်ဘယ်လောက် ရှိပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



“၁၅နှစ်ပါ”

ဦးဆောင်းသည် အတူနေ သမီးငယ်ကို အလွန်သံယောဇဉ်ရှိပုံရ၏။ ဖင်တကြွကြွ ဖြစ်နေသည်။

“ခင်ဗျား သခင်တင်ထွန်း စခန်း ရောက်ဖူးတယ်ဆို”

“မရောက်ဖူးပါဘူး”

“ပြီးခဲ့တဲ့အပတ်ကပဲ ခင်ဗျား သခင်တင်ထွန်းစခန်းသွားပြီး ပစ္စည်းပို့တဲ့အကြောင်း ရွာကပြောကြတယ်”

“မဟုတ်ပါဘူး။ သူတို့ထင်တာတွေ ပြောနေကြတာပါ။ ကျုပ်တစ်ခါမှ မရောက်ဖူးပါဘူး။ သိလည်း မသိပါဘူး”

ဦးဆောင်းသည် အားလုံးကို ဘူးကွယ်နေ၏။

“ဒီမယ် ဦးဆောင်း . . . ခင်ဗျား ဘူးကွယ်မနေနဲ့။ ဘူးကွယ်နေရင် လွတ်လမ်းမမြင်ဘူး။ မလွတ်ရင် ခင်ဗျား သမီးငယ်လေး တစ်ယောက်တည်း ဒုက္ခရောက်သွားမယ်”

ဦးဆောင်း မျက်နှာပျက်သွားသည်။

“ခင်ဗျားလိုက်ပြရင်တော့ သုံးလေးရက်နဲ့ အိမ်ပြန်ရောက်မယ်။ ပြီးတော့ ခင်ဗျားတို့သားအဖအတွက် စားဝတ်နေရေးကို တာဝန်ယူမယ်။ စောင့်ရှောက်မယ် ဘယ်နှယ့်





ထဲ”

ည ၁၀ နာရီထိ ဦးဆောင်းက ဘူးခံနေဆဲဖြစ်၏။

“ကဲ . . . လိုက်မပြနိုင်ဘူး မသိဘူးဆိုရင်တော့ နက်ဖြန် တောင်ကြီးအချုပ်ကို ပို့လိုက်ကြတော့”

တိုင်းမှူးက ထိုသို့ ပြောကြားပြီး စကားကို အဆုံးသတ်လိုက်၏။ ထိုအခါကျမှ ဦးဆောင်းက . . .

“ကျုပ်သိတဲ့ စခန်းကိုလိုက်ပြပါ့မယ်။ ဒါပေမဲ့ သူတို့က စခန်း ခဏခဏ ပြောင်းတယ်”

ဟု ပြောလေတော့သည်။

“စခန်းရွှေ့တာ ပြောင်းသွားတာ ခင်ဗျားတာဝန်မဟုတ်ဘူး။ ခင်ဗျား နောက်ဆုံးရောက်ခဲ့တဲ့ နေရာသာလိုက်ပြ။ အဲဒါပြရင် ခင်ဗျား တာဝန်ကျေပြီ”

တိုင်းမှူးသည် ချက်ချင်း စစ်သုံးမြေပုံပေါ်တွင် တိုခွဲစခန်းကို တင်စေ၏။ မြေပုံအရ အင်တော၏ အနောက်မြောက်ဘက် (၁၅)မိုင်ခန့်အကွာ ဇော်ဂျီမြစ်ရှေ့ဘက်ကမ်းတွင်ဖြစ်၏။

ရန်သူ့နေရာ Pin Point တော့ရပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရန်သူ့စခန်းအား ရှာဖွေချေမှုန်းရန်စီစဉ်ခြင်း

တိုင်းမှူး ဗိုလ်မှူးချုပ်သန်းတင်သည် သတင်းရလျှင်ရချင်း ချေမှုန်းရေးအစီအမံကို ချက်ချင်းစတင်၏။ စီမံချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) သတင်းအရ ဗကပ ဗဟိုခွဲစခန်းသည် ဇော်ဂျီမြစ် အရှေ့ဘက် ချောင်းလက်တက်များတစ်ဝိုက်တွင် ရှိနိုင်သည်။ ထို့ကြောင့် အင်တောကျောက်ဂူဒေသအား ဝိုင်းပတ်ထားသည့် တပ်ခွဲများအားလုံး Stand by အသင့်နေထားရန်။

(ခ) ဆယ်သွယ်ရေးစက်အားလုံး ဖွင့်ထားရန်။ အမိန့်မရဘဲ ဆက်သွယ်မှု လုံးဝမပြုရန်။

(ဂ) တိုင်းမှူးဦးစီး ခလရ(၁)တပ်ရင်းမှူးနှင့် ထောက်လှမ်းရေးအရာရှိများလိုက်ပါသည့် ရပခ ကွန်မန်ဒိုစစ်ကြောင်းသည် ယနေ့ ည နာရီပြန်၂ ချက်တွင် အင်တောရွာမှ ရည်မှန်းချက်သို့ စတင်ချီတက်မည်။

(ဃ) ကကြည်းသို့ တိုင်းမှူး လှုပ်ရှားမှုကို ကြေးနန်း၊ ဖုန်း စသည်တို့ဖြင့် မပို့ဘဲ





ဇတပဗဟိုခွဲ စခန်းအား ကွန်မန်ဒိုတပ်ဖွဲ့နှင့်ကိုယ်တိုင်ကြီးကြပ်တိုက်နိုက်ခဲ့သည့်ရပခ တိုင်းမှူးဗိုလ်မှူးကြီးသန်းတင် (ယခု ဗိုလ်မှူးချုပ် သန်းတင် အငြိမ်းစား)

www.burmeseclassic.com

www.burmeseclassic.com



ဆက်သားဖြင့်သာ စာရေးအစီရင်ခံရန်။

(c) စစ်ဆင်ရေးအမည်ကား "မိုးလုံးဟိန်း"။

စီမံချက်ပါအတိုင်း မနက် ၃ နာရီတွင် အင်တော့မှ ကွန်မန်ဒိုစစ်ကြောင်း စထွက်သည်။ အင်တောသို့ ပါလာသည့် စစ်ကားများကို ညတွင်းချင်း ဗထူးတိုက်ခိုက်ရေး ကျောင်းသို့ ပြန်လည်အခြေပြုစေပြီး နောက်နေ့တွင် ရပခ တောင်ကြီးသို့ ပြန်နိုင်းလိုက်သည်။ တိုင်းမှူး၏ ညွှန်ကြား ချက်များကို ရပခသို့ စာဖြင့်ရေးပေးလိုက်သည်။

## စိုးတက်ကြပြီ

အင်တောကထွက်တော့ လရောင်လေးရှိသေး သည်။ ရွာမြောက်ဘက်မှထွက်ပြီး အနောက်ဘက်ရှိ အင် တောကျောက်ဂူတောင်တန်းကို တက်ကြရ၏။ အင်တော ကား အင်ပင်များ ပေါသည်။ ကျောက်တွေလည်း ပေါသည်။ ထို့ကြောင့် အင်တောကျောက်ဂူဟု ခေါ်ကြသည်ထင်၏။

ကျောက်တုံးကျောက်ခဲများမှာ အလုံးကလေးများ ဖြစ်၍ မကြာခဏ အလုံးလေးတွေကိုနင်းမိပြီး ချော်လဲကြ သည်။ လမ်းတွင် တပ်ရင်းမှူး ဗိုလ်မှူး မောင်မောင်ခင် ကျောက်တုံးနင်းမိပြီး ပေ၅၀လောက် တလိမ့်ခေါက်ကွေး



www.burmeseclassic.com

www.burmeseclassic.com



ကျသွားသည်။ ဒဏ်ရာရသည်များကို ကုသပြီး ဆက်ထွက်ရ၏။ ချီတက်မှုကား နှေးကွေးသွားတော့၏။ မိုးလင်းပြီ။ နေက တဖြည်းဖြည်းမြင့်လာ၏။ ဆက်ပြီး တစ်နေကုန် ချီတက်ရာ ညနေ အတော်နေစောင်းသွားချိန်၌ စစ်ကြောင်း ရပ်သွား၏။

"ဘာဖြစ်တာလဲ"

"ဦးဆောင်းက မျက်စိလည်ပြီး လမ်းပျောက်နေပြီတဲ့ ခင်ဗျ"

ပွိုင့်က ပြောသည်။

ဦးဆောင်းသည် ဤဒေသသား။ တစ်သက်လုံး ဤတောဤတောင်တွင် ချိတ်ခွာပြီး အသက်မွေးခဲ့သူ။ ယခု အသက် ငါးဆယ်ကျော်ပြီ။ မျက်စိလည်ပြီး လမ်းပျောက်တာ မဖြစ်နိုင်။ ဗကပစခန်းနှင့်နီးလာ၍ ဝေ့လည် ကြောင်ပတ် လုပ်နေခြင်းသာဖြစ်မည်။

"ဦးဆောင်း ... ခင်ဗျား မှန်မှန်ပြော။ ဝေ့လည် ကြောင်ပတ်မလုပ်နဲ့။ သခင်တင်ထွန်း စခန်းနီးပြီလား။ ဝေးသေးသလား အဲဒါ သိချင်တယ်။ ဒါလောက်ဆိုရင် ရပြီ"

"ကျုပ် မျက်စိလည်နေပြီဗျာ။ ဘာမှ မမှတ်မိ တော့ဘူး"

မြရတနာစာပေ



ဦးဆောင်းက လမ်းပျောက်နေကြောင်းကိုပဲ တွင်တွင် ပြောနေသည်။ ဘယ်လိုမှ မေး၍ မရတော့။ မှောင်ကလည်း မှောင်လာပြီ။ လမ်းကလည်းမရှိ။ တောတိုးပြီး သွားနေကြရသည်။ အားလုံး မြေပုံကိုကြည့်ပြီး ဖြစ်နိုင်ချေကိုမှန်းပြီး ခရီးဆက်ခဲ့ကြ၏။ ဘာပဲဖြစ်ဖြစ် ခပ်ပြင်းပြင်း လျှောက်ခဲ့ကြ၍ ရန်သူ့စခန်းနှင့်တော့ သိပ်မဝေးတော့ဟု ယူဆကြရ၏။ ဦးဆောင်းချည်းပဲ အားမကိုးဘဲ မြေပုံကြည့်ကာ ဖြစ်နိုင်ချေကိုတွက်၍ ချီတက်ခဲ့ခြင်းကြောင့် သိပ်တော့ များများစားစား မှားနိုင်ချေမရှိပါ။

လုံးဝ မှောင်သွားသည့်အခါ တိုင်းမှူးကြီးကပင်

"ဒီတောင်ကျောပေါ်မှာပဲ ဒီည အခြေပြုမယ်။ စကားမပြောနဲ့။ မီးမထွန်းနဲ့။ သစ်ဝါးမခုတ်နဲ့"

ဟု ညွှန်ကြားသည်။ တိုင်းမှူးအတွက် တဲထိုးပေးမည့် အစီအစဉ်ကိုပင် လက်မခံပါ။ ပါလာတဲ့ Ground sheet မြေခင်း ခင်းပြီး အိပ်မည်ဟုဆိုသည်။ ပလတ်စတစ်လေး မိုးပေးလိုက်ရသည်။

"ဦးဆောင်း လမ်းပျောက်တာလည်း တကယ်ဖြစ်နိုင်တာပဲ။ ဒါမှမဟုတ် စခန်းနီးလာလို့ မပြချင်လို့ ဝေ့သည်ကြောင်ပတ်လုပ်နေတာလည်း ဖြစ်နိုင်တယ်။ အရေး

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြီးတာက ဒီည သူထွက်ပြေးမသွားဖို့ဘဲ။ သူ့ကို ဒီည ကောင်းကောင်းထိန်းထား။ လုံးဝ မလွတ်စေနဲ့။ မင်းတို့ ကင်းလည်း အစ်သေအချာ ချကြ''

ဟု တိုင်းမှူးက လမ်းညွှန် မှာကြားလေတော့သည်။ အားလုံးဖြစ်သလို အိပ်ကြရ၏။

နောက်နေ့မိုးလင်းတော့ ခရီးဆက်ကြသည်

နာရီဝက်ခန့်သာ သွားရ၏။ ပို့ပွင့်မှ လိုက်ပါနေသည့် ကွန်မန်ဒိုတပ်မှူးက မျှစ်ကျိုးကလေးတစ်ခုကို ပြကာ သတင်းပို့၏။

''တိုင်းမှူး ဒီမျှစ်ကျိုးကလေးကို ကြည့်ပါခင်ဗျ။ ပိပိရိရိ ဓားနဲ့ဖြတ်ထားပုံရတယ်။ ဒီနားမှာ လူရှိမယ် ထင်တယ် ခင်ဗျ''

မျှစ်ကလေးမှာ ကျိုးနေသည့်ဘက်တွင် သံချေးရောင် တွေရ၏။ တိုင်းမှူးက ပါလာသည့်မှန်ဘီလူးဖြင့် အသေအချာကြည့်သည်။ ကျိုးသည့်ဘက်တွင် ဓါးမှသံချေးများ တွေရ၏။

''ဟုတ်တယ်။ ဒီမျှစ်ကလေးက အကောင်ပလောင် တိုးလို့ ကျိုးတာမဟုတ်ဘူး။ လူကဓားနဲ့ ဖြတ်ပြီး ယူထားတာကွ။ ကျန်ခဲ့တဲ့အပိုင်းမှာ သံချေးတက်နေတဲ့ ဓါးရာ





တွေ့တယ်''

တိုင်းမှူး၏ ကောက်ချက်ချသံကို အနီးရှိ ဦးဆောင်းက ကြားသွားရာ

''ဒီနားက ရွာသားတွေ ချိုးလာခွါရင်း မျှစ်တွေ လို့ ဓားနဲ့လှီးယူရင်း ကျန်ရစ်တာပါ''

ဟု ဝင်ပြောလေတော့၏။

ဤတွင် တိုင်းမှူးက ချက်ချင်းစဉ်းစားလိုက်သည်။ ထို့နောက် ကွန်မန်ဒို စစ်ကြောင်းမှူးအား–

''ဟေ့ ... မင်း ဦးဆောင်းကို ခပ်လှမ်းလှမ်း ခေါ်သွားခိုင်း။ ဒို့နားမှာ မထားနဲ့။ အခြေအနေက အရေးကြီးနေပြီ။ ဒီလူ ထွက်ပြေးသွားနိုင်တယ်။ ညကလိုပဲ စနစ်တကျထိန်းထားကွာ။ လူတွေ အသံဗလံ လုံးဝမထွက်ကြနဲ့တော့''

ဟုအခြေအနေကို သုံးသပ်ကာ ချက်ချင်း တိုးတိုးတိတ်တိတ် ညွှန်ကြားတော့၏။

တိုင်းမှူး ညွှန်ကြားသည့်အတိုင်း အားလုံး ဆောင်ရွက်ကြ၏။

''ကိုင်း ... ဒို့စစ်ကြောင်း ဒီမှာ ခဏနားမယ်။ ကွန်မန်ဒိုတပ်ဖွဲ့က တပ်စိတ်သုံးစိတ်ကို တစ်စိတ် အရာရှိ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်စီ ကွပ်ကဲပြီး ပတ်ဝန်းကျင်လိုက်ပြီးရှင်းကွာ''

''တပ်ရင်းမှူးကတော့ စောစောက မျှစ်ကျိုးကလေးတွေ့တဲ့ နေရာမှာ နောက်ထပ်ဘာများတွေဦးမလဲ သွားရှာကြည့်ပါ''

ခဏအကြာ၌ တပ်ရင်းမှူးဗိုလ်မှူး မောင်မောင်ခင် ပြန်ရောက်လာ၏။ လက်ထဲ၌ လတ်လတ်ဆတ်ဆတ် ဝါးခြမ်းပြား ဆယ်ခြမ်းခန့်ပါလာသည်။

''တိုင်းမှူးကြီး ဒီမှာ လတ်လတ်ဆတ်ဆတ် ဝါးခြမ်းပြား ဆယ်ပြားလောက် တွေ့ပါတယ်။ ဒီနေရာတစ်ဝိုက်ကို လူတွေရောက်ပုံရတဲ့ လက္ခဏာပါ''

ဟုတင်ပြ၏။ တောထဲထောက်ကင်းသွားသည့် အခြားတပ်စိတ် နှစ်စိတ်မှ အရာရှိနှစ်ဦးလည်း ပြန်ရောက်လာသည်။ လူများသွားလာထားသည့် ခြေရာလက်ရာများ တွေ့ကြောင်းသတင်းပို့ကြသည်။ ထိုအခါ အနားတွင်ရှိသော ဦးဆောင်းက ...

''အဲဒါချိပ်လာခွာတဲ့ ရွာသားတွေဖြစ်မှာပါ''

ဟုဝင်ပြောပြန်လေသည်။ တပ်ရင်းမှူး ဗိုလ်မှူး မောင်မောင်ခင်က

''ဦးဆောင်း ကျွန်တော်တို့ ပြောနေတာ ခင်ဗျား





ဝင်မပြောနဲ့လေဗျာ''

ဟုဆိုသည်တွင် တိုင်းမှူးကြီးက တစ်ချက်ပြုံးလိုက်၏။ ပြီးမှ

''ကဲ ... အားလုံး မနက်စာချက်ကြ။ ဒီမှာ မနက်စာ စားမယ်။ စားပြီးရင် ညနေစာ ပြန်ချက် အသံလုံးဝ မထွက်စေနဲ့''

ဟု မှာကြားသည်။

ထို့နောက် တပ်ဖွဲ့ကြီးတစ်ခုလုံး ခေတ္တအခြေပြုကာ မနက်စာချက်ရန် ပြင်ကြလေသည်။

၁၀။ ဗဟိုခွဲနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ခြင်း

ထမင်းချက်တော့ ရေလို၏။ လက်ရှိ တောင်ကျောပေါ်တွင် ရေလုံးဝမရှိပါ။ သို့ဖြစ်၍ တပ်ရင်းမှူးက တိုင်းမှူးထံ ရေခပ်ခွင့်တောင်းသည်။

''ကောင်းပြီ သွားခပ်ပါ။ သွားရင် အရှေ့ဘက်ချိုင့်ကိုသွား လူတွေ့ရင် မပစ်နဲ့။ အရှင်မိအောင် ဖမ်းခဲ့''

တိုင်းမှူးက အထက်ပါအတိုင်း မှာလိုက်သည်။ ရှာအဖွဲ့က အကြပ်ကြီး ၂ဦး လိုက်ပါပြီး စစ်သည် ၆ဦးနှင့် လျှိုထဲသို့ ဆင်းသွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သိပ်ပြီး မကြာလိုက်။

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . . ဒိုင်း"

သေနတ်သံများ ကြားကြရ၏။ သေနတ်သံတွေ မဆုံးခင်မှာပင် ရေရှာ ကွန်မန်ဒိုစစ်သည် ၂ဦးမှ လူ တစ်ယောက်ကို ဖမ်းလာပြီး တိုင်းမှူးထံ အပ်နှံသည်။ တိုက်ပွဲသံတွေက ဒိုင်းဒိုင်းဒိုင်းဒိုင်းဟု ပစ်ခတ်ဆူညံနေဆဲ။


"ကဲ . . . တပ်ရင်းမှူး တပ်စိတ်နှစ်စိတ်နဲ့ အသံ ကြားတဲ့နေရာလိုက်သွား။ လိုအပ်သလို ဆက်လုပ်"

တိုင်းမှူးကြီးက ညွှန်ကြားလိုက်သည်။ တပ်ရင်းမှူး က အရာရှိနှစ်ဦးနဲ့ တပ်စိတ်နှစ်စိတ်ကို ခေါ်ဆောင်ပြီး အသံ ကြားရာ လိုက်သွားကြ၏။ ကွန်မန်ဒို တပ်စုကိုလည်း နောက်ထပ် တပ်စိတ်တစ်စိတ်နဲ့အတူ ရန်သူဆုတ်မည့် ထင် သည့်ဘက် ပိတ်ဆို့လိုက်သည်။ ရေရှာသည့်အဖွဲ့မှ အကြပ် ကြီးတစ်ဦး ပြန်ရောက်လာသည့် သတင်းပို့သည်။

"တိုင်းမှူးကြီးခင်ဗျ။ ရန်သူစခန်းတွေ့ပြီ ခင်ဗျ။ တဲ ၆လုံးပါ တိုက်ပွဲဖြစ်ပြီး ကျွန်တော့်ဆီက တစ်ယောက် ကျပြီး နှစ်ယောက် ဒဏ်ရာရပါတယ်။ ရန်သူ့ဘက်ကတော့ လေးယောက်ကျပါတယ်"

"ဘယ်လိုဖြစ်တာလဲ"

မြရတနာစာပေ




ဘာပ ဗဟိုခွဲ သခင်တင်ထွန်းစခန်းတိုက်သည့်မြေပုံ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ရေရှာဖို့ ခြေလုံလက်လုံနဲ့ လျှိုထဲဆင်းတော့ ဝါးခုတ်သံကြားလို့ ကြည့်တော့ ဗကပ ဦးထုပ်ဆောင်းထားတဲ့ လူတစ်ယောက် ဝါးတွေခုတ်နေတာနဲ့ တိုင်းမှူးကြီး အမိန့်အတိုင်း အရှင်ဝင်ဖမ်းကြပါတယ်။ သူ့ကို ဝိုင်းဖမ်းလို့မိတော့ ကျွန်တော်တို့ လက်ကို အတင်းကိုက်တာနဲ့ လွှတ်ပေးမိတော့ ရန်သူရန်သူလို့ အော်တာနဲ့ တောပတဲတွေက အသံကြားပြီး စပစ်တော့တာပဲ။ အဲဒီမှာ တိုက်ပွဲဖြစ်ပါတယ်"

"ကျွန်တော့်ဆီက အတင်းဆင်းလိုက်ကြတဲ့ အဖွဲ့က တစ်ယောက်ကျပြီး နှစ်ယောက် ဒဏ်ရာရပါတယ်။ သူတို့အဖွဲ့က ကာပစ်ပစ်ပေးတဲ့ အဖွဲ့က လေးယောက်ကျပါတယ်။ အလောင်းတွေ တဲနားမှာ ရှိပါတယ်။"

"ကောင်းပြီ။ ဆုတ်ပြေးတဲ့ အဖွဲ့က လူဘယ်နှစ်ယောက်တောင် ရှိသလဲ။ ဘယ်ဘက်ဆုတ်ပြေးလဲ"

"လျှိုအတိုင်း ဆင်းပြေးကြတာ။ အားလုံး အစိပ်သုံးဆယ်လောက်တော့ရှိမယ် ထင်ပါတယ်"

တိုင်းမှူးသည် ချက်ချင်း အခင်းဖြစ်ပွားရာသို့ လိုက်ပါသွား၏။ တဲများအနီးတွင် တိုင်းရင်းသူ အမျိုးသမီးငယ်တစ်ဦးကို ဖမ်းဆီးရမိသည်။ အမည်မှာ အဲနူဟုခေါ်၏။



www.burmeseclassic.com

www.burmeseclassic.com



တဲအနီးရှိအလောင်းများကိုပြကာ မည်သူတွေလဲဟု မေးရ သည်။ ပီကင်းပြန် မေးကောက် လှမောင်နှင့် အဖွဲ့ဟုဆို၏။ သခင်တင်ထွန်းနှင့် ပင်မအဖွဲ့ကား လွတ်မြောက်သွားကြပြီ ဆို၏။ ထို့ကြောင့် တိုင်းမှူးက ပိတ်ဆို့ရေးစစ်ကြောင်းများသို့ သတင်းပေးကာ အသေအချာ ပိတ်ဆို့နိုင်းသည်။

ဒဏ်ရာရ စစ်သည်နှစ်ဦးမှာ ဒဏ်ရာပြင်းထန် သဖြင့် ရဟတ်ယာဉ်မှာရသည်။ ရဟတ်ယာဉ်ကွင်း အရေး ပေါ်ဖောက်ရသည်။ ရဟတ်ယာဉ်ကွင်း ဖောက်သူက ဖောက်ပြီး ဆုတ်သွားသည့် ရန်သူနောက် ထပ်ချပ်လိုက် သူများက လိုက်ကြ၏။ လုပ်ရင်းကိုင်ရင်း နောက်တစ်နေ့ ကူးကာ မိုးစင်စင်လင်းသွားတော့၏။

နောက်တစ်နေ့ မိုးလင်းတော့ ရဟတ်ယာဉ်ရောက် လာသည်။ ဒဏ်ရာပြင်းထန်စွာ ရထားသည့် စစ်သည် နှစ်ဦးအား လာသယ်သည်။ ကျဆုံးသူစစ်သည်ကို တော ကျောပေါ်မှာပင် စစ်အခမ်းအနားနှင့် မြှုပ်နှံသင်္ဂြိုဟ်သည်။ ဒဏ်ရာရသူနှစ်ဦးကိုလည်း ဗထူးစစ်ဆေးရုံသို့ အမြန် သယ်ယူစေသည်။ အသက်ဘေးမှ ကင်းဝေးစေရန် ဆု တောင်းကြသည်။ ဆုတောင်း မပြည့်ပါ။ ရဲဘော် နှစ်ယောက်စလုံး လမ်းခုလပ်မှာပင် ကျဆုံးသွားကြ





ပါသည်။ ရဲသော်မသေ သေသော်ငရဲမလားပါ။

တိုင်းမှူးက တပ်ရင်းမှူး ဗိုလ်မှူးမောင်မောင်ခင် နှင့် ကွန်မန်ဒိုတပ်ဖွဲ့ တစ်ဖွဲ့လုံးအား ခြေရာခြေကြောင်း ခံပြီး ရန်သူဆုတ်သွားသည့်လမ်းအတိုင်း ထပ်ချပ်လိုက် စေသည်။ ဆုတ်သွားသည့် ဗကပအဖွဲ့နှင့် မိမိပိတ်ဆို့ရေး စစ်ကြောင်းများထိတွေ့မှု ထပ်ဖြစ်လေတော့၏။ ဤတွင် ဗဟိုခွဲခေါင်းဆောင် သခင်တင်ထွန်းနှင့် ဇနီး အပါအဝင် ၆ ဦး ကျကျန်ရစ်ခဲ့သည်။

အခင်းဖြစ်ပွားရာသို့ တိုင်းမှူးက ရဟတ်ယာဉ်ဖြင့် လိုက်ကြည့်သည်။ ရပ်စောက်မြို့နယ် ချောင်းဆုံရွာ ကလေးနှင့် မလှမ်းမကမ်း ယာခင်းတစ်ခုအနားတွင် ဖြစ်၏။

တိုင်းမှူးရောက်သွားချိန်တွင် ယာခင်းအနီး တဲ ကလေး၌ အသားဖြူဖြူ ယောက်ျားတစ်ဦး အလောင်းနှင့် အမျိုးသမီးတစ်ဦးအလောင်းအား တွေ့ရသည်။

"တိုင်းမှူးကြီး ခင်ဗျ ... ဒါ သခင်တင်ထွန်းနဲ့ သူ့မိန်းမ ဒေါ်ခင်မလေးပါ" ဟု သတင်းပို့ကြ၏။

ယခု သခင်တင်ထွန်းမှာ အသားအလွန်ဖြူသည်။ အရပ်လည်း ရှည်သည်။ တိုင်းမှူးက သံသယဖြစ်သွား၏။ သခင်တင်ထွန်းသည် အသားအလွန်ဖြူသူ မဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



သိထား၏။

"ကျန်တဲ့ အလောင်းတွေရော"

"တိုက်ပွဲဖြစ်တဲ့ တောင်စောင်းတွေမှာ ကျန်ခဲ့ပါတယ် ခင်ဗျ။ တိုင်းမှူး ကြည့်ချင်ကြည့်နိုင်အောင် တောင်အောက်ရွှေ့ထားပါတယ်"

"ဒါဆို သွားကြည့်ကြတာပေါ့"

ကွန်မန်ဒို တပ်မှူးက အလောင်းတွေ လိုက်ပြသည်။ တောင်ခြေတွင် နောက်ထပ်တစ်လောင်း ပေါင်းငါးလောင်း တွေ့ရသည်။ အလောင်းတစ်လောင်းမှာ သပ်သပ်ဖြစ်နေ၏။ အသားညိုညို စစ်ဆွယ်တာနှင့် လူက ခပ်ပုပု၊ ဂင်တိုတိုဖြစ်၏။

"ဟ ... မင်းတို့ပြောတော့ အားလုံးမှ ၆လောင်း။ ဒီမှာတစ်လောင်း ပိုနေပါလား။ ဘယ်လိုဖြစ်ကြတာလဲ"

"ဟုတ်တယ်ခင်ဗျ။ အားလုံး ၇ လောင်းဖြစ်နေပြီ"

"ကဲ ... ကဲ ... ထားထား။ အလောင်းတွေကို အသေအချာမြှုပ်။ ဒီဆွယ်တာနဲ့ လူကို သီးသန့်မြှုပ်"

အလောင်းတွေကို ဓာတ်ပုံရိုက်ယူကြသည်။ တိုင်းမှူးက အားလုံးကို ကောင်းစွာမြှုပ်နှံရန် မှာကြားပြီး တောင်ကြီးသို့ ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့၏။





တောင်ကြီးသို့ ညနေငါးနာရီထိုးချိန် ပြန်ရောက်သည်။ ဓာတ်ပုံ ဖလင်များကို ထောက်လှမ်းရေးတပ်က ဗိုလ်မှူးသံဒိုင်ဆီသို့ ပို့နိုင်းလိုက်၏။

ညစာစားချိန်၌ ဗိုလ်မှူးသံဒိုင်က တိုင်းမှူးထံ ဖုန်းနှင့် သတင်းပို့၏။

"တိုင်းမှူးခင်ဗျား ဝမ်းသာစရာပါပဲ။ တိုင်းမှူး နောက်ဆုံးဓာတ်ပုံရိုက်ခဲ့တဲ့ စစ်ဆွယ်တာနှင့်လူက သခင်တင်ထွန်းပါ ခင်ဗျ"

"ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

"ဒီမှာ မိထားတဲ့ ပအို့ဝ်နီတာကာလယ်တပ်က ကရင်အမျိုးသား မန်းခွါးက သခင်တင်ထွန်းကို ကောင်းကောင်းသိပါတယ်လို့ သူကပြောတာပါ။ သူ့ကို ခလရ ( – ) က ဖမ်းဆီးရမိပြီး စစ်ဆေးဖို့ ကျွန်တော်တို့ဆီ ပို့ထားတာ။ သူပြကြည့်တော့ တိုင်းမှူး နောက်ဆုံး ဓာတ်ပုံရိုက်ခဲ့တဲ့ စစ်ဆွယ်တာနဲ့လူဟာ သခင်တင်ထွန်းဆိုတာ သေချာပါတယ် ခင်ဗျ"

တိုင်းမှူးသည် နောက်နေ့တွင် အခင်းဖြစ်ပွားရာသို့ ရဟတ်ယာဉ်ဖြင့် ထပ်မံသွားရောက်ကာ သခင်တင်ထွန်း၏ အလောင်းကိုပြန်ဖော်၍ စစ်ဆေးသည်။ ရလလဖ တပ်မှူး



www.burmeseclassic.com

www.burmeseclassic.com



မန်းခွါးကို ခေါ်ယူခဲ့၍ သေချာအောင် ကြည့်စေသည်။ မန်းခွါးက သေချာပါသည် သခင်တင်ထွန်းပါ။ ယူနန်ပြည်နယ်ကအပြန် ဘသိန်းတင် မှာကြားချက်ကို သူကိုယ်တိုင် သခင်တင်ထွန်းထံ သွားရောက်သတင်းပို့ခဲ့ရသဖြင့် အတူနေခဲ့ဖူးသောကြောင့် အသေအချာ သိပါသည်ဟု ဆို၏။

ထိုအခါကျမှ ကကြည်းသို့ ဗကပ ဗဟိုခွဲခေါင်းဆောင် သခင်တင်ထွန်းအား အသေရမိကြောင်း ဓာတ်ပုံနှင့်တကွ တင်ပြနိုင်တော့၏။

ကျန်ဗဟိုခွဲမှ ဗကပများကိုလည်း ဘေးမှ ဝိုင်းထားသည့် စစ်ကြောင်းများမှ ဝိုင်းဝန်းပိတ်ဆို့ရှင်းလင်းတိုက်ခိုက်ခဲ့ကြရာ တစ်ပတ်အတွင်း ဗဟိုခွဲတစ်ခုလုံး လူသုံးယောက်မှအပ အားလုံးရမိတော့၏။ ဤတွင် ဗကပ ဗဟိုခွဲကို ချေမှုန်းသည့် ကွန်မန်ဒိုစစ်ဆင်ရေးကြီး ပြီးဆုံးသွားပါလေတော့သည်။

ဤစစ်ဆင်ရေးအား ရပခတိုင်းမှူး ဗိုလ်မှူးချုပ်သန်းတင်ကိုယ်တိုင် အနီးကပ် လိုက်ပါကြီးကြပ်ခဲ့ခြင်း ဖြစ်လေသည်။





**နောက်ဆက်တွဲဖြစ်ရပ်များ**

နောက်ဆက်တွဲဖြစ်ရပ်မှာ အောက်ပါအတိုင်း ဖြစ်၏။

လွတ်ထွက်သွားသည့် ဗကပသုံးဦးမှာ ဗဟိုခွဲဆက်သားဦးဒေါင်းကြီး၊ သခင်တင်ထွန်းသမီးအကြီး ဝါဝါနှင့် သမီးငယ်တို့ သုံးဦးဖြစ်၏။ စခန်းအဝိုင်းခံရသည်နှင့် အားလုံးလျှိုကြီးထဲ ခြေဦးတည့်ရာ ပြေးကြသည်။ သုံးဖွဲ့ကွဲသွား၏။ ဆက်သွယ်ရေးစက်ကိုင် နန်ယန်ကျောင်းမှ ဆောခိုကျောင်းဆရာနှင့် သခင်တင်ထွန်းတို့ ဇနီးမောင်နှံက တစ်ဖွဲ့။ ဆက်သားဦးဒေါင်းကြီးနှင့် သခင်တင်ထွန်း သမီးနှစ်ဦးက တစ်ဖွဲ့။ နောက်ဆုံးတစ်ဖွဲ့က နန်ယန်ကျောင်းမှ ဆောခိုကျောင်းဆရာနှင့် ၁၅ ဦးဖြစ်ကြ၏။

သခင်တင်ထွန်းနှင့် အဖွဲ့သည် နောက်နေ့တွင် သေရ ( – ) ကွန်မန်ဒိုအဖွဲ့နှင့် ထိတွေ့တိုက်ပွဲဖြစ်၏။ ၆ ယောက်လုံး ကျဆုံးသွားသည်။ ဒုတိယအဖွဲ့ကား စက်ဖွီချောင်းအနီးအရောက် ပြေးစရာမြေမရှိတော့၍ တပ်မတော်စစ်ကြောင်းသို့ လက်နက်ချ အလင်းဝင်လိုက်ကြသည်။

နောက်ဆုံး သုံးယောက်အဖွဲ့တွင် ဗဟိုခွဲဆက်သားဦးဒေါင်းကြီးသည် သခင်တင်ထွန်း သမီးငယ်ကို ထမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



သမီးကြီးနှင့်အတူ မန္တလေးတိုင်း မြစ်သားသို့ အရောက် သွား၏။ မြစ်သားရောက်သော် သမီးငယ်အား ခင်မလေး မိဘများရှိရာ ရွှေဘိုသို့သွားရောက်အပ်နှံခဲ့ပြီး သမီးကြီး ဝါဝါကိုမူ ဗကပဗဟိုသို့ အရောက်ပို့ပေးခဲ့၏။

ဇာတ်လမ်းက မဆုံးသေးပါ။

လေး ငါးနှစ်ကြာမှ ပြီးဆုံးတော့၏။

၁၉၇၅ ခုနှစ်တွင် ပဲခူးရိုးမအား တပ်မတော်မှ ဖြတ်လေးဖြတ်နည်းဗျူဟာနည်းဖြင့် ဝိုင်းပတ်ပိတ်ဆို့ ချေမှုန်း နေရာ ဗကပများ အငတ်ငတ် အပြတ်ပြတ်နှင့် လက်နက်ချ ကြတော့၏။ ၎င်းတို့အထဲတွင် သခင်တင်ထွန်း၏ သမီးကြီး ဝါဝါ ပါသည်။ ဝါဝါကို ထမ်းစင်ဖြင့်ခေါ်လာရသည်။ အစာ ပြတ်၍ လမ်းပင်မလျှောက်နိုင်တော့ပါ။ ဝါဝါအား စားစရာ သောက်စရာများ ကျွေးရသည်။ ဗဟိုခွဲ တိုက်ပွဲအကြောင်း ရှင်းလင်းပြောပြသည်။

''ကျွန်မ-အဖေနဲ့အမေ သေတာ တကယ်ပဲလား''

ဝါဝါက မေးသည်။

''တကယ်ပါ။ မင်းအဖေနဲ့ အမေကို ဒို့ ကောင်း ကောင်းမွန်မွန် မြှုပ်နှံသင်္ဂြိုဟ်ပေးခဲ့ပါတယ်။ မင်းအဖေ အလောင်းကို ရလလဖတပ်မှူး မန်းခွါးက ပြောလို့ ဒို့





၁၉၆၃ ခုနှစ် ငြိမ်းချမ်းရေး ဆွေးနွေးပွဲသို့ လာရောက်ခဲ့ကြသည့် ဗကပ ပထမ ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့
(ရှေ့တန်း ဘယ်မှ ညာ တတိယလူမှာ သခင်တင်ထွန်း ဖြစ်ပါသည်)။

www.burmeseclassic.com



အတည်ပြုနိုင်တာ''

ထိုအခါ ဝါဝါ ငိုတော့၏။ ထို့နောက် သူမ၏ ဖြစ်စဉ်ကို မေးကြရသည်။ ဝါဝါက အောက်ပါအတိုင်း ပြောပြ၏။

''အဲဒီနေ့က ဖေဖေက တပ်ကစစ်ကြောင်းတွေ ဝိုင်းနေပြီ။ စက်သံတွေ တော်တော်များများ ကြားနေရပေမဲ့ တစ်လုံးက အသံပျောက်နေတယ်။ သတိထားကြ။ စက်သံပျောက်သွားတဲ့ အဲဒီစစ်ကြောင်း စက်ပိတ်ပြီး ဒို့ဆီ အချိန်မရွေး ရောက်လာနိုင်တယ်လို့ ပြောပါတယ်။''

''အဲဒီတုန်းက ဦးလှမောင်(မေးကောက်လှမောင်) က စခန်းလုံခြုံရေး တာဝန်ယူထားတာပါ။ ဆက်သွယ်ရေးစက်ကိုတော့ စက်ကိုင် တရုတ်ကျောင်းဆရာက ရဝဲ့ကြေးနန်းတွေ အကုန်ဖမ်းပြီး ဖေဖေ့ဆီ ပေးပါတယ်။ အဲဒီနေ့က စစ်ကြောင်းသတင်း ဘာမှမရလို့ အရေးဟယ် အကြောင်းဟယ်ဆိုရင် အမြန်ခရီးထွက်နိုင်ဖို့ အားလုံး ကြိုစဉ်းစားပြီး အားလုံးလုပ်ကိုင် ပြင်ဆင်ထားပါတယ်။ စက်က ကြိုးပဲထောင်ထားတာပါ''

ဩော် ... ဒါကြောင့် တိုက်ပွဲပြီးတော့ စက်မရဘဲ ကြိုးသာကျန်ခဲ့တာကိုး။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



''ရဲဘော် မောင်သိန်းက သူ့ရေဘူးအဖုံး ပျောက်သွားလို့ ဝါးခုတ်ပြီး အဆို့အသစ်လုပ်ပါရစေလို့ ခွင့်တောင်းလို့ စခန်းနားမှာ ဝါးခုတ်ခွင့်ပေးရာက ရန်သူရန်သူလို့ အော်လို့ တိုက်ပွဲဖြစ်ပြီး ကျွန်မတို့တစ်ဖွဲ့လုံး ပြေးကြရတာပဲ။ ဖေဖေက တိုက်ပွဲဖြစ်ရင် မေမေနဲ့ ကျွန်မတို့နှစ်ယောက်ကို ခေါ်သွားဖို့ ဦးဒေါင်းကြီးကို တာဝန်ပေးထားတာ။ တကယ်ပြေးကြတော့ ညီမလေးပဲ ဦးဒေါင်းကြီးခေါ်လာလို့ တွေ့တာ။ မေမေတော့ မတွေ့ပါဘူး။ မေမေ မပါတာ ပြေးပြီး နာရီဝက်လောက်ကြာမှပဲ သိပါတယ်။ ကျန်တာတော့ ဦးတို့သိပြီးသားတွေပါ''

ဤကား ဝါဝါ၏ပြန်လည်ပြောပြချက်များဖြစ်ပါ၏။

နိဂုံး

ဗကပဗဟိုခွဲကို ကွန်မန်ဒိုနည်းဖြင့် လျှပ်တစ်ပြက်ထိုးဖောက်ဝင်ရောက်ပြီး လက်စတုန်းချေမှုန်းခဲ့သည့်ဖြစ်စဉ်မှာ ဤမှာပင် နိဂုံးကမ္ပတ် အဆုံးသတ်ပါပြီ။

ဤတိုက်ပွဲ၌ သင်ခန်းစာ ယူစရာများ တွေ့ရပါသည်။

ပထမဆုံးအချက်မှာ ဤကွန်မန်ဒိုစစ်ဆင်ရေးကို





ရပခတိုင်းမှူး ဗိုလ်မှူးချုပ်သန်းတင် ကိုယ်တိုင် (Commander Well Forward) ဆိုသည့်စကားနှင့်အညီ အနီးကပ် ကြီးကြပ်ခဲ့ခြင်းပင်။ တိုင်းမှူးဆိုသည်မှာ တပ်မကြီးမှူး ဆပ်တော်မှူး အဆင့်ရှိသူ ဖြစ်၏။ လူလေးငါးဆယ်ကို တိုက်ရိုက်ကွပ်ကဲရန် အကြောင်းမရှိပါ။ သို့ရာတွင် ရန်သူက အရေးကြီးရန်သူဖြစ်၍ လွတ်မသွားအောင် Field ကို ကိုယ်တိုင်ဆင်းပြီး အနီးကပ် ကြီးကြပ်ခဲ့သည်ကို တွေ့ရပါသည်။ တိုင်းမှူးကိုယ်တိုင်ပါလာ၍ အားလုံးက အရာရာကို အထူးဂရုပြု သတိကြီးစွာထား ဆောင်ရွက်ကြ၏။ ထို့ကြောင့် ဆာပ တပ်လုံးပြုတ်ခဲ့ရ၏။

ဒုတိယအချက်မှာ ရန်သူ့သတင်းရသည်နှင့် စစ်ဆင်ရေးကို နာရီမဆိုင်းဘဲ Prompt Action ချက်ချင်းဆောင်ရွက်ခဲ့ခြင်းပင်။ ဗကပတို့က အလွန်လျင်သည်။ သူတို့ကို လိုက်နေမှန်းသိလျှင် ချက်ချင်းလစ်ထွက် သွားတတ်သည်။ နေရာရွှေ့သွားတတ်ကြသည်။ ထို့ကြောင့် လွတ်သွားအောင် သတင်းရလျှင်ရချင်း စစ်ဆင်ရေးကို ဆောင်ရွက်ခဲ့ခြင်းမှာ သင်ခန်းစာယူစရာပါပေ။

တောထဲတောင်ထဲ ရန်သူနှင့် အလွန်နီးကပ်နေရာတွင် တိုင်းမှူးကိုယ်တိုင် တဲမထိုးဘဲ ဖြစ်သလို Ground



www.burmeseclassic.com

www.burmeseclassic.com



Sheet ခင်းပြီး ညအိပ်ခဲ့သည်။ ခြေလုံ လက်လုံ အသံလုံ နေခဲ့သည်။ ကွန်မန်ဒို စစ်နည်းဗျူဟာမြောက် ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိပါသည်။

ရန်သူ့ဘက်ကမှ မိမိတို့တပ် အနားရောက်ချိန် ဗကပတစ်ဦး ဝါးခုတ်မိရာမှစပြီး ဗဟိုခွဲစခန်းကို ခြေရာခံမိသွား၍ အတိုက်ခံခဲ့ရသည်။ တစ်ချက်များတာနဲ့ ခံသွားရသည်။

နောက်ဆုံးတစ်ချက်မှာ ဗကပ လမ်းပြဦးဒေါင်းကြီးဆိုသူ၏ သခင်တင်ထွန်း၏ မိသားစုအပေါ် စွန့်လွှတ်စွန့်စား ကယ်တင်သွားမှုကိုလည်း အံ့သြမိပါသည်။ သမီးအငယ်ကို မြစ်သားရောက်အောင် မိုင် ၄၀ ခန့် ထမ်းပိုးခေါ်သွားသည်။ ပြီးတော့ ရွှေဘိုထိ လိုက်ပို့သည်။ သမီးကြီးဝါဝါကိုတော့ ပဲခူးရိုးမမှ ဗကပဗဟိုကို ပြန်ပို့ပေးခဲ့သည်တဲ့။

ဩော် ... လူတွေဆိုသည်မှာ မယုံကြည်နိုင်လောက်အောင် အံ့သြစရာပါတကား။





မှီငြမ်းကိုးကားသည့် စာအုပ်များ

၁။ စစ်ဆင်ရေးပြီး စစ်ဆင်ရေး
ဗိုလ်မှူးချုပ်သန်းတင် (အငြိမ်းစား)

၂။ ထို့ကြောင့်ဤသို့
တောခိုကျောင်းသားဟောင်းများ

၃။ ကွန်မန်ဒိုစစ်ဆင်ရေး
ဒုတိယဗိုလ်မှူးကြီးစိုးတင့် (အငြိမ်းစား)

၄။ ကွန်မန်ဒိုစာစောင်
စစ်ဦးစီးတက္ကသိုလ်

၅။ ဗြိတိသျှရာဇဝင်အကျဉ်း
ဦးသန်းထွန်း B.A (ရာဇဝင်ဂုဏ်ထူး)

၆။ ဗြိတိသျှရာဇဝင်
ဦးကြည် B.A BED. B.L (ရာဇဝင်ဂုဏ်ထူး)



www.burmeseclassic.com

www.burmeseclassic.com

## ဗကပ ဗဟိုဆေးကျောင်း အလင်းရောင်စခန်းကို တိုက်ခဲ့စဉ်က

**ဗဟိုဆေးကျောင်းဆိုသည်မှာ**

ဗကပဗဟိုဆေးကျောင်းသည် ၁၉၆၅ ခုနှစ် ဇူလိုင်လတွင် ဖွင့်လှစ်ခဲ့သည့် ဗကပ ပဲခူးရိုးမ တိုင်းဆေးကျောင်းကို အခြေခံခဲ့၏။ ဥက္ကဋ္ဌ သခင်သန်းထွန်းနှင့် ဗဟိုကော်မတီဝင် ရဲဘော်အောင်ကြီးတို့၏ တိုက်ရိုက်ညွှန်ကြားမှုနှင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဗဟိုဆေးကျောင်းတာဝန်ခံမှာ ရဲဘော်ထွန်းရှိန်ခေါ် ဖေငြိမ်း ဖြစ်၏။ ရဲဘော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



ရှိန်သည် ၁၉၆၀ ခုနှစ်၌ ဗီချွန်းပြည်နယ် နန်ချုံမြို့ပြည်သူ့ ကျန်းမာရေးဌာန၌ တာဝန်ထမ်းဆောင်လာခဲ့သူပင်။ ရန်ကုန် တက္ကသိုလ်မှ ဥပစာသိပ္ပံ (အိုင်အက်စ်) အောင်ပြီး ဆေးသိပ္ပံ ဘွဲ့ကို အိန္ဒိယသို့ သွားရောက်သင်ကြားခဲ့သည်။ ၁၉၃၈ ခုနှစ်လောက်ကပင် ကွန်မြူနစ်ဖြစ်ခဲ့သူဖြစ်၏။ နိုင်ငံခြား၌ နှစ်အတန်ကြာ နေခဲ့၏။

ဗဟိုဆေးကျောင်းကို ဦးစွာပထမ ပြည်ခရိုင် ပေါင်း တည်မြို့နယ် ယုတ်ဆိုင်ရွာအနီးတွင် စတင်ဖွင့်လှစ်ခဲ့၏။ ဒေသအသီးသီးမှ ကွန်မြူနစ်ပါတီဝင် ၅၅ ဦးအား ရွေး ချယ်၍ ပထမပတ် သင်တန်းပေးခဲ့သည်။

ပါတီ တိုက်ရိုက်ခေါင်းဆောင်သော ပြည်သူ့ ကျန်းမာရေးတပ်မတော် တည်ဆောက်ရေး စီမံကိန်းအရ ဗကပ ဗဟိုမှ တိုက်ရိုက်ကြီးကြပ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ဗကပဗဟိုသည် ရဲဘော်ထွန်းရှိန်အား ၁၉၆၈ ခုနှစ် စက်တင်ဘာက ၁၇ ရက်နေ့၌ ပြန်လည် ပြင်ဆင်ရေးသမား ၅၅ လမ်းစဉ်သမားဟု စွပ်စွဲကာ ဗဟို ဆေးကျောင်း ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည့် တောင်ငူခရိုင် ဖြူးမြို့နယ် မြရာပင်ကြော၌ ရက်စက်စွာ သတ်ဖြတ်သုတ် သင်ခဲ့သည်။





ထိုနှစ်မှာပင် မြရာပင်ကြော၌ သခင်သန်းထွန်း ကျဆုံးခဲ့၏။ ရဲဘော်အောင်ကြီးလည်း ကျဆုံးပြန်သည်။ သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့ ကျဆုံးပြီးနောက် ဉက္ကဌ သခင်ဇင်နှင့် အတွင်းရေးမှူး သခင်ချစ်တို့က ဗဟို ဆေးကျောင်း ကျောင်းအုပ်ကြီးအဖြစ် ဗကပ ပဲခူးမြို့နယ် အရှေ့ခြမ်း ဆေးမှူး ဦးစိုးအောင်အား တာဝန်ပေးခဲ့လေ သည်။

ဦးစိုးအောင်သည် ထားဝယ်သား ဆေးမှူးဖြစ် သည်။ ဗမာပြည် ကွန်မြူနစ်ပါတီ တောခိုစဉ်ကပင် လိုက်ပါ လာခဲ့သူဖြစ်၏။ တောတွင်း၌ ၁၉၄၉ ခုနှစ် အမျိုးထမ်း ခေါင်းစုံသပိတ်မှ တောခိုလာခဲ့သူ ဒေါ်ခင်မြင့် ခေါ် ဖွားဖွား နှင့် လက်ထပ်ခဲ့သည်။

၁၉၇၂ ခုနှစ် ဇူလိုင်လတွင် ဗဟိုဆေးကျောင်းကို ကျောက်ကြီးမြို့နယ် အနောက်ခြမ်း၌ ရွှေ့ပြောင်းဖွင့်လှစ်ခဲ့ပြန် သည်။ ကေအင်ယူပီပါတီနှင့် ဗကပတို့ပူးပေါင်းကာ ဖွင့်လှစ် ခဲ့ခြင်းဖြစ်ပြီး တော်လှန်သော ဗဟိုဆေးကျောင်းဟု သတ် မှတ်ခဲ့ကြ၏။ စခန်းကိုလည်း အလင်းရောင် စခန်းဟု အမည်ပေးခဲ့ကြသည်။

ဗဟိုဆေးကျောင်းသို့ ပီကင်းပြန် မစိန်ဝင်းသည်



www.burmeseclassic.com

www.burmeseclassic.com



အဆုတ်ရောဂါ ကုသရန်ရောက်ရှိလာသည်။ ဖင်ချစ်တို့က
မစိန်ဝင်းအား အတန်းအစားရပ်တည်မှု ပြတ်သားသည်ဆို
ကာ ဗဟိုဆေးကျောင်း၏ ဂုဏ်ထူးဆောင် နိုင်ငံရေးမှူးကြီး
နှင့် ဆေးမှူးကြီးအဖြစ်ပါ တာဝန်ပေးခဲ့ကြ၏။

ဆေးသင်တန်း ပို့ချမှုများနှင့် ဆေးကုသမှုများ
မစိန်ဝင်းနှင့် ဦးစိုးအောင်တို့ အချင်းများကြပြီး မစိန်ဝင်
က ...

''ဦးစိုးအောင်ဟာ သိပ္ပံနည်းမကျဘဲ တတ်ယောင်
ကား ဆေးသမားဖြစ်တယ်'' ဟုဆိုကာ အပြင်းအထ
ဝေဖန်တိုက်ခိုက်ခဲ့၏။ ထို့နောက် ဖင်ချစ်တို့၏ အမိန့်အ
ဆေးကျောင်းကွပ်ကဲမှုကို မစိန်ဝင်းသို့ လွှဲပြောင်းပေးခဲ့ရ
ထိုအချိန်မှစ၍ မစိန်ဝင်းသည် ဆေးကျောင်း၏ တစ်ဦး
တည်းသော အာဏာပိုင်နှင့် နိုင်ငံရေးမှူးကြီး ဖြစ်လာခဲ့ပြီ
ဆေးကျောင်းတစ်ခုလုံး သူ့ခြေသူ့လက် ဖြစ်သွားတေ
တော့သည်။

**ပီကင်းပြန်မစိန်ဝင်း**

ဤနေရာတွင် ဗဟိုဆေးကျောင်း တာဝန်ခံ
လာသူ ပီကင်းပြန် မစိန်ဝင်း၏ ကိုယ်ရေးရာဇဝင်ကို အတ

မြရတနာစာပေ



ယ် ဖော်ပြရန် လိုပါလိမ့်မည်။

မစိန်ဝင်း၏ အမည်ရင်းမှာ ခင်ခင်ကြည်ဖြစ်၏။
အစ်မတစ်ဦးရှိ၍ အမည်မှာ မပွင့်ရည်ဖြစ်သည်။ မန္တလေး
မြို့တွင် နေထိုင်သော အငြိမ်းစားစက်ရှင်မင်းကြီးတစ်ဦး၏
သမီးများဖြစ်ကြပြီး ညီအစ်မနှစ်ယောက်လုံး ကွန်မြူနစ်ဝါဒ
ကို သက်ဝင်ယုံကြည်ကြ၍ ၁၉၄၈ ခုနှစ်၌ အထက်မြန်မာ
ပြည် မသုံးလုံးဒေသ၌ တောခိုလာခဲ့ကြ၏။

မစိန်ဝင်းသည် တောတွင်း၌ မမျိုးသန့်ဟု အမည်
ပြောင်းခဲ့၏။ ၁၉၅၃ ခုနှစ်တွင် ဗမာပြည် ကွန်မြူနစ်ပါတီ
ဗဟိုလစ်ဗျူရိုအဖွဲ့ဝင် သခင်သန်းမြိုင်၏ တာဝန်ပေးချက်
အရ တရုတ်ပြည်သို့ ဆေးမှူးအဖြစ် လိုက်ပါသွားခဲ့၏။
တရုတ်ပြည်တွင် မာက်စ်လီနင်ဝါဒ နိုင်ငံရေးတက္ကသိုလ်၌
မာက်စ်ဝါဒ လီနင်ဝါဒကို လေ့လာခဲ့သည်။ ဆေးပညာ
လည်း လေ့လာခဲ့သည်။ အထူးသဖြင့် မော်စီတုန်း၏
စကြွမ်းဖက်ရေး တော်လှန်ပုန်ကန်ရေး၊ လက်နက်ဖြင့်
အာဏာသိမ်းရေး အတွေးအခေါ်နှင့် ပို့ချချက်များကို သင်
ကြားနာယူခဲ့၏။ တရုတ်ပြည်တွင် မစိန်ဝင်း၏အမည်မှာ
ဆယ်ယွင်ဖြစ်သည်။ ၁၉၆၁ ခုနှစ်၌ ရဲဘော်မျိုးတင့်ခေါ်
ကြူနှင့် လက်ထပ်ခဲ့၏။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်မျိုးတင့်နှင့် လက်မထပ်မီက မစိန်ဝင်းသည် အဝေးရောက်ပါတီ ဗဟိုကော်မတီဝင် ကြည်ပြုံင် ခေါ် တိန် ကြည်ပင်နှင့် ဖောက်ပြန်ခဲ့ကြ၏။ ကြည်ပြုံင်သည် အိမ် ထောင်ရှိသူ ဖြစ်သည်။ မစိန်ဝင်းနှင့် ကြည်ပြုံင်တို့သည် နေရာမရှောင် တွေ့ရာမရှောင် အိမ်ထောင်ရေး စည်းကမ်း များကို မရှက်မကြောက် ဖောက်ဖျက်ကာ ကျူးလွန်ခဲ့ကြ

၁၉၆၃ ခုနှစ်၌ မစိန်ဝင်းသည် ပြည်တွင်းငြိမ်းချမ်း ရေး ဆွေးနွေးပွဲကို အကြောင်းပြု၍ မြန်မာနိုင်ငံသို့ တရုတ် ပြည်ပီကင်းမှ တစ်ဆင့်ပြန်လည်ရောက်ရှိခဲ့၏။ မစိန်ဝင်းအာ ဗမာပြည် ကွန်မြူနစ်ပါတီမှ သာယာဝတီ ခရိုင်ကော်မတ တွင် တိုက်ရိုက်တာဝန်ပေးခဲ့လေသည်။ အာဏာနီတည် ဆောက်ရေး ကာလများ၌ မစိန်ဝင်းသည် ဒေသခံ ပြည်သ များကို အစိုးရကျောရိုးများဟုဆိုကာ ရက်စက်စွာ သတ် ဖြတ်ခဲ့သည်။ သတ်ဖြတ်ရာ၌ ကိုယ်တိုင်ကိုယ်ကျ ဦးစီး သည်။ ဓားဖြင့်ခုတ်၊ တုတ်ဖြင့်ရိုက်ခဲ့သည်။ အချင်းချ ဖြုတ်ထုတ်သတ်ပွဲများ၌လည်း ပါဝင်ခဲ့၏။ ထို့ကြောင့် ပြ ခရိုင်မှ ဒေသခံများက မစိန်ဝင်းဆို ဖိန့်ဖိန့်တုန်အော ကြောက်ကြ၏။

၁၉၇၃ ခုနှစ်တွင် မစိန်ဝင်းသည် ဗဟိုဌာ





ကျောင်း အာဏာပိုင်နှင့် အလင်းရောင် တာဝန်ခံတပ်မှူး ကြီးဖြစ်၍ လာခဲ့လေသည်။

ဤကား မစိန်ဝင်းအကြောင်း တစေ့တစောင်းပင် ဖြစ်ပါ၏။

**တိုဆေးကျောင်း၏ နောက်ဆုံးအခြေအနေ**

၁၉၇၄ ခုနှစ် နှစ်လယ်တွင် တပ်မတော်သည် ဖြတ်လေးဖြတ် နည်းဗျူဟာကို ကျင့်သုံးကာ ပဲခူးရိုးမတွင် ရှိအောင်းနေသည့် ဗကပနှင့် ကေအင်ယူတပ်များကို ပိုင်းသတ်ပိတ်ဆို့ချေမှုန်းခဲ့၏။ ဖြတ်လေးဖြတ် နည်းဗျူဟာ ဆိုသည်မှာ

- ရန်သူ သတင်းမရအောင် ရန်သူ့အမာခံများ ဖော်ထုတ်၍သတင်းဖြတ်ခြင်း။
- ရန်သူကို ဝိုင်းဝန်းပိတ်ဆို့၍ ရိက္ခာမရအောင် လုပ်ကာ ရိက္ခာဖြတ်ခြင်း။
- ဒေသခံပြည်သူများနှင့် သောင်းကျန်းသူ များကို အဆက်အသွယ်ဖြတ်ခြင်း။
- နောက်ဆုံးအဆင့်၌ကား တပ်နှင့်ပြည်သူ ပူးပေါင်းကာ သောင်းကျန်းသူများကို ရှင်း



www.burmeseclassic.com

www.burmeseclassic.com



လင်းသုတ်သင် သတ်ဖြတ်ခြင်း။

ဤနည်းဗျူဟာဖြင့် မြစ်ဝကျွန်းပေါ်ဒေသကို အဖြူရောင်နယ်မြေဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်၏။ ယခုပဲခူးရိုးမကိုလည်း ဤဖြတ်လေးဖြတ် နည်းဗျူဟာဖြင့်ပင် ဝိုင်းပတ်ပိတ်ဆို့ ချေမှုန်းခဲ့လေသည်။

ပဲခူးရိုးမဒေသ အထူးစစ်ဆင်ရေးအား ၁၉၇၄ ခုနှစ် ဖွန်လတွင် အလယ်ပိုင်းတိုင်း (ယခု တောင်ပိုင်းတိုင်း) တိုင်း မှူးဖြစ်သူ ဗိုလ်မှူးချုပ်သန်းတင်ကပင် ကွပ်ကဲခဲ့၏။ စစ်ဆင် ရေးတွင် တိုင်းလက်အောက်ခံတပ်ရင်း (၁၀) ရင်းနှင့် အမှတ် (–) ခြေမြန်တပ်မမှ တပ်ရင်းများ ပါဝင်လေသည်။ တပ်မမှူး ဗိုလ်မှူးကြီးရန်နောင်စိုးက ဒု–စစ်ဆင်ရေးမှူးကြီး တာဝန် ယူရ၏။

ဖြတ်လေးဖြတ် စစ်နည်းဗျူဟာနှင့် တပ်မတော် တပ်ရင်းများ၏ ဝိုင်းပတ်ပိတ်ဆို့မှုကြောင့် ဗကပများ အငတ်ငတ်အပြတ်ပြတ်နှင့် သေသူသေ လက်နက်ချသူ နှင့် စစ်တိုက်ဖို့ နေနေသာသာ စားစရာပင် ရှာမရလော အောင်ဖြစ်ခဲ့ကြ၏။ ကျေးရွာများကလည်း အနားမကပ်ခဲ့ကြ တော့။ ပဲခူးရိုးမပေါ်၌လည်း တပ်မတော်က အခိုင်အမာ အခြေခံစခန်းများ တည်ဆောက်နေရာယူကာ ရိုးမအနောက်





ခြိမ်း အရှေ့ခြမ်းတောင်ခြေ ကွင်းစပ်များတွင်လည်း တိုက် ခိုက်ရေးစစ်ကြောင်းများက သတင်းရသည်နှင့် အတင်း လိုက်တိုက်၏။ တပ်မှူးကြီးများက အနီးကပ်ကြီးကြပ်ကြ၏။

ဝိုင်းပတ်ပိတ်ဆို့သည့် ဖြတ်လေးဖြတ် စစ်နည်း ဗျူဟာကြောင့် ပဲခူးရိုးမရှိ သောင်းကျန်းသူများမှာ ဆန် ပြတ်ပင် အနိုင်နိုင် သောက်ရသည့် အခြေအနေသို့ ရောက် ကြ၏။

၁၉၇၄ ခုနှစ် မိုးတွင်းသို့ ရောက်လာသည်။

တပ်မတော်မှ စစ်ဆင်ရေးများကြောင့် မစိန်ဝင်း ဆောင်သော ဗဟိုဆေးကျောင်းနှင့် အလင်းရောင်စခန်း သည် တောင်ပေါ် (၁၄) ရွာများအနီးတွင် ခိုကပ်နေရာမှ စောမူခိုလောသို့ ရွှေ့ခဲ့ရသည်။ စောမူခိုလောမှတစ်ဖန် ထဲမြနောက်ကျောသို့ ရွှေ့ခဲ့ရပြန်၏။ ရိက္ခာပြတ်ကာ ရေပင် အနိုင်နိုင် သောက်နေကြရ၏။ တောထဲတွင် တောငှက် များ ကင်ပလင်းရွက်၊ ဝက်ဂျပိုး၊ ကဒတ်ဥ၊ တောသဖန်း သီး ကတွတ်သီးနှင့် မျှစ်ကိုသာ စားကြရတော့၏။

အောက်တိုဘာလတွင် အလင်းရောင်စခန်း၌ ဆန် ပြတ်သွားပြီး အစာငတ်၍ သေသူသေ၊ ကျားဆွဲသူ နှင့် အခြေအနေအတော်ဆိုး၍ အားလုံး လူ(၃၀)ခန့်သာ

www.burmeseclassic.com



ကျန်တော့၏။ အရွယ်မရောက်သေးသူ ကလေး (၅)ဦးနှင့် လူကြီး (၂၅)ဦးဖြစ်သည်။ လူကြီး (၂၅)ဦးတွင် မစိန်ဝင်းပါ အမျိုးသမီး (၁၄)ဦး။ ပီကင်းပြန် ဉာဏ်ကျော် ခေါ် ညို အောင်ပါ အမျိုးသား (၁၁)ဦး ပေါင်း (၂၅)ဦးဖြစ်၏။

အားလုံးမှာ ရိက္ခာရရှိရေးကို စိတ်စောလျက်ရှိကြ၏။ ရိက္ခာကိုသာ အငမ်းမရ ရှာဖွေနေကြ၏။

ထိုအချိန်၌ အလင်းရောင်စခန်းသည် ညောင်လေးပင်မြို့၏ အနောက်ဘက် ပဲခူးရိုးမအရှေ့ခြမ်း တောင်ပေါ် (၁၄)ရွာအနီး ရဲနွယ်ချောင်းဖျားတစ်ဝိုက်တွင် ရှိလေသည်။

**တပ်မတော်မှ အလင်းရောင်သတင်း ရရှိခြင်း**

ပဲခူးရိုးမအနောက်ခြမ်း အရှေ့ခြမ်း၌ ရန်သူ သတင်းဖော်ထုတ်ရန် တပ်မတော်မှ အမာခံစခန်းကြီးနှစ် ထားရှိ၏။

ပထမ စခန်းတစ်ခုက ခလရ(–)ခေါ် အမှတ်(– ခြေလျင်တပ်ရင်းရှိသည့် ရိုးမအနောက် စိန်ကန့်လန့် အမာ စခန်း။

ဒုတိယ တစ်ခုက ခလရ(–) ခေါ် အမှတ်( ခြေလျင်တပ်ရင်းရှိသည့် ရိုးမအရှေ့ အုတ်တွင်းအမာ





...ပြန် မစိန်ဝင်း ခေါ် မမျိုးသန့် ခေါ် ခင်ခင်ကြည် ခေါ် ဝမ်ယွင် ခေါ် နို့တစ်လုံးစိန်

www.burmeseclassic.com

www.burmeseclassic.com



စခန်း။

တိုင်းမှူး၊ တပ်မမှူးနှင့် အရာရှိကြီးများသည် အမာခံ စခန်းများသို့ မကြာခဏ ရောက်ရှိပြီး ရန်သူ့သတင်းများကို စုဆောင်းရယူလျက်ရှိ၏။ သတင်းရ၍ သေချာပါက ချက်ချင်း တိုက်ကွက်ဖော်စေသည်။

အမာခံစခန်းများရှိ အမာခံများသည် တပ်မတော်က ဟိုတုန်းကလိုမဟုတ်။ တကယ်လုပ်သည်။ တကယ်ထိုက်သည်။ ရန်သူကို ဖြတ်လေးဖြတ်ဖြင့် တကယ် အမြစ်ပြတ် ချေမှုန်းနေသည်ကိုသိသည့်အခါ သတင်းများ အဆက်မပြတ် ပေးတော့၏။

ယခုလည်း တိုင်းမှူးကြီး အုတ်တွင်းအမာခံစခန်းသို့ ရောက်သည့်အခါ သတင်းရပြန်၏။

ထိုနေ့က တိုင်းမှူးပြန်မည်အလုပ် ညနေ(၄)နာရီခန့်၌ ခလရ (–) တပ်ရင်းမှူးက အရေးကြီးတင်ပြရန်ရှိ၍ တပ်ရင်းရုံးသို့ ခေတ္တဝင်ပါရန် သတင်းပို့၏။ တပ်ရင်းရုံးသို့ သွားကြသည်။

"ကဲ . . . ပြောဗျာ"

"တိုင်းမှူးခင်ဗျ။ ဗကပဗဟိုဆေးရုံ အလင်းရောင်စခန်းရဲ့ သတင်းရထားတယ် ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်က ရတာလဲ''

''မောင်လှဆိုတဲ့ အမာခံ လာသတင်းပေးတယ် ခင်ဗျ''

''ခေါ်ဗျာ ... မောင်လှကို''

မောင်လှ ရောက်လာသည်။ သတင်းမေးသည်။

''ဗိုလ်ကြီးတို့ ဗကပ ဗဟိုဆေးရုံ မရသေးရင် ကျွန်တော် ပြပေးပါ့မယ်''

ဟု ဆိုလာ၏။

''ဟော ... အေး ... ကောင်းသားပဲကွ။ ဒါဆို မင်း ငါနဲ့လိုက်ခဲ့''

တိုင်းမှူးက ခေါ်သည်။ အနီးမှ အရာရှိများက မောင်လှကို လူကြီးများနှင့် တစ်ပါတည်း ခေါ်မသွားစေလို ကြ။ အမာခံ မောင်လှက ...

''ကျွန်တော့်ကို စိတ်မချရင် လက်ထိပ်ခတ်ခေါ်ပါ ခင်ဗျ။ ကျွန်တော် မလိမ်ပါဘူး''

ဟု ပြောပြန်သည်။ အမှန်တကယ်ပင် ရိုးရိုးသား သားနှင့် စခန်းကိုပြချင်ပုံ ပေါ်နေ၏။ ထို့ကြောင့် တိုင်းမှူး ကြီးကပင် လိုက်ခွင့်ပြုလိုက်သည်။ ထို့နောက် ညောင်လေး ပင်ရှိ ရှေ့တန်းရုံးသို့ အမာခံမောင်လှအား တစ်ပါတည်း





ခေါ်ဆောင်သွားလေ၏။ ရဟတ်ယာဉ်ဖြင့် သွားကြခြင်း ဖြစ်လေ၏။ ရဟတ်ယာဉ်ပေါ်၌ တပ်မမှူးနှင့် ဒုတိုင်းမှူးများ လည်း ပါလာ၏။

ညောင်လေးပင်ရှေ့တန်းရုံး၌ မောင်လှက အောက် ပါအတိုင်း ပြောတော့၏။

''ကျွန်တော် ဒီကိုရောက်တာ တစ်ပတ်ပဲ ရှိပါသေး တယ်။ အရင်က ဗဟိုဆေးရုံမှာ ဗကပတွေနဲ့အတူနေပါ တယ်။ ရိက္ခာရှာဖို့ တပ်စိပ်တစ်စိပ်နဲ့အတူ ရွာတွေနား အသွားမှာ ရွာတွေက သံချောင်းခေါက်ပြီး အချက်ပေးကြ လို့ ပြေးကြရတော့ တကွဲတပြားစီဖြစ်ပြီး အလင်းဝင်ခဲ့ပါ တယ်။ အလင်းဝင်ပြီး ဒီအမာခံစခန်း ရောက်လာပါတယ်''

''စောစောတုန်းက မင်း ဘာကြောင့် ဒီဆေးရုံ သတင်းမပေးတာလဲ''

''အခြေအနေအမှန် မသိလို့ မပြောသေးတာပါ။ အခုတော့ ဗိုလ်ကြီးတို့ တကယ်လုပ်နေမှန်း၊ တကယ် ဗကပ ကို အပြတ်တိုက်နေမှန်းသိလို့ သတင်းပေးတာပါ''

''မင်း ဒို့ညာပြီး တောထဲရောက်တော့ ပြန်ထွက် ပြေးဦးမယ် မဟုတ်လား''

''ဘယ်ပြေးလို့လွတ်တော့မှာလဲ ဗိုလ်ကြီးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



တပ်တွေကလည်း ရိုးမ ဟိုဘက်ဒီဘက် ထပ်နေပြီ။ ဝိုင်းထားတာ။ ကျေးရွာလုံခြုံရေးတွေကလည်း အနားကို မကပ်နိုင်အောင် လုပ်ထားတာ။ တောထဲပြန်ပြေးရင်လည်း ဟိုမှာ သူတို့အချင်းချင်းက ဖြုတ်ထုတ်သတ်လုပ်နေကြတာ။ ကျွန်တော်ပြန်ရင်လည်း အသတ်ခံရမှာပဲ''

''ဦးတဲ့သူက မဦးတဲ့သူကို စွဲချက်တွေတင်၊ တစ်လကိုးသီတင်း ချုပ်ထား။ ဝိုင်းပြီး လက်ညှိုးငေါက်ငေါက်ထိုး ဆဲကြ၊ ဆိုကြနဲ့။ သတ်တော့လည်း တစ်ခါတည်း သေနတ်နဲ့ ပစ်တာမဟုတ်ဘူး။ ဝါးရင်းတုတ်နဲ့ရိုက်၊ ဓားတုံးနဲ့ ခုတ်နဲ့ အမျိုးမျိုး ညှဉ်းသတ်တာ။ ကြောက်စရာကြီးပါဗျာ''

''မင်းတို့ဆေးရုံခေါင်းဆောင်က ဘယ်သူလဲ''

''နို့တစ်လုံးစိန်ပါခင်ဗျာ''

''ဟာ ... တခြားနာမည် မရှိဘူးလား''

''ရှိပါတယ်ခင်ဗျာ။ မစိန်ဝင်းပါ''

''နော့ နို့တစ်လုံးစိန်လို့ ဘာဖြစ်လို့ခေါ်တာလဲကွ''

''ဒါတော့ ကျွန်တော် မသိဘူးခင်ဗျ။ နို့တစ်လုံးပဲရှိလို့များလား မသိဘူး''

ထိုအခါ စစ်ဆေးသူများက ဝိုင်းရယ်ကြသည်။ အမှန်တော့ သူပြောသလိုမဟုတ်ပါ။ မစိန်ဝင်း





သည် ပီကင်းပြန်များတွင် အလွန်တက်ကြွ၏။ ကွန်မြူနစ်ပါတီပေါ် အလွန်ယုံကြည်သည်။ ဗကပအမျိုးသမီးများတွင် ရှာမှရှား No Two နှစ်ယောက်မရှိသည့် နိုးတူးဖြစ်သည်။ နိုးတူးစိန်ဟု အမည်ရသည်။ နိုးတူးစိန်ကို အင်္ဂလိပ်စကားနားမလည်သူများက လျှာလည်ကာ နိုးတူးစိန် အစား နို့တစ်လုံးစိန်ဟု ခေါ်ကြတော့၏။ ဤတွင် နိုးတူးစိန်မှ နို့တစ်လုံးစိန် ဖြစ်သွားရတော့၏။

''ကဲ ... ကောင်းပြီကွာ။ မင်းပြမယ်ဆိုရင် ပြပေတော့။ ဒို့ဆီက ကွန်မန်ဒိုစစ်ကြောင်း ထည့်ပေးလိုက်မယ်''

ဤတွင် ဗကပတို့၏ အလင်းရောင်စခန်းခေါ် ဗဟိုဆေးကျောင်းခေါ် ဗဟိုဆေးရုံစခန်းကို တိုက်ခိုက်ရန် တပ်မှူးကြီးများက ညတွင်းချင်း စီစဉ်ကြ၏။

ညောင်လေးပင်မှာ အရန်ထားသည့် အမှတ် (–) ခြေမြန်တပ်ရင်းမှ ကွန်မန်ဒိုစစ်ကြောင်းကို တာဝန်ပေးလိုက်တော့၏။ စစ်ကြောင်းမှူးကား ဗိုလ်မှူး ဇာခူးမား။

## ဘွန်တော်သိသော ဗိုလ်မှူးကြီးဇာခူးမား

ဗိုလ်မှူး ဇာခူးမားကား နောင် ၁၀ နှစ်ကျော်အကြာ ၁၉၈၅ ခုနှစ်၌ ကျွန်တော့်တပ်ရင်းမှူးဖြစ်လာ၏။ ကျွန်တော်



www.burmeseclassic.com

က သူ့တပ်မှာ Second in Command တူးအိုင်စီ 2 IC သို့မဟုတ် ဒုတပ်ရင်းမှူး။ ဗိုလ်မှူး ဇာခူးမားနှင့် ၂ နှစ်ခွဲ သုံးနှစ်ခန့် အတူနေခဲ့ဖူး၍ တပ်ရင်းမှူးကြီးအကြောင်း အနည်းငယ်ပြောချင်ပါသည်။

ဗိုလ်မှူး ဇာခူးမားသည် ကာလကတ္တားတွင် ကျောင်းနေ၍ Matriculation ခေါ် တက္ကသိုလ်ဝင်တန်း အောင်ပြီးမှ မြန်မာ့တပ်မတော်ကို ဝင်လာသူဖြစ်၏။ ရှားရှားပါးပါး ချင်းတောင်မှ တိုင်းရင်းသားဖြစ်၏။ တပ်ထဲဝင်တော့ ဗမာစကားမတတ်၍ ရဲဘော်များက သင်ပေးကြသည်ဆို၏။ သူသည် ကျွန်တော့်ကိုခေါ်လျှင် ...

"ဟေ့ ... ဗိုလ်မှူး တူးအိုင်စီ" ဟုခေါ်တတ်သည်။ စကားပြောလျှင် "မင်းနဲ့ငါနဲ့"ပြောသည်။

ကျွန်တော် မဆိုထားပါနှင့် သူ့အထက်က ဗျူဟာမှူးကိုတောင် "ဟေ့ ဗျူဟာမှူး"ဟု ခေါ်ပြီး "မင်းနဲ့ ငါနဲ့" ပြောတတ်သည်။ ဗျူဟာမှူး ဗိုလ်မှူးကြီး အယ်ဒီမျိုးမင်းက ဗမာစကားမတတ်တတတ်နှင့် တပ်ရင်းမှူး ဗမာစကား ပြောသည်ကို အလွန်သဘောကျပြီး နားထောင်လို့ ကောင်းသည်ဟုဆိုကာ မကြာခဏ စတတ်သည်။

ဗျူဟာမှူးကိုတောင် မင်းနဲ့ငါနဲ့ ပြောသော





တပ်ရင်းမှူးကြီးသည် သူ့သားများကိုတော့ ရိုရိုသေသေ ခင်ဗျားနဲ့ ကျွန်တော်နဲ့ ပြောပြန်၏။ အတော်ရယ်ရပါသည်။ သို့ရာတွင် မရယ်ရဲခဲ့ပါ။ ကျွန်တော်နှင့်တွေ့တော့ သူ့အသက်က ၆၀။ အဆင့်က ဒုဗိုလ်မှူးကြီး။ ကျွန်တော်က အသက် ၄၀။ သူ့သားသာသာ။ အဆင့်က ဗိုလ်မှူး။

သူသည် စိတ်လိုလက်ရရှိသည့်အခါ ခမရ ( – ) ကွန်မန့်ဒိုစစ်ကြောင်းနှင့် မစိန့်ဝင်း၏ အလင်းရောင် စခန်းသိမ်း တိုက်ပွဲကို ပြောတတ်၏။ တောင်ပေါ်သား တိုင်းရင်းသားပီပီ အလွန်အပင်ပန်းခံနိုင်သည်။ တောလည်း ကျွမ်းသည်။ အပစ်အခတ်နှင့် အမဲလည်လည်း ဝါသနာပါသည်။ တကယ့်စစ်သားအစစ်ကြီးဖြစ်၏။

ဆက်လက်၍ ခမရ ( – ) ကွန်မန့်ဒိုစစ်ကြောင်း၏ ဒကာပ ဗဟိုဆေးကျောင်းခေါ် အလင်းရောင်စခန်းသိမ်း တိုက်ပွဲကို ဖော်ပြပါမည်။

## အလင်းရောင်ကိုချိတက်တိုက်ခိုက်ခြင်း

ထိုနေ့ကား ၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့။

ညောင်လေးပင်က စထွက်တော့ ညမှောင်ပြီ။ သို့ရာတွင် အမာခံ မောင်လှက လမ်းကျွမ်းသူဖြစ်ခြင်း

www.burmeseclassic.com



ကြောင့် ကွန်မန်ဒိုတပ်ဖွဲ့ကို ဖြတ်လမ်းက ခေါ်သွားရာ အလင်းရောင်စခန်းအနီးသို့ မနက်လေးနာရီထိုးလောက် ရောက်သွားကြ၏။ နံနက်အရုဏ်ဦး Dawn Attack တိုက်ရန်စီစဉ်သည်။ ပြေးပေါက်များကို အလုံပိတ်ထားသည်။ ပစ်ကာပတ်ဖြတ်လုပ်နိုင်အောင် စီစဉ်ထားသည်။ ဗဟိုဆေးရုံစခန်းနောက်တွင် အဝင်တောင်ကြားလမ်းကလေး ရှိသည်။ လမ်းကလေးကိုလည်း တပ်ချကာ ပိတ်ထားလိုက်သည်။ တောထူသဖြင့် အမှောင်ထဲတွင် အသံမထွက်အောင် ကြိုးစားတိုးဝှေ့သွားလာပြီး ဆောင်ရွက်ရသည်။ မလွယ်လှပါ။

စစ်ကြောင်းမှူး ဗိုလ်မှူးဇာခူးမားက ...

"ဟော့ ... မင်းတို့ ငါ စပစ်မှ ပစ်"

ဟု ရဲဘော်များကို မှာထား၏။


မိုးလင်းသော် တောင်ကြားလမ်းကလေးမှ အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦး စခန်းသို့ ပြန်ဝင်လာကြ၏။

"အဲဒါ ဘယ်သူတွေလဲ"

စစ်ကြောင်းမှူးက မေးသည်။

"အမျိုးသမီးက အလင်းရောင်စခန်းမှူး မစိန်ဝင်း





www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားက အောင်နိုင်တပ်မှူး ညိုအောင်ပါ။ ဥာဏ်ကျော် လို့လည်း ခေါ်ပါတယ်။ မစိန်းဝင်းလို ပီကင်းပြန်ပါ''

မောင်လုက ဖြေ၏။

''စောစောစီးစီး နှစ်ယောက်တည်း ဘယ်ကပြန် လာကြတာပါလိမ့်''

''မပစ်ကြနဲ့။ ကျန်တဲ့သူတွေ လွတ်သွားဦးမယ်''

ဗိုလ်မှူးဇာရွှေမားက တားလိုက်၏။

ခဏအကြာ လုံးဝ မိုးလင်းသွားတော့၏။

''ဟော့ . . . မင်းတို့အားလုံး လက်နက်ချကြ။ မင်းတို့ စခန်းကြီးတစ်ခုလုံး ငါတို့ ဝိုင်းထားပြီ''

ကွန်မနိုဒိုစစ်ကြောင်းက နေရာယူထားပြီး အော် ပြောသည်။ ထိုအခါ မစိန်ဝင်းသည် စခန်းတွင်းမှ ပထမ ဦးစွာ ကာဘိုင်ဖြင့် ပြေးထွက်လာ၏။ ညိုအောင်ပါ နောက်မှ ပါလာ၏။ လက်နက်ချမည့်ပုံ မပေါ်။

''ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . . ဒိုင်း''

သူတို့မှ စပစ်သည်။

ကွန်မနိုဒိုတပ်မှူးက အားလုံးကို ပစ်မိန့်ပေးလိုက် ၏။

သေနတ်သံများဆူညံသွားတော့၏။ ညိုအောင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းကျဆုံးသွားသော်လည်း မစိန်ဝင်းက ဒဏ်ရာ မပြင်းထန်၍ ပြန်လည်ခုခံပစ်နေသည်။ လက်နက်ချ အဖမ်းခံရန် နှစ်ခါသုံးခါ အော်ဟစ်သတိပေးသော်လည်း မရပါ။ အသည်းအသန် ခုခံပစ်ခတ်သည်။ မတတ်နိုင်ပါ။ အပြတ်သာရှင်းရတော့၏။ အချိန်အနည်းငယ်အတွင်းမှာပင် စခန်းသိမ်းတိုက်ပွဲက ပြီးဆုံးသွားတော့သည်။

မနက်ရှစ်နာရီကျော် ကိုးနာရီ၌ စခန်းတစ်ခုလုံးကို ကွန်မန်ဒိုစစ်ကြောင်းက အပြီးသတ် ရှင်းလင်းနိုင်တော့၏။

မစိန်ဝင်းနှင့် အောင်နိုင်တပ်မှူး ညိုအောင်အပါဝင် ၁၁ ယောက်ကျဆုံး၍ ၇ ယောက်ကဒဏ်ရာနှင့် ၄ ယောက်က အရှင်မိသည်။ အချို့ လွတ်သွား၏။ လွတ်သွားသည့် အဖွဲ့နောက်သို့ ကွန်မန်ဒိုတပ်စုတစ်စုက လိုက်လံရှင်းလင်းသည်။ ကွန်မန်ဒိုစစ်ကြောင်းမှူးက တိုက်ပွဲသတင်းကို ညောင်လေးပင် ရှေ့တန်းရုံးရှိ တိုင်းမှူးထံ အစီရင်ခံလိုက်၏။ မနက် ၁၁ နာရီခန့်တွင် တိုင်းမှူးဗိုလ်မှူးချုပ် သန်းတင်နှင့် အရာရှိကြီးများ တိုက်ပွဲနေရာသို့ ရဟတ်ယာဉ်ဖြင့် ရောက်လာကြ၏။

အလောင်းများကို စစ်ဆေးကြသည်။ စခန်းကိုလှည့် ကြည့်ကြသည်။





အရာရှိကြီးတစ်ဦးက မစိန်ဝင်း အလောင်းကို တွေ့တော့ ...

"တစ်လုံးလား နှစ်လုံးလား မသိဘူး"

ဟု ဆိုလိုက်ရာ အနီးရှိ ရဲဘော်တစ်ဦးက ...

"ကြည့်ပြီးပါပြီ။ နှစ်လုံးပါခင်ဗျ"

ဟု ရုတ်တရက်ပြောလိုက်ရာ အားလုံးရယ်မောကြသည်။

အောင်နိုင်တပ်မှူး ညိုအောင်ခေါ် ဉာဏ်ကျော်လည်း သူတို့ပြောသလို ဝတ်ပြတ်နေပုံမရ။ သန့်သန့် [illegible]ပုံပေါက်၏။

"ညိုအောင်က သန့်သန့်မာမာပဲ။ ဘာဖြစ်လို့ သူ့အောင်နိုင်တပ်နဲ့ သူမနေဘဲ အလင်းရောင်ရောက်နေတာလဲ"

ဟု အရာရှိကြီးတစ်ဦးက ပြောပြန်ရာ ...

"အဖျားဝင်သွားလို့ ဆေးရုံလာတက်ရင်း ဆေးရုံကြီးက အပြုအစုကောင်းလို့ နားနေတာပါ"

ဟု အရှင်မိထားသည့် ဗကပမတစ်ဦးက ပြောပြန်ရာ အားလုံးက ရယ်စရာမပါဘဲ ရယ်မောကြပြန်ပါသည်။

မစိန်ဝင်းမှာ သေတော့ အသက် ၅၀ ပင် မပြည့်



www.burmeseclassic.com

www.burmeseclassic.com



သေးပါ။ ၄၀ သာသာ သာဖြစ်၏။ အရွယ်ကောင်းဟု ဆို
ပါမည်။ ရုပ်ကလည်း တောင့်တောင့်ဖြောင့်ဖြောင့်။

ကျဆုံးသူများထဲတွင် မစိန်ဝင်းအပါအဝင် အမျိ
သမီး ၄ ယောက်ပါသွား၏။ ကလေး ၄ ဦးကား ဒဏ်
မရ။ အားလုံးပုန်းနေ၍ လွတ်ကြ၏။ မိခင်များနှင့်အ
ကလေးများကိုတွေ့တော့ တပ်မတော်က အထူးဂရုစိုက်
စောင့်ရှောက်ခဲ့ကြသည်။ အားလုံးကား လူရုပ်ပင်မပီတော

တိုင်းမှူးနှင့်အဖွဲ့က ပါလာသည့် စားစရာများ
ညောင်လေးပင်မှ ခေါက်ဆွဲကြော်များကို သူတို့စားဖို့
သည့်အခါ အငမ်းမရ စားကြရှာ၏။

ကွန်မန်ဒိုတပ်မှူး ဗိုလ်မှူးဇာခူးမားက တိုင်းမှူး
အရာရှိကြီးများကို ညောင်လေးပင်ကာစ ချီတက်ချိန်မှ
တိုက်ပွဲပြီးချိန်ထိ လုပ်ဆောင်မှုအဆင့်ဆင့်ကို ရှင်းလ
တင်ပြသည်။ တိုင်းမှူးက သိလိုသည်များမေးပြီး ညော
လေးပင်သို့ ပြန်လည်ထွက်ခွာသွားခဲ့၏။

ရန်သူနောက် ထပ်ချပ်မကွာလိုက်သည့်အဖွဲ့
ရန်သူ ၂ ဦးဖမ်းမိကာ ပြန်ရောက်လာသည်။ လွတ်သွာ
မှာ ရန်သူ သုံးလေးဦးသာရှိတော့၏။ လွတ်သွားသူ
လေးဦးကလည်း နီးစပ်ရာစစ်ကြောင်းများသို့ တစ်



ရက်အတွင်း အလင်းဝင်ခဲ့ကြ၏။

ဤသို့ဖြင့် ပဲခူးရိုးမတွင် ထင်တိုင်းကြဲ၍ ပြည်သူ
ပေါ် အနိုင်ကျင့်ဗိုလ်ကျကာ အာဏာနိတည်ဆောက်
သည့် ပီကင်းပြန် မစိန်ဝင်းခေါ် နို့တစ်လုံးစိန်ခေါ် နီးတူး
သည် အလင်းရောင်စခန်းနှင့်အတူ တပ်မတော်နှင့်
ပြည်သူတို့၏ ပူးတွဲချေမှုန်းမှုအောက်တွင် လုံးဝ ကျေပြုန်း
လေတော့သတည်း။

ချုပ်တင်ပြချက်

ဤတိုက်ပွဲနှင့်ပတ်သက်ပြီး နိဂုံးချုပ် သုံးသပ်တင်ပြ
ပါသည်။

ပထမတစ်ချက်က No information, no op-
tion ဆိုသည့်စကားကိုပင် ပြောရပါမည်။ အမာခံ မောင်
မှ သတင်းရ၍ ရန်သူ့နေရာအတိအကျသိကာ တိုက်
နိုင်ခြင်းဖြစ်ပါသည်။ အချိန်မပေးနိုင်၍ သိပ်ပြီး ပြင်
ချိန်မရပါ။ အမြန်ချီတက်၍ အမြန်တိုက်ခဲ့ရခြင်းသာ

ဒုတိယအချက်မှာ ကွန်မန်ဒိုတပ်ဖွဲ့ ချီတက်မှု
မြန်ပါသည်။ ရည်မှန်းချက်ကို အစောကြီးရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ အချိန်ကန့်သတ်ချက်ကြောင့် မိုးအလင်းမှာ စော
တိုက်ရသည်။ နေရာက တောအလွန်ထူသဖြင့် ရန်
သုံးလေးဦး လွတ်သွားသည်။ သို့ရာတွင် နောက်တေ
အားလုံးပြန်ရပါသည်။ တောင်ပေါ်နှင့်တောတွင်း စစ်ဆ
ရေးကို ဗျူဟာမြောက်ဆောင်ရွက်နိုင်သည်ဟု ဆိုရပါမည်

တတိယအချက်မှာ တပ်မတော်မှ တပ်အခ
အကျင်း ကောင်းကောင်းနှင့် အကွက်ချကာ ဆောင်ရွ
သည်။ ပြည်သူကိုပါ စည်းရုံးနိုင်သည်။ ပြည်သူတွေ မ
တို့ဘက် ပါသဖြင့် စစ်အောင်နိုင်ကြောင်း သုံးသပ်ရ
သည်။

ဤအောင်ပွဲသည် တကယ်တော့ ကွန်မင်
အောင်ပွဲသာမဟုတ် တပ်မတော်နှင့် ပြည်သူ လက်တွဲ
သောကြောင့် ရသည့်အောင်ပွဲဟုသာ ဆိုလိုက်ပါရစေ
ခင်ဗျား။





**နှိုင်းမြန်းကိုးကားသည့်စာအုပ်များ**

၁။ စစ်ဆင်ရေးပြီးစစ်ဆင်ရေး
ဗိုလ်မှူးချုပ်သန်းတင်(အငြိမ်းစား)

၂။ သခင်သန်းထွန်းနောက်ဆုံးနေ့များ (ပထမတွဲ)
ရဲဘော်မြ၊ ရဲဘော်ဘခက်၊ ဗိုလ်မင်းဒင်၊
ရဲဘော် စောလှ၊ ဗိုလ်တင်ရှိန်

၃။ သခင်သန်းထွန်း နောက်ဆုံးနေ့များ (ဒုတိယတွဲ)
ရဲဘော်မြ၊ ရဲဘော်ဘခက်၊ ဗိုလ်မင်းဒင်၊
ရဲဘော် စောလှ၊ ဗိုလ်တင်ရှိန်

၄။ ဖင်ချစ်နောက်ဆုံး (၂)
ရဲဘော်မြ၊ ရဲဘော်ဘခက်၊ ရဲဘော်တင်ရှိန်၊
ရဲဘော် စန်းမြင့်၊ ရဲဘော်အောင်သူ



www.burmeseclassic.com

www.burmeseclassic.com



ကွန်မန်ဒို တပ်ဖွဲ့မှူး ဗိုလ်မှူးစာရှူးမား
(ယခု ဒုဗိုလ်မှူးကြီးစာရှူးမား အငြိမ်းစား) ကအလင်းရောင်စခန်းသိမ်းတိုက်ပွဲဖြစ်စဥ်ကို
တိုင်းမှူး နှင့် တပ်မမှူးတို့အားရှင်းလင်းတင်ပြနေပုံ။ (၁၉၇၄ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com

## ကဗ္ဗလီနားက ကွန်မန်ဒိုအောင်ပွဲ

**ဇာတ်လမ်းအစဖော့ထူးက**

၁၉၇၁ ခုနှစ် မိုးဦးကျစကာလ။

ဗဟိုပြည်သူ့ဆက်ဆံရေးတပ် ချော်တွင်းကုန်း၌ ...နေသူ ကျွန်တော် သင်တန်းတက်နေရသည်။ သင်တန်း ... တပ်ရင်းအဆင့် စည်းရုံးရေးမှူးမံသင်တန်း။ လူ ၄၀ ...ော်ခန့်ရှိ၏။ ဗိုလ်မှူးအဆင့်မှ ဗိုလ်အဆင့်ထိ ပါဝင်၏။ ...အထဲ၌ ဗိုလ်အဆင့် ၄ ဦးပါသည်။ ကျွန်တော်၊ ဗိုလ် ...န်တင်၊ ဗိုလ်အေးကို၊ ဗိုလ်ကျော်ကျော်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးများ တစ်ယောက်တစ်ခန်း နေရသည်၊ ဗိုလ်ကြီးများနှစ်ယောက် တစ်ခန်း နေရသည်။ ကျွန်တော် တို့ ဗိုလ်အဆင့် ၄ ယောက်ကိုတော့ ၄ ယောက်မှ တစ်ခန်း ထား၏။ ၄ ယောက်တစ်ခန်း နေရသဖြင့် ရက်များမကြာမီ တစ်ဦးနှင့်တစ်ဦး ခင်မင်သွားကြ၏။ ထွေရာလေးပါး ပြော ဖြစ်ကြ၏။ လူပျိုကြီး ဗိုလ်ကျော်ကျော်ကို ဝိုင်းစကြ ရည်းစားထားအောင် မြှောက်ပေးကြ၏။ ဘေးနားက သ ဝါယမသင်တန်းသူလေးများနှင့် ငြိသွားအောင် ဝိုင်းညှိပေး ကြ၏။ ထိုအထဲတွင် ဗိုလ်ဟန်တင်နှင့် ဗိုလ်အေးကိုတို့က အသိုးဆုံး။ သူတို့သည် ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထော ကျလာသူများဖြစ်၏။

သို့ရာတွင် သူတို့နှစ်ဦးလုံး စစ်မြေပြင် အတွေ့ အကြုံရှိသူများဖြစ်ကြ၏။ ထို့ကြောင့် စစ်တိုက်သည် အကြောင်းကို မကြာခဏ ပြောတတ်ကြ၏။ ဗိုလ်ဟန်တ က ဖာပွန်နှင့် ရေကြောမြေကြောဆက် လှိုင်းဘွဲ့တပ် ဖြစ်၍ သူနှင့်ကျွန်တော်သည် ရင်းရင်းနှီးနှီး စကားလက် ကျလေ့ရှိ၏။ သူသည် သံလွင်မြစ်ရိုးနှင့် ဒေါနတော အနောက်ခြမ်း၌ နှစ်အတန်ကြာ ကျက်စားခဲ့ဖူး၏။ စစ် ရေးတာဝန် ထမ်းဆောင်ခဲ့ဖူး၏။ သူတွင် နာမည်ကြီး ရန်





ခေါင်းဆောင်များနှင့် တိုက်ပွဲအတွေ့အကြုံများ အများအပြား ရှိ၏။ လှိုင်းဘွဲ့ကား ဒေါနတောင်အနောက်ခြမ်း၌ ရန်သူ မကြာခဏ ခလုတ်တိုက်ခံရသော မြို့ဖြစ်၏။ သူနှင့် ကျွန်တော်သည် ရေကြောမြေကြောဆက်နေရပြီး ရန်သူ ကလည်း ဒီလူ ဒီလူတွေမို့ ရန်သူအကြောင်းပြောတိုင်း ပြော စရာများက တူသည်။ သိတာချင်းလည်း တူသည်။ ခံစား ရတာချင်းလည်း တူသည်။ ထို့ပြင် ကိုဟန်တင်က အညာ သား မန္တလေးက။ ကဗျာလက်ာနှင့် စာတိုပေစများ ဝါသနာ ပါသည်။ မန်းတက္ကသိုလ်က ဘွဲ့ရဖြစ်သည်။

ကျွန်တော်က သူ့ထက်မြောက်ဘက် ပိုရောက် သော ရွှေဘိုအနောက်မြောက်က ရေဦးသား။ သူ့လိုပင် ကဗျာလင်္ကာနှင့် စာတိုပေစများ ဝါသနာပါ၏။ ရန်ကုန် တက္ကသိုလ်က ထွက်သည်။ အကျင့်တူ ဝါသနာတူမို့ ထိုသင်တန်း၌ ကျွန်တော်သည် ဗိုလ်ဟန်တင်နှင့် အရင်းနှီး ဆုံးဖြစ်၏။ အသက်ကလည်း မတိမ်းမယိမ်း။ သူက တစ် နှစ် နှစ်နှစ်ကြီးသည်။ ၂ ယောက်လုံးက ဗိုလ်ပေါက်စဘဝ မှာပင် အိမ်ထောင်ကျလာသူများ ဖြစ်၏။ သူနှင့် ကျွန်တော့် တွင် ပြောမည်ဆိုက ပြောစရာများလှချေ၏။

သင်တန်းပြီးဆုံးခါနီး မိုးတွင်းတစ်နေ့၊



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ...ကိုသက်ဦး ကျွန်တော်တို့တပ်က Convoy တစ်ခု ဘားအံက လှိုင်းဘွဲ့အပြန် ထီးလုံနဲ့ရေပူကြီး လမ်းခွဲနားမှာ Ambush လုပ်ခံရတယ်ဗျာ။ ညက လူနာတချို့ မင်္ဂလာဒုံစစ်ဆေးရုံကြီး ရောက်လာတယ်"

"ဩော် ...လုပ်သွားတဲ့သူက ဘယ်သူတဲ့လဲ"

"သိန်းရွှေတဲ့ဗျာ။ ဖော့ထူးနေရာတက်လာတဲ့ လူသစ်ပေါ့။ လူသစ်ဆိုတော့ အစွမ်းပြချင်နေတာလေ။ တပ်က တော်တော်နာသွားတယ်ဗျ။ အခု နောက်ပေါ်တဲ့ M72 တစ်ချက်ပစ် လောင်ချာတွေနဲ့ ဝိုင်းပစ်တာ ကားတစ်စီးမီးလောင်သွားတယ်တဲ့"

"ဩော်"

Ambush လုပ်သွားတဲ့သူက ဖော့ထူးနေရာတက်လာတဲ့ သိန်းရွှေဆိုပါကလား။

❖

ကျွန်တော် ဗိုလ်သင်တန်းဆင်းပြီး ဖာပွန်ရောက်ခါစက သံလွင်မြစ်ရိုးနှင့် ဒေါနတောင်အနောက်ခြမ်း၌ ဒေသခံ ရန်သူများတွင် ဒီအိုရင်း(၁၉) တပ်ရင်းမှူး ဖော့ထူးကား နာမည်အကြီးဆုံး၊ အစွာဆုံးဖြစ်၏။ ထိုစဉ်က





ဂျော်နီနှင့် ကျော်တုတုတို့သည် သူ့လက်အောက်က ဗိုလ်ပေါက်စများ။

ဖော့ထူးသည် အဖေကုလား အမေကရင်ဖြစ်၏။ စကားပြောကောင်း၏။ တိုက်ရည်ခိုက်ရည်ရှိ၏။ အကွက်မြင်၏။ စစ်ရေးအတွေ့အကြုံရှိ၏။ ထို့ကြောင့် သူ့အထက်က သူ့အား မြှောက်ပင့်ပေးကာ မကြာခဏ တိုက်ကွက်များဖော်နိုင်း၏။ အားလည်း အလွန်ကိုး၏။

ဖော့ထူးက ကျုံဒိုး၊ ကော့ကရိတ်၊ မြဝတီ၊ သဃ်န်းညီနောင်၊ လှိုင်းဘွဲ့၊ ရွှေဂွန်းစသော မြို့များကို မကြာခဏ ပစ်ခတ်နှောင့်ယှက်သည်။ သံလွင်မြစ်ရိုးမှ I.W.T သင်္ဘောများကို စောင့်ပစ်သည်။ ဂျိုင်းမြစ်ထဲက စက်လှေများကို စောင့်ပစ်သည်။ ရုံဖန်ရုံခါ ကရင်ပြည်နယ်မြို့တော် ဘားအံကိုပင် နှောင့်ယှက်ထိပါးတတ်၏။ ထို့ကြောင့် ထိုစဉ်က ရှတခ စစ်ဆင်ရေး briefing နှင့် ဘားအံရှိ တပ်မဟာ (၁၁) စစ်ဆင်ရေး briefing များတွင် မိုးလင်းသည်နှင့်

"ဒီနေ့ ဖော့ထူး ဘယ်ရောက်နေလဲ"

"ဒီနေ့ ဖော့ထူး ဘာလုပ်မယ်ထင်လဲ"

ဟုပင် နေ့စဉ် ဖော့ထူးကို Target ထားကာ စောင့်ကြည့်နေရသည်။ ဖော့ထူးက လစ်သည်နှင့် တွယ်



www.burmeseclassic.com

www.burmeseclassic.com



တတ်၏။ ကရင်ပြည်နယ်က အနောဖလစ် ငှက်ဖျား ခြင်များလို လက်ပေါ် လက်ကိုက်၏။ ဖင်ပေါ် ဖင်ကိုက်၏။ ထို့ကြောင့် သူ့ကို လုံးဝ အလစ်မပေးရဲ။

မကြာသေးမီ လအနည်းငယ်က ဖော့ထူးနှင့် သူ့တပ်ရင်းတစ်ရင်းလုံး သူ့အထက်၏ တွန်းအားပေးမှု ကြောင့် လှိုင်းဘွဲ့တပ်မှ ပိုင်ကျူစခန်းကို အပိုင်ဝင်တိုက်ကြ သည်။ စခန်းက မဆုတ်တမ်း ခံစစ်စခန်းမို့ စနစ်တကျ ခုခံသည်။ တပ်စုအဆင့် စခန်းဖြစ်၏။ ရန်သူနှင့် မိမိအင် အား ဆယ်ဆခန့်ကွာ၏။ တပ်မတော်မှ စနစ်တကျ ခုခံ ကြခြင်းကြောင့် စခန်းမှာ လွယ်လွယ်နှင့် မကျပါ။

"ဟေ့ . . . ခြံစည်းရိုးကို အတင်းဖောက်ကွာ"

တောအရက်များကို မူးအောင်သောက်ပြီး ဖော့ထူး လူများက စခန်းခြံစည်းကို လောင်ချာများဖြင့် ပစ်ဖောက် ကြ၏။ မရပါ။ စခန်းခြံစည်းရိုးက သုံးလေးထပ်။ မိုင်း အတားအဆီးပါရှိနေရာ အရမ်းမတိုးရဲကြ။ တိုက်ပွဲချိန် ကြာသွားသည်။

"ဟေ့ . . . မရသေးဘူးလားကွ"

ဖော့ထူးက စိတ်မရှည်တော့ဘဲ ခြံစည်းရိုးဖောက် ရာသို့ သူကိုယ်တိုင် တက်ရောက်ပြီး အနီးကပ်ကြီးကြပ်





သည်။ ဆဲဆိုအော်ဟစ်ပြီး အမိန့်ပေးသည်။ သူ့အသံ ကြားတော့ စခန်းတွင်းရှိ စခန်းမှူးနှင့် အကြပ်စစ်သည်များ က အသင့်ထုတ်ထားသည့် ၃၆ လက်ပစ်ဗုံး လေးငါးလုံး အား ပင်ဖြုတ်ကာ အသံကြားရာသို့ လှမ်းပစ်လိုက်၏။ လက်ပစ်ဗုံးတစ်လုံးက ဖော့ထူးရှေ့တည့်တည့်ကျပြီး ပေါက် ကွဲသွားရာ သူ့ရဲကောင်းကြီး ဖော့ထူးခမျာ ၃၆ လက်ပစ် ဗုံး ထိမှန်ကာ အနိစ္စသဘောနှင့် တစ်ခါတည်း ကိစ္စချော သနေတော့၏။

ခေါင်းဆောင်ကြီးကျဆုံးသွားတော့ တပည့်များက တိုက်ပွဲကို ဆက်မတိုက်ကြတော့ဘဲ ဖော့ထူးအလောင်း သယ်ကာ ဒေါနအနောက်ခြမ်းသို့ ပြန်သွားကြ၏။

ဖော့ထူးကျသွားတော့ သူ့အထက်က သူ့နေရာ အစားထိုးဖို့ စဉ်းစားကြသည်။ ဘယ်သူ့ ခန့်ရမလဲပေါ့။ ဖော့ထူးလိုရော လုပ်နိုင်ပါ့မလားပေါ့။ ဂျော်နီတို့ကလည်း ငယ်နုငယ်သေးသည်။ တပ်ရင်းမှူးခန့်လို့ မရနိုင်သေး။ နောက်ဆုံးတော့ ဘယ်လိုမှရှာမရ စဉ်းစားမရသည့်အဆုံး၌ ဖော့ထူးနေရာကို သိန်းရွှေအား ခန့်လိုက်လေတော့ ၏။



www.burmeseclassic.com

www.burmeseclassic.com



**သိန်းရွှေဆိုသည်မှာ**

ဤနေရာတွင် သိန်းရွှေအကြောင်း အနည်းငယ်
ဖော်ပြပါမည်။


သိန်းရွှေသည် ဖော့ထူးနှင့် အသက်မတိမ်းမယိမ်း
ဖြစ်၏။ Contemporary ဖြစ်၏။ သံလွင်အရှေ့ခြမ်း
ကပ္ပလီဒေသသားဖြစ်၏။ ဂျော်နီတို့နှင့် ရပ်ဆွေရပ်မျိုးများ
ဖြစ်၏။ သိန်းရွှေသည် ဒေသခံ ကရင်တိုင်းရင်းသား အစ
ဖြစ်၏။ ဖော့ထူးလို ကပြားမဟုတ်။ ဖော့ထူးလို သွက်သွ
လက်လက်မဟုတ်။ ပလီစိချောက်ချက် သိပ်မပြောတတ်
ထို့ကြောင့် သူ့အား သူ့အထက်က "ဒီကောင်ကြီးက
ထိုင်းတဲ့ကောင်ကြီးပါ" ဆိုပြီး ဖော့ထူးလို နေရာကော
ကောင်း မပေးခဲ့။ ဒုတပ်ရင်းမှူးရာထူးဖြင့် ဟိုပို့ဒီပို့ ပို့ခဲ့
ဘော်လီဘောပုတ်ခဲ့၏။ ယခုတော့ ရွေးစရာလူမရှိတော့
သိန်းရွှေကို ခေါ်၍ . . .

"ဟော့ကောင်ရေ မင်းကို ဒို့က သိပ်ယုံကြ
အားကိုးလို့ တပ်ရင်းမှူးခန့်လိုက်ပြီကွ"

ဟုဆိုကာ ကျောသပ်ခဲ့သည်။

"ကဲ . . . မင်းတပ်ရင်းမှူးဖြစ်ပြီ။ ဒို့ကို ဒီရာ
ထိုက်တန်တယ်ဆိုတာ ပြဖို့ မင်းတစ်ခုခုတော့ လုပ်





(၁၉)ရင်းမှူး ဒုဗိုလ်မှူးကြီး သိန်းရွှေအား တပ်မဟာ ကွန်မန်ဒိုတပ်ဖွဲ့က
သေရစ်ခဲ့သည့် ဘားအံရွှေဂွန်း လှိုင်းတွဲ့ ကပ္ပလီ ဒေသပြမြေပုံ။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကွာ''

ထိုသို့ ပိုင်းပြောကြပြီး မကြာမီကမှ သူတို့ ရရှိထားသော လက်နက်အသစ်အဆန်းများဖြစ်သည့် အမ် (၁၆)၊ အိပ်ချ်ကေ (၃၃)၊ အမ် (၇၉) ခေါက်မော်တာနှင့် အမ် (၇၂) တစ်ချက်ပစ် လောင်ချာများကို သိန်းရွှေအား ထုတ်ပေးတော့သည်။

ရာထူးတက်ပြီး လက်နက်အသစ်အဆန်းများပါ ထက်ဝယ်ရရှိလိုက်၍ သိန်းရွှေ အထူးအားတက်သွား၏။ ချမ်းချိုကြွဖြစ်သွား၏။ တိုက်စရာခိုက်စရာ တိုက်ကွက်များလိုက်ရှာသည်။ သူလည်း ဖော့ထူးလို တိုက်တတ်ခိုက်တတ်ကြောင်း၊ တိုက်ရည်ခိုက်ရည်ရှိကြောင်း ပြချင်သည်။ တိုက်ကွက်ကလည်း အပိုင်တိုက်ကွက်ဖြစ်မှ အောင်မြင်ဖို့ သေချာမှ ဖြစ်မည်။ နောက်ဆုံးတော့ သူသည် တပ်ကားယာဉ်တန်းများကို ချုံခိုတိုက်ရန် ကြံတော့၏။

တခြားဟာတိုက်တာထက် ယာဉ်တန်းချုံခိုတိုက်ရတာက အလွန်လွယ်သည်။ ကားစီးလာတဲ့သူတွေ ကားပေါ်က လူတွေကို လမ်းက စောင့်ပစ်ရုံသာရှိသည်။ ကားပေါ်က လူတွေက ကိုယ့်ကို ဘာမှဟုတ်တိပတ်တိ ပြန်လုပ်နိုင်တာ မဟုတ်။ ဤတိုက်ကွက်သည် အလွန်လွယ်သော

www.burmeseclassic.com

www.burmeseclassic.com



အပိုင်တိုက်ကွက်ဖြစ်၏။ အရေးကြီးသည်မှာ သတင်းရရေးသာ ဖြစ်သည်။

ဘယ်နေ့ ဘယ်အချိန်မှာ တပ်က ယာဉ်တန်း ဘယ်က ဘယ်သွားမည်။ ကားဘယ်နှစ်စီးပါမည်။ လူ ဘယ်နှစ်ယောက်ပါမည်ဆိုတာကို အသေအချာ သိဖို့သာလိုသည်။ ဒါကလဲ သိပ်မခက်ပါ။ ကရင်ပြည်နယ်မှာ ထိုစဉ်က ကားလမ်း များများစားစား မရှိပါ။ အားလုံးကို လက်ချိုးရေ၍ ရပါသည်။

ဘားအံ ကျုံဒိုး ကော့ကရိတ် မြဝတီလမ်း။

ကျုံဒိုး ကြာအင်းဆိပ်ကြီးလမ်း

ကမမောင်း ဖာပွန်လမ်း

ဘားအံ လှိုင်းဘွဲလမ်း

ဘားအံ သထုံလမ်း

ဒါလောက်သာ ရှိပါသည်။ သိန်းရွှေက သူကျွမ်းသည့် ဘားအံ လှိုင်းဘွဲ့လမ်းကို ရွေးသည်။ ဒေသခံများထံက သတင်းစုဆောင်းသည်။ သတင်းလည်း ရပါသည်။ အဲဒီနားက ဒေသခံတွေက သူ့အမျိုးတွေပဲ ဥစ္စာ။ သတင်းပေးတော့လည်း သူတို့ဘာသာစကားနှင့်ပေးတာ ဖြစ်ပါသည်။ ဗမာလိုပြောတာ မဟုတ်ပါ။ ဤသို့အားဖြင့်

မြရတနာစာပေ



ထီလုံနှင့်ရေပူကြီးလမ်းခွဲကြား၌ လမ်းလုံခြုံရေး ရှုတ်ပြီး ပြန်လာသည့် လှိုင်းဘွဲတပ်ကယာဉ်တန်းကို သူ စောင့်ကြိုပြီး တိုက်လိုက်နိုင်သည်။ တပ်က အတော်အထိနာသွားသည်။ **M** 72 လောင်ချာလက်ချက်ဖြင့် ကားတစ်စီးနှစ်စီး မီးလောင်သွား၏။

သိန်းရွှေ အောင်ပွဲခံသွားသည်။

သူ့အထက်ကလည်း သူ့ကို ကျေနပ်သွား၏။

''ဒီကောင်ကြီး တော်တယ်။ ခဏ အနားပေးရမယ်''

ဟုဆိုကာ သိန်းရွှေအား ''တစ်ပတ်တန်သည် လေးငါးဆယ်ရက်တန်သည် နားပါဦး။ ပြီးမှ နောက်တစ်ပွဲ ဆုပ်ပြပါဦး''ဆိုကာ ချီးကျူးသည့် ကြေးနန်းတွေ ပို့ကာ အနားခိုင်းလိုက်တော့၏။

❖

ဆင်မဟာက ကွန်မန်ဒိုတပ်ပွဲ့

ထိုစဉ်က ဦးနု၏ P.D.P ခေါ် ပါလီမန် ဒီမိုကရေစီပါတီက တောခိုပြီး အရှေ့တောင်တိုင်းတွင် ပြည်ပြေးသူပုန်များ ထကြွသောင်းကျန်းလာကြ၏။ သူပုန်တစ်မျိုး

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တိုးလာသည်။ ပြင်ပကမ္ဘာက အဖျက်သမားများက P.D.P တို့အား ငွေလက်နက် စသည်တို့ ကူညီကြသည်။ လမ်းစဉ်ပါတီအစိုးရအား ဖြုတ်ချနိုင်ရန် အမျိုးမျိုး မြှောက်ထိုးပင့်ကော်လုပ်ကြသည်။

ရန်သူတစ်မျိုးတိုး လာသော်လည်း တပ်က မတိုးသေး။ ထို့ကြောင့် နည်းနည်းနှင့် ကျဲကျဲဝိုင်းနိုင်ရန် ရတခက တပ်ရင်းအလိုက် ကွန်မန်ဒိုများဖွဲ့စည်းကာ ရန်သူချေမှုန်းရေးများ စီစဉ်ဆောင်ရွက်တော့၏။ ရတခ လက်အောက်ခံ တပ်ရင်းအသီးသီးက ကွန်မန်ဒိုတပ်များ ဖွဲ့စည်းကြသည်။ လေ့ကျင့်ကြသည်။ ပြီးတော့ ရန်သူကို ရှာပြီးချေမှုန်းကြသည်။

ယခု လှိုင်းဘွဲ့တပ်က ယာဉ်တန်းအတိုက်ခံရတော့ တိုက်သွားသည့် ရန်သူကို ပြန်ပြီး ကလဲ့စားချေမှ ရမည်။

ကဲ ဘယ်မှာလဲ။ လာခဲ့စမ်း သိန်းရွှေ။

သိန်းရွှေတိုက်ကွက် ဖော်သွားသည့် နယ်မြေမှာ ဘားအံရှိ တပ်မဟာ (၁၁) ကွပ်ကဲမှုနယ်မြေဖြစ်သည်။

မြန်မာ့တပ်မတော် စတင်ဖွဲ့စည်းတည်ထောင်စဉ်က Brigade ခေါ် တပ်မဟာများ ဖွဲ့ခဲ့သည်။ တပ်မဟာမှူးများမှာ Brigadier ခေါ် ဗိုလ်မှူးချုပ်အဆင့်ရှိ၏။ သို့ရာ





တွင် ထိုစဉ်က မြန်မာ့တပ်မတော်၌ တိုင်းမှူးကိုပင် ဗိုလ်မှူးကြီး အဆင့်သာပေး၍ တပ်မဟာမှူးများကိုလည်း ဗိုလ်မှူးကြီးအဆင့်ဖြင့်ပင် ခန့်ထားခဲ့သည်။ ၁၉၆၂ ခုနှစ်နောက်ပိုင်း၌ တပ်မဟာများကို အခြေအနေအရ ဖျက်သိမ်းခဲ့ရာ မြစ်ကြီးနားရှိ တပ်မဟာ(၇)နှင့် ဘားအံရှိ တပ်မဟာ(၁၁)ကိုမူ အကြောင်းအမျိုးမျိုးဖြင့် ဆက်လက်ထားရှိခဲ့၏။

လောလောဆယ် တပ်မဟာ (၁၁) တပ်မဟာမှူးမှာ ဗိုလ်မှူးကြီး စံမြတ်ရွှေဖြစ်သည်။ ဗိုလ်မှူးကြီး စံမြတ်ရွှေသည် ကရင်တိုင်းရင်းသားအစစ် ဖြစ်၏။ ၁၉၄၉ KNDO များ တောခိုကြတော့ လိုက်ပါမသွားဘဲ ကျန်ခဲ့သည့် သစ္စာရှိ ကရင်စစ်သားဟောင်းကြီးပါပေ။ ထို့ကြောင့် ယခုကဲ့သို့ တပ်မဟာမှူးအဆင့်ထိ ရာထူးများ တိုးတက်ရရှိလာခြင်း ဖြစ်သည်။

"သိန်းရွှေကို ပြန်ပြီးလက်စားချေမှရမယ်"

"ဘယ်ဘက်သွားမယ်ထင်လဲ"

တိုက်ပွဲအပြီး တပ်မဟာစစ်ဆင်ရေး အစည်းအဝေးတွင် ဦးတည်ရန်သူ၏ လှုပ်ရှားမှုကို ခန့်မှန်းကြ၏။ သတင်းက အတိအကျမရ။

"ဒို့ဘာလုပ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိန်းရွှေက ကပ္ပလီဘက်ကဆိုတော့ ကပ္ပလီဘက်များ ပြန်မလား မသိဘူး။ သူ့မိန်းမနဲ့ ကလေးတွေက အဲဒီမှာနေကြတာ"

"ဒါဆိုရင်လဲ ဒို့တပ်မဟာ ကွန်မန်ဒိုကို ကပ္ပလီဘက် တက်ရင်းနိုင်း"

တပ်မဟာမှူးက ဖြစ်နိုင်ချေတွက်ပြီး အဆုံးအဖြတ်ပေးသည်။

တပ်မဟာ ကွန်မန်ဒိုတပ်ဖွဲ့ကို ဗာပွန်အမှတ်(-) ခြေလျင် တပ်ရင်းနှင့် ဘားအံအမှတ် (-) ကချင်သေနတ်ကိုင် တပ်ရင်းမှ စစ်သည်များနှင့် ဖွဲ့စည်းထား၏။ တပ်ဖွဲ့မှူးမှာ အမှတ် (-) ခြေလျင်တပ်ရင်းမှ ဗိုလ်ကြီးအေးကျော် (နောင် ပြန်ကြားရေးဝန်ကြီးဖြစ်လာသည့် ကွယ်လွန်သူ ဗိုလ်ချုပ် အေးကျော်) ပင် ဖြစ်၏။

"ကဲ ... တပ်ဖွဲ့မှူး မင်းရဲ့ ကွန်မန်ဒိုတပ်ဖွဲ့နဲ့ ဒီနေ့ပဲ ဘားအံက ရွှေဂွန်းကို ထွက်။ ရွှေဂွန်းကနေပြီး သိန်းရွှေရှိမယ်ထင်တဲ့ ကပ္ပလီဘက်ကို ဝင်ရှင်း။ မြေပြင်သတင်းဖော်ထုတ်ပြီး ချေမှုန်း။ လုပ်စရာရှိတာ ရာလုပ်"

ဟု အစည်းအဝေးတက်လာသည့် တပ်ဖွဲ့မှူး ဗိုလ်ကြီးအေးကျော်ကို တပ်မဟာမှူးက ညွှန်ကြားတော့၏။





ကွန်မန်ဒိုတို့ချီတက်ကြပြီ

တပ်မဟာကွန်မန်ဒိုတပ်ဖွဲ့သည် အစည်းအဝေးပြီးသည်နှင့် ဘားအံမှ စက်လှေဖြင့် မြောက်ဘက် ရွှေဂွန်းသို့ သံလွင်မြစ်ရိုးအတိုင်း တက်ခဲ့ကြ၏။ ကပ္ပလီရွာကြီးကား ရွှေဂွန်း၏ အရှေ့မြောက် လေးငါးခြောက်မိုင်အကွာတွင်ရှိ ရွာကြီးဖြစ်ပါသည်။ အိမ်ကြီးအိမ်ကောင်းများရှိ၍ သာသာသော ရွာကြီးဖြစ်၏။ လွတ်လပ်ရေးမရမီက ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ကရင်ခေါင်းဆောင်များ ဤရွာကြီးတွင် တွေ့ဆုံဆွေးနွေးခဲ့ဖူး၏။ သမိုင်းဝင် ရွာကြီးပေ။

ရေဆန်မို့ ရွှေဂွန်းသို့ စက်လှေအတော် မောင်းဆိုက်ရ၏။ ရွှေဂွန်းသည် ဘားအံမြောက်ဘက် မိုင် ၂၀ အကွာ သံလွင်မြစ် အရှေ့ဘက်ကမ်းနဖူးတွင်ရှိသည့် မြို့ငယ်လေးပင်။ ကရင်၊ ဗမာ၊ ပအို့၊ မွန် စသည့် တိုင်းရင်းသားအမျိုးစုံ နေကြသည်။ သူ့လူ ကိုယ့်လူစုံ၏။ ထို့ကြောင့် တပ်ဖွဲ့မှူးက သတင်းမပေါက်ကြားအောင် ရွှေဂွန်းအပေါ်ဆယ်လှမ်းလှမ်းထိ စက်လှေမောင်းစေပြီးမှ ကမ်းကပ်ခါဆက်ထွက်ကြ၏။

ခြေလျင်ခရီးဆက်လာချိန်တွင် မိုးက သည်း



www.burmeseclassic.com

www.burmeseclassic.com



သည်းမဲမဲ ရွာလာသည်။ မိုးရွာလည်း မတတ်နိုင်ပါ။ ဒီနေ့
ရည်မှန်းချက်က ကပ္ပလီဆိုတော့၊ ကပ္ပလီရောက်သည်အထိ
တပ်ချီရပေလိမ့်မည်။

"ကဲ . . . ဒို့လူတွေ ဒီနေ့ နေမဝင်မီ ကပ္ပလီတော
အရောက်သွားရမယ်။ ဖြည်းဖြည်းသွား။ အသေအချာ
ကြည့်သွား။ ပို့င့်က ကာဘိုင်နဲ့သွား။ ကွင်းဖြတ်ရင် ခပ်ကြဲကြ
ဖြတ်။ လိုအပ်ရင် ရင်ဘောင်တန်းဖြတ်"

တပ်ဖွဲ့မှူးက မှာစရာများကို အသေအချာမှာသည်
တပ်ဖွဲ့မှူး ဗိုလ်ကြီးအေးကျော်သည် ဤဒေသမှ တိုင်းရင်း
သူ ကရင်အမျိုးသမီးနှင့် အိမ်ထောင်ကျထားသူဖြစ်
ဒီတပ်တွင်အနေကြာပြီး ဒီဒေသက သောင်းကျန်းသူများ
အထာကိုလည်း ကျွမ်းသည်။ စာရေးသူ၏ လက်ဦးဆ
လည်း ဖြစ်၏။ သူနှင့်အတူနေရင်း စာရေးသူလည်
သူ့လိုပင် ကရင်မနှင့် အိမ်ထောင်ကျခဲ့သည်။ သူနှင့် ဘ
တူလေးဟုဆိုကာ စာရေးသူအား အစစအရာရာ ဖေး
ရာ၏။ သူ့ကျေးဇူးတွေ စာရေးသူမှာ အများကြီးရှိပါသည်
ဗိုလ်ကြီးအေးကျော်သည် တပ်ကြပ်ကြီးမှ ကော်မရှင်
ရလာသူဖြစ်သော်လည်း တက္ကသိုလ်ဝင်တန်းအောင်ပြီး
စစ်ထဲလိုက်လာသူဖြစ်ရာ စစ်ရေးစစ်ရာများတွင် အတွေ





၁၉၇၁ ခုနှစ် မိုးတွင်းထာဝီဆိုရင်း(၁၉)
ရင်းမှူးဒုဗိုလ်မှူးကြီးသိန်းရွှေကို အသေရမိခဲ့သည့်
တပ်မဟာ(၁၁) ကွန်မန်ဒိုတပ်ဖွဲ့မှူးဗိုလ်ကြီးအေးကျော်
(ယခု ဗိုလ်ချုပ်အေးကျော်၊ ကွယ်လွန်)

www.burmeseclassic.com

www.burmeseclassic.com



အခေါ်ကောင်းပြီး စာပေလေ့လာမှု အားကောင်းသူဖြစ်ခြင်းကြောင့် အခြားအခြားသော ပြင်ပ ဗဟုသုတများလည်း ပြည့်စုံသူပါပေ။ စိတ်ရင်းအလွန်ကောင်း၍ လူချစ်လူခင်ပေါသူလည်း ဖြစ်၏။

ဓမ္မာလင့်သော ကြုံကြိုက်မှု

တစ်နာရီကျော် နှစ်နာရီ သွားပြီးပြီ။ ယခုအချိန်ထိ ရည်မှန်းချက်သို့ မရောက်သေး။ လမ်းတွင် စိုက်ပြီး လယ်ကွက်များက သွားရလာရ အတော်ခက်သည်။ လမ်းမသုံးဘဲ ခိုတက်လာကြ၍ လယ်ကန်သင်းရိုးများပေါ်က သွားကြရ၏။ ထို့ကြောင့် ခရီးမတွင်ခြင်းလည်း ဖြစ်သည်။

"ဟော့ . . . စိုက်ပြီးသားလယ်တွေထဲ ဆင်းမနင်းကြနဲ့နော်။ ဗိုလ်ဖေတင် မင်းလူတွေ မှာဦး"

ပွိုင့်တစ်စုမှူးမှာ ဖာပွန်တပ်မှ ဗိုလ်ဖေတင်ဖြစ်၏။ ထို့ကြောင့် ဗိုလ်ကြီးအေးကျော်က လူရင်းကို ရှေ့က တင်ထားခြင်းဖြစ်၏။

"ရှေ့က ထန်းပင်စုမှာ ခဏနားမယ်။ စက်ထောင်ပြီး တပ်မဟာကို အကျိုးအကြောင်း သတင်းပို့ကြဦးစို့"

ဖြတ်လာသော လယ်ကွက်ကြီးအလွန် ထန်းပင်



www.burmeseclassic.com

www.burmeseclassic.com



ကုန်း၌ တပ်ကိုနားပြီး စက်ထောင်ကာ တပ်မဟာသို့ အခြေအနေအစီရင်ခံရ၏။ စက်ခေါ်ချိန်ကျ၍ဖြစ်သည်။ မိုးကလည်း ရွာနေဆဲ။ သိပ်တော့ မသည်းတော့ပါ။

"ဟော့ ... နားထောင်ကြစမ်း။ မြင်းဟီသံကြားတယ်"

တောင်ဘက်တောစပ်မှ မြင်းနှစ်စီးဝင်လာသည်။ မြင်းများက လက်ကွင်းထဲ ဆင်းချလာ၏။

"ဟ ... ဘာကောင်တွေလဲကွ။ အသေအချာကြည့်စမ်းဟော့"

ရှေ့က မြင်းစီးလာသူသည် နိုင်လွန်ဂျာကင် အစိမ်းနှင့် ရှမ်းဘောင်းဘီအနက် ဝတ်ထား၏။ ဘာမှန်းတော့မသိ။ ခေါင်းတွင်မူ ပျောက်ကြား ဦးထုပ်တစ်လုံး ဆောင်းထားသည်။

"နေရာယူထားကြ။ ရန်သူဆို အနီးကပ်ရောက်မှ အပိုင်ပစ်"

အသေအချာကြည့်နေကြသည်။ ပထမမြင်းနှင့် နောက်မြင်းမှာ ကိုက် ၁၀၀ ခန့်ကွာသည်။ နောက်က မြင်းစီးလာသူသည် ပြောက်ကျားစစ်ဝတ်စုံဝတ်ထားပြီး ကိုယ်ပေါ်တွင် ကာဘိုင်သေနတ်တစ်လက် လွယ်ထား၏။





"ဟိုက် ... ရန်သူကွ။ သေချာရင် ပစ်တော့"

ပွိုင့်တပ်စုမှူးမှ ပစ်မိန့်ပေးသည်။

ရှေ့ကမြင်း ကိုက်လေးငါးဆယ်အရောက်၌ လယ်ကန်သင်းရိုး မှေးတင်ပြီး စောင့်နေသည့် ပွိုင့်တပ်စုက စပစ်ထားတော့၏။

"ဖောင်းဖောင်း ... ဒိုင်း ဒိုင်း ဒိုင်း"

ရှေ့က ပုဂ္ဂိုလ် မြင်းပေါ်ကပြုတ်ကျသွားသည်။ နောက်မြင်းစီးသမားက နောက်ကို ပြန်လှည့်ပြေးသည်။ ဘယ် ဒီလိုပြေးလို့ လွတ်မတဲ့လား။ ကွန်မန်ဒိုပါဆိုနေမှ။ ပစ်ဖြောင့်သေနတ်သမား အများကြီးပါတာပဲ။

"ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒိုင်း"

လေးငါးယောက် ဝိုင်းပစ်လိုက်ကြရာ ဒုတိယသူလည်း လယ်ကွက်ထဲ ငှုမ်းထိုးမှောက်ခုံ ပြုတ်ကျသွား၏။ မြင်းနှစ်ကောင်က လယ်ကွင်းများထဲ၌ ဟိုဟိုဒီဒီ ပြေးလွှားနေသည်။ အခြေအနေကို ခဏစောင့်ကြည့်ရ၏။ နောက်ထပ် ဘယ်သူမှ ဝင်မလာတော့၍ လယ်ကွင်းထဲတွင် ကျဆုံးနေသူနှစ်ဦးကို သွားကြည့်ကြသည်။

ပထမတစ်ဦး၏ ခါးမှာ ၄၅ ဗိုလ့် ပစ္စတိုကြီး တစ်လက် ချိတ်ထား၏။ စောစောက ဂျာကင်ဖုံးနေ၍



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ခြင်းပါပေ။ ခါးတွင် ပတ်ထားသောခါးပတ်နှင့် ‌ဘေး လွယ်အိတ် Haversack တစ်လုံးတွေ့ရသဖြင့် ဖြုတ်လိုက် သည်။ ဘေးလွယ်အိတ်ထဲမှ ပလပ်စတစ်ဖြင့် ထုပ်ထားသည့် Diary စာအုပ် အစိမ်းရောင်တစ်အုပ် ထွက်လာ၏။ စာအုပ် ကို လှန်ကြည့်ကြသည်။

"ဟိုက်"

အားလုံးအလွန်အံ့အားသင့်သွား၏။

**ဒုဗိုလ်မှူးကြီးသိန်းရွှေ၊ တပ်ရင်းမှူး ဒီအို ရင်း (၁၉) ဆိုပါကလား။**

တပ်ဖွဲ့မှူးလည်းရောက်လာရာ ဗိုင်္လတပ်စုမှူး သေနတ်နှင့် စာအုပ်အပ်ကာ သတင်းပို့သည်။

ဒီအို ရင်း (၁၉) ရင်းမှူး သိန်းရွှေတဲ့။ ဟုတ်ရင်တော့ သိပ်အဖိုးတန်သွားပြီ။ သေချာဖို့သာ လိုသည်။

နောက်တစ်ယောက်ကတော့ တပ်ကြပ်ကြီးအဆင့် တံဆိပ် တွေ့ရ၍ သိန်းရွှေ၏ ကိုယ်ရေးတပ်ကြပ်ကြီးပင် ဖြစ်မည်။ အမည်တော့ မသိရသေးပါ။

အကျိုးအကြောင်းကို စက်ဖြင့် တပ်မဟာသို့ ချက်ချင်းတင်ပြရာ တပ်မဟာက အလောင်းကို ရွှေဂွန်း သယ်ယူခဲ့ပြီး ဒီအိုရင်း (၁၉) ရင်းမှူး သိန်းရွှေ ဟုတ်





ဟုတ် လူထုအကူအညီဖြင့် ဖော်ထုတ်တင်ပြနိုင်း၏။ ရွှေ ဂွန်းတွင် သိန်းရွှေကို လူကိုယ်တိုင်မြင်ဖူးသူတွေရှိ၏။ တိုးတိုး တိတ်တိတ်နေနေကြသည့် သူ့အမျိုးတွေလည်း ရှိ၏။

မိုးထဲလေထဲမှာ သိန်းရွှေအလောင်းကို ထမ်းကာ ရွှေဂွန်းသို့ပြန်ခဲ့ကြ၏။ ညအတော်မိုးချုပ်မှ ရွှေဂွန်း ရောက် သည်။ ညတွင်းချင်းပင် မြို့ပေါ်က လူကြီးများကို အလောင်း ပြရ၏။ ရွှေဂွန်း၌ လိုင်းဘွဲတပ်က တပ်စခန်းရှိ၏။ စခန်းက စစ်သည်များက ...

"ဒို့တပ်လုပ်သွားတဲ့ သိန်းရွှေကြီး အသေရလာပြီ ဟု"

ဟုဆိုကာ ကျေနပ်ကြ၏။

လာကြည့်သူများထဲတွင် သိန်းရွှေနှင့် ရင်းနှီးခဲ့ဖူး သူများ၊ မြင်ဖူးတွေ့ဖူးသူများ၊ ဆွေမျိုးမကင်းသူများ ပါဝင်ရာ အားလုံးက သိန်းရွှေအမှန်ဖြစ်ကြောင်း တညီတညွတ်တည်း အသည်ပြုပြောကြ၏။

ဗိုလ်ကြီးအေးကျော် ခေါင်းဆောင်သော တပ်မဟာ ကွန့်မန့်ဒိုအဖွဲ့က သိန်းရွှေ အသေရခဲ့တာ သေချာသွားပါ ပြီ။

နောက်တစ်နေ့မိုးလင်းတော့ ဘားအံမှ တပ်မဟာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးကြီးကိုယ်တိုင် လိုက်လာသည်။ ကွန်မန်ဒိုတပ်ဖွဲ့နှင့် တွေ့ဆုံသည်။ ကျေးရွာလူကြီးများနှင့် တွေ့ဆုံသည်။ အလောင်းကို ဓာတ်ပုံရိုက်ယူသည်။ ထို့နောက် ကောင်းမွန်စွာ မြှုပ်နှံသင်္ဂြိုဟ်ရန် မှာကြား၍ ဘားအံသို့ ပြန်လည်ထွက်ခွာသွားတော့၏။

အထက်ပါအတိုင်း ဒီအိုရင်း (၁၉) ရင်းမှူး ဒုဗိုလ်မှူးကြီးသိန်းရွှေအား တပ်မဟာကွန်မန်ဒိုတပ်ဖွဲ့မှ အသေဖမ်းဆီးရမိခဲ့ပါသည် ခင်ဗျား။

**နိဂုံးကမ္ပတ်အဆုံးသတ်**

ကျွန်တော် သင်တန်းဆင်းတော့ ရန်ကုန်မှ ဖာပွန်သို့ လေယာဉ်ဖြင့် ပြန်ရသည်။

တပ်ရောက်တော့ တပ်မဟာမှူးကြီးက ဖာပွန်တပ်ရင်းဌာနချုပ်၌ ကွန်မန်ဒိုဂုဏ်ပြုပွဲ လာလုပ်ပေးနေသည်နှင့် သွားတိုက်ဆိုင်နေ၏။ ဂုဏ်ပြု ညစာစားပွဲ၌ တပ်မဟာမှူးကြီးက ကွန်မန်ဒိုတပ်ဖွဲ့ကို ချီးကျူးစကားနှင့် ကျေးဇူးတင်ကြောင်းပြောသည်။ နိဂုံးချုပ်၌မူကား။

"အင်း . . . ဒီအောင်ပွဲက တကယ့် Pure Luck ပဲကွ။ ကံလိုက်လို့ကွ။ ဗိုလ်အေးကျော်တို့ Battle Lu





ရှိလို့ သိန်းရွှေ ရလိုက်တာ။ ဒို့လည်း သတင်းရလို့ လွှတ်တာတော့မဟုတ်ဘူး။ ဖြစ်နိုင်ချေတွက်ပြီး မှန်းလွှတ်လိုက်တာ တည့်တည့်ကြီး သွားတိုးတာကွ။ အင်း . . . တကယ့် Pure Luck ပါပဲကွာ"

ဟုဆိုလေတော့သည်။

ကျွန်တော်ကတော့ တကယ့် Pure Luck ဆိုသည်ကို အငြင်းမပွားလိုပါ။ သို့ရာတွင် တပ်မဟာ ကွန်မန်ဒိုတပ်ဖွဲ့က ခြေလုံလက်လုံ့ချီတက်၍ လျင်မြန်စွာသုံးသပ်ပြီး ကွန်မန်ဒိုပီပီ ပစ်နိုင်ခတ်နိုင်၍ သိန်းရွှေကို ရခဲ့သည်ဟု ယုံကြည်ပါသည်။ တည့်တည့်ကြီးလာတိုးကြသည်ကတော့ သူ့ကံ ကိုယ့်ကံပေါ့ခင်ဗျာ။

မည်သို့ဆိုစေ ဒီအိုရင်း (၁၉) တပ်ရင်းမှူး သိန်းရွှေကြီးအား ကပ္ပလီရွာနှင့် မနီးမဝေးမှာ အသေဖမ်းဆီး ရမိသည့် ဤအောင်ပွဲအား အမည်ပေးရမည်ဆိုပါက လွယ်လွယ်ကူကူပင် ကပ္ပလီနားက တပ်မဟာကွန်မန်ဒိုအောင်ပွဲဟူသာ ကင်ပွန်းတပ်ပါရစေခင်ဗျား။

ကာယကံရှင်ဗိုလ်ချုပ်အေးကျော်၏
ပြောကြားချက်ကို မှီငြမ်းရေးသားပါသည်။

စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ ကပ္ပတိန်ဖြစ်ခါစ ရှေ့တန်းတက်ရန် 
မော်လမြိုင်မှ ထားဝယ်အသွား
မိန်းသည်နှင့်အတူမော်လမြိုင်လေဆိပ်၌တွေ့ရပုံ။
(၁၉၇၄ ဖေဖော်ဝါရီလ)

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်ကိုယ်တွေ့ ကွန်မန်ဒို

ကျွန်တော်နှင့်ကွန်မန်ဒို

သူများတွေအကြောင်း ရေးပြီးတော့ ကိုယ့်အကြောင်းလေး ကိုယ်လည်း ရေးလိုက်ချင်ပါသေးသည်။ ပါမဖြစ် တစ်ပုဒ်လောက်ပေါ့ခင်ဗျာ။

ကျွန်တော်သည် ကွန်မန်ဒိုကို Crazy ခရေဇီ အလွန်ဖြစ်ခဲ့သော်လည်း ၁၉၇၂ ခုနှစ် ရတခ (၁၀၁) ကွန်မန်ဒိုတပ်ဖွဲ့ကြီးတွင် တပ်စုမှူး ဗိုလ်သန်းမောင်ဝင်းအစား သေးငါးရက် အငှားလိုက်ဖူးသည်မှလွဲပြီး ကွန်မန်ဒို တာဝန်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မထမ်းဆောင်ခဲ့ဖူးပါ။

၁၉၇၃ တွင် ကျွန်တော် လက်ဖတင်နင် Lieutenant မှ ကပ္ပတိန် Captain ဖြစ်သည်။ ကျွန်တော်တို့ ခေတ်တုန်းက ဒုဗိုလ်မှ ဗိုလ်သို့ လုပ်သက် ၂ နှစ်၊ ဗိုလ်မှ ဗိုလ်ကြီးသို့ လုပ်သက် ၅ နှစ်။ ပေါင်း ၇နှစ်ရှိမှ Captain ခေါ် ဗိုလ်ကြီးအဆင့် ရောက်ရသည်။ ဗိုလ်ကြီး အဆင့်တွင်လည်း Officiating ခေါ် ယာယီကာလ သုံးလ သတ်မှတ်သေးသည်။ သုံးလပြည့်ပြီး အမှုအခင်းကင်းရှင်းမှ ဗိုလ်အဆင့်က ဗိုလ်ကြီးအဆင့်သို့ တိုးမြှင့်ရရှိသည်။ Post နဲ့ပေးသဖြင့် နေရာလစ်ကလည်း လိုပါသေးသည်။ ဒါလေးရဖို့တောင် သိပ်မလွယ်ပါခင်ဗျာ။

ထိုသိပ်မလွယ်သော ဗိုလ်ကြီးအဆင့်ကို ၁၉၇၃ ခုနှစ် ကျွန်တော့်အသက် ၂၈ နှစ်တွင် ကျွန်တော် ရ သည်။ လူသေးသေးပိန်ပိန်လေး၏ ပခုံးပေါ်၌ လူနှင့် မလိုက်သော ရွှေဘားသုံးချောင်းတပ်ရ၍ လူသေးသေး ပိန်ပိန်လေး ကျွန်တော်သည် မြောက်ကြွ မြောက်ကြွနှင့် ဖြစ်နေ၏။ ငါလိုလူ ဇမ္ဗူမှာ ရှိဦးမှာလားဟု ထင်နေ မိုးကိုပင် တက်၍ ဒူးနဲ့တိုက်ချင်နေ၏။

ဒါသာမကပါ။ နောက်ရောက်လာသည့် တပ်ရင်း





မှူးအသစ်သို့ ရှေ့တန်းလိုက်ပြီး တိုက်ချင်ခိုက်ချင်ကြောင်း သတင်းပို့လိုက်သေး၏။ ယခင်ပြောင်းသွားသည့် တပ်ရင်း မှူးအဟောင်းက ကျွန်တော့်ကို နောက်တန်းမှူး ခန့်သွားခဲ့ သည်။ လူမှုရေးအားနည်းသော ကျွန်တော်နှင့် နောက်တန်း မှူးတာဝန်မှာ သဟဇာတ မဖြစ်ပါ။

တပ်ရင်းမှူးအသစ်ကလည်း လိုလိုလားလားပင် ကျွန်တော့်ကို ရှေ့တန်းခေါ်လိုက်သည်။

ကျွန်တော်တို့ရှေ့တန်းမှာ ရေးမြို့နှင့် ထားဝယ်မြို့ ကြား မိုင် ၁၀၀ ခန့်ရှည်လျားသည့် ကားလမ်းမကြီး တစ်လျှောက်မှာ ဖြစ်၏။ ထိုစဉ်က P.D.P ခေါ် ပြည်ပြေး များ ထကြွသောင်းကျန်းနေစဉ်ကာလဖြစ်ရာ ပြည်ပြေး တပ်များ အုံနှင့်ကျင်းနှင့် ထားဝယ်နှင့်ရေးကြား၌ သွားလာ ကျက်စားနေကြ၏။ ကားလမ်းပေါ်က ဟိုစခန်းဝင်ပစ် ဒီစခန်းဝင်ပစ်နှင့် ပစ်ကြ၏။ တပ်က Convoy ယာဉ်တန်း များကို ချောင်းပစ်ကြ၏။ ပြည်ပြေး တောင်ပိုင်းတိုင်းသည် ကျွန်တော်တို့စစ်ကြောင်း ဌာနချုပ်ဖွင့်ထားသည့် ကလိန် အောင်ရွာကြီးနှင့် သိပ်မဝေးလှ။ ကလိန်အောင်ရွာကြီး၏ အရှေ့တည့်တည့် ၁၀ မိုင်ခန့်အကွာ ထိုင်းမြန်မာနယ်စပ်ရှိ ဆည်အိမ်ထောင်မှာ ဌာနချုပ် ဖွင့်ထားသည်။ ပြည်ပြေး



www.burmeseclassic.com

www.burmeseclassic.com



တောင်ပိုင်းတိုင်း တိုင်းမှူးမှာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင် ဖြစ်၍ စစ်ဆင်ရေးမှူးမှာ စာရေးဆရာ ရန်ကုန်ဘဆွေ ဖြစ်သည်။

ပြည်ပြေးတပ်မှူးငယ်များမှာ ရေးသား၊ ထားဝယ် သား၊ ကန်ပေါက်သားများဖြစ်ကြရာ နယ်မြေကျွမ်းကြ သည်။ ထို့ကြောင့် ပြည်ပြေးတပ်များ ရေး၊ ထားဝယ် ကား လမ်းမကြီးပေါ်၌ အူမြူးချိုကြွလျက်ရှိ၏။

## ကွန်မန်ဒိုတပ် ဖွဲ့စည်းခြင်း

ရှေ့တန်းရောက်တော့ ကလိန်အောင်စစ်ကြောင်း ဌာနချုပ်တွင် တပ်ရင်းမှူးအသစ်ကြီးနှင့်အတူ နေရသည်။ စခန်းထိန်းတာဝန် ထမ်းဆောင်ရသည်။ တပ်ခွဲ (၂)မှူး နောက်တန်းပြန်သွား၍ သူ့တပ်ခွဲကို ကိုင်ရသည်။ တပ်ရင်း မှူးအသစ်ကြီးမှာ မြစ်ကြီးနားဘက်မှ ဒုဗိုလ်မှူးကြီးအဆင့် နှင့် ပြောင်းလာသူဖြစ်ရာ တပ်ရင်းမှူး စီနီယာကြီး ဖြစ်၏။ ထို့ကြောင့် ထားဝယ်သို့သွား၍ မကြာခဏ ခေတ္တဗျူဟာမှူး လုပ်ရ၏။

ကျွန်တော် ရှေ့တန်းရောက်ချိန်မှာ ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလဖြစ်၏။ ပွင့်လင်းရာသီမို့ ခြေခင်းလက်ခင်း





သာသည်။ နတ်အိမ်ထောင်မှ ပြည်ပြေးများသည် ရေး၊ ထားဝယ် ကားလမ်းမကြီးပေါ်၌ ခြေဆန့်လက်ဆန့် လာလုပ် နေကြ၏။ ရန်ကုန်ဘဆွေကလည်း ထားဝယ်သိမ်းတော့ မလိုလို ရေးပဲသိမ်းတော့မလိုလိုနှင့် သတင်းတွေလွှင့်နေ သည်။ ပြည်ပြေးတပ်ဖွဲ့ငယ် အစုငယ်လေးများကလည်း ထန်းလျက်နှံ့ရသည့် ပုရွက်ဆိတ်များလို ကျွန်တော့် ကလိန် အောင်စခန်းအနီး တရွရွနှင့် ဝိုင်းအုံနေကြသည်။ ရစ်သီ ရစ်သီ လာလုပ်နေကြသည်။

ဒီကောင်တွေ သက်ဦးဆိုတဲ့ ကပ္ပတိန်အသစ်ကျပ် ချွတ်ကလေးအကြောင်း မသိရောထင့်။

သို့ကလိုစဉ်းစားပြီး ဒီပုရွက်ဆိတ်တွေကို ချေမှုန်း ဖို့ စဉ်းစားရသည်။ ကျွန်တော့်မှာ တိုက်စရာ ခိုက်စရာ တပ်မရှိ။ ကျွန်တော် တာဝန်ယူထားသည့် တပ်ခွဲ (၂)မှာ ကလိန်အောင်နှင့် ရေးကြားက စခန်းသုံးလေးငါးခုမှာ ဖြန့်ခွဲ၍ တစ်ခွဲလုံး Garrison Duty စခန်းထိန်း တာဝန်ယူထားရ သည်။ ကဲ . . . အဲဒီလိုဆို ဘယ်လိုလုပ်မလဲ။

မတတ်နိုင်ပါ။ ကလိန်အောင်တွင် တပ်ခွဲရုံးအဖွဲ့နှင့် တပ်စုတစ်စုရှိရာ ဖွဲ့စည်းပုံအပြည့် ဖြည့်လိုက်၏။ တပ်ခွဲမှ အမာဆုံးလူများကို ရွေးခေါ်လိုက်သည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းမှူးကြီးမရှိတုန်း ဆယ့်လေးငါးရက် ကျွန်တော့် အစီအစဉ်နှင့် ကျွန်တော် သူတို့အား ကွန်မန်ဒိုသင်တန်း ပေးရတော့သည်။ ရန်သူ့အထာ ကျွမ်းအောင် ရန်သူ့ အကြောင်းသိအောင် ရှင်းပြသည်။

ထိုစဉ်က ပြည်ပြေးတောင်ပိုင်းတိုင်း၌ တိုင်းမှူး ဗိုလ်ရန်နိုင်နှင့် စစ်ဆင်ရေးမှူး ရန်ကုန်ဘဆွေတို့၏ လက် အောက်ခံတပ်ရင်းများမှာ ဂျင်မီခေါ် မင်းနိုင်၏ နဂါးမောက် တပ်ရင်း၊ တင်ငွေနှင့် တင်ညွန့်တို့၏ ကျားနက်တပ်ရင်းနှင့် အထူးကွန်မန်ဒိုတပ်ဖွဲ့များ ရှိသည်။ ပြည်ပြေးကွန်မန်ဒို တပ်ဖွဲ့များ၌ ကျွန်တော်တို့လက်နက်ကိုင် တပ်ဖွဲ့များမှ ကိုယ်ကျင့်တရား မကောင်း၍ ထုတ်ပယ်ပစ်လိုက်သော စိုးသင်တို့၊ ကျော်အုံးတို့၊ ဘရိတ်တို့၊ အောင်ကျော်တို့က လူစွာ လုပ်နေကြ၏။ စိုးသင်က ဖော [illegible] က်ဆီးရေးသမား၊ ကျော် အုံးက တိုက်ခိုက်ရေးသမား၊ သူတို့ နှစ်ဦးအနက် ကျော်အုံး က ထားဝယ်သားဖြစ်၍ နယ်မြေကျွမ်းသဖြင့် လူပ်ရှားမှု ပိုများသည်။ ကျွန်တော့်စစ်ကြောင်းရုံးအနီးသို့ မကြာခဏ လာပြီး အရပ်ကားတွေကို ဆက်ကြေးတောင်းသည်။ ဒေါက် လောက်၊ ပကောဖွန်း၊ မင်းဒတ်၊ နမ်းကြဲ၊ ရေဖြူ စသည့် တပ်စခန်းများကို ဝင်ဝင်ပြီး ပစ်သွားတတ်သည်။





"ကလိန်အောင်တပ်စခန်းကို သွားပြောစမ်းပါ ကွာ။ ကျော်အုံးက စိန်ခေါ်တယ်။ သတ္တိရှိထွက်ခဲ့ကြ"

ဟုလည်း ရန်စစကားများ မခံချင်အောင် ပြော တတ်သည်။ အနီးအပါးရွာများကိုလည်း ဆက်ကြေး ဝင် ကောက်သည်။ မရရင် လူသတ်တတ်သည်။ ကျွန်တော် ကလည်း အလွန်စွာသော ကျော်အုံးကို ပစ်မှတ်ထားကာ ကျော်အုံးနှင့် သူ့အဖွဲ့သတင်းများကို မျက်ခြည်မပြတ် ထောက်လှမ်းနေခဲ့သည်။ အထောက်တော်များ လွှတ်သည်။ သူ့နေရာအတိအကျကို Pin Point ရအောင်လုပ်သည်။ မြေပုံပါဆွဲထားပြီး အခြေအနေပေးရင် သူ့ကွန်မန်ဒိုကို ကိုယ့်ကွန်မန်ဒိုနဲ့ ဖြိုခွဲသုတ်သင်ရှင်းလင်းရန် စီမံထားသည်။ ကျွန်တော့်ကွန်မန်ဒိုကိုလည်း ကျစ်ကျစ်လျစ်လျစ်နှင့် စုဖွဲ့ ထားသည်။

ဆိုတ်ကွက်မော်ပြီ

မတ်လဆန်းတွင် တပ်ရင်းမှူးကြီး ထားဝယ်မှ ကလိန်အောင်ပြန်ရောက်လာ၏။ ထားဝယ်မှာ ဗျူဟာမှူး အဟောင်း ဗိုလ်မှူးကြီးစံမောင်း ပြောင်းသွားပြီး ဗျူဟာမှူး အသစ် ဗိုလ်မှူးကြီးချစ်ဆွေ (ယခု အငြိမ်းစား ဒုဗိုလ်ချုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဆွေ) ရောက်နေပြီ။ ဗျူဟာမှူးအသစ်ကြီးက ရေးထားဝယ် ကားလမ်းပေါ်၌ သောင်းကျန်းနေသည့် P.D.P ပြည်ပြေးများကို စစ်ဆင်ရေးလုပ်ပြီး ရှင်းလင်းရန် တပ်ရင်းမှူးကြီးအား မှာလိုက်၏။

ကလိန်အောင်ပြန်ရောက်တော့ ကျွန်တော့်ကို နောက်ဆုံးရထားသည့် ရန်သူ့သတင်းများကို မေး၏။

''လောလောဆယ် ရာဖူးတစ်ဝိုက်မှာ မိုးလွင် ချစ်လွင်နဲ့ ထွန်းစိန် ဦးစီးတဲ့ ပြည်ပြေးအင်အား ၂၀၀ လောက် လှုပ်ရှားနေပါတယ်။ ကားလမ်းပေါ်ကရွာတွေကို ဝင်လိုက်ထွက်လိုက်ပါပဲ''

''ဒီနားမှာတော့ ပြည်ပြေးတောင်ပိုင်းတိုင်း ကျားနက်တပ်ရင်းက တင်ငွေရဲ့ ကွန်မန်ဒိုတပ်ဖွဲ့ ရှိပါတယ်။ ခေါင်းဆောင်က ကျော်အုံးပါ။ အင်အား ၃၀ လောက်တော့ ရှိပါတယ်။ သူတို့က ကရင်နဲ့ပေါင်းပြီး လှုပ်ရှားနေပါတယ်''

''အေး ... အဲဒါဆိုရင် လူ ၂၀၀ လောက်ပါတဲ့ အဖွဲ့ကို ဦးတည်ရန်သူသတ်မှတ်ပြီး စစ်ဆင်ရေးလုပ်မယ်ကွာ''

''ကျော်အုံးနဲ့ အဖွဲ့ကိုရော ခင်ဗျ''

''ခဏထားပါဦးကွာ။ ဟိုအဖွဲ့က အရေးကြီးတယ်





၁၉၇၄ ခုနှစ် စာရေးသူကွန်မန်ဒိုအောင်ပွဲရခဲ့စဉ်က
စာရေးသူ၏တပ်ရင်းမှူး
ဒုဗိုလ်မှူးကြီး အောင်မြင့်
(ယခု ဗိုလ်မှူးကြီး အောင်မြင့် အငြိမ်းစား)

www.burmeseclassic.com

www.burmeseclassic.com



ကွ။ ဗိုလ်ကြီးဒေးဗစ်တို့ တပ်ခွဲနဲ့ ဗိုလ်ကြီးကျော်သာထွန်း တပ်ခွဲတွေကို အလည့်ကျ ရှင်းနိုင်းရမယ်''

''ကျော်အုံးအဖွဲ့ လုပ်ဖို့တော့ ကျွန်တော့်မှာ ကွန်မန်ဒိုတစ်ဖွဲ့တော့ စီစဉ်ထားတာရှိပါတယ်။ တပ်ရင်းမှူးကြီး တာဝန်ပေးရင် ကျွန်တော် လုပ်ပါ့မယ်ခင်ဗျ''

''နေပါဦးကွာ။ မင်းကောင်က သိပ်အရေးမကြီးပါဘူး။ မြောက်ဘက်က ကောင်တွေက လူများတယ်ကွ။ တော်ကြာ ရေးတို့ဘာတို့ ဝင်တိုက်သွားလိမ့်ဦးမယ်''

တပ်ရင်းမှူးကြီးက လူ ၂၀၀ ပါ ပြည်ပြေးစစ်ကြောင်းကို တပ်ခွဲနှစ်ခွဲဖြင့် ဝိုင်းပတ်ချေမှုန်းစေသည်။ ထိတွေ့မှု နှစ်ခါဖြစ်သော်လည်း ဘာမှမရလိုက်ဘဲ မိမိဘက်က သာ စစ်သည်နှစ်ယောက် ကျဆုံးသွားခဲ့၏။

ကလိန်အောင်စခန်းအနီး ခိုကပ်နေသည့် ကျော်အုံးအဖွဲ့က ကလိန်အောင်တွင် တပ်မရှိမှန်းသိသဖြင့် ပိုအတင့်ရဲလာ၏။ ကလိန်အောင်နှင့် လေးငါးဆယ်မိုင်အကွာ ကားလမ်းပေါ်တက်ပြီး အရပ်ကားတွေကို တားသည်။ ပိုက်ဆံတောင်းသည်။ ပစ္စည်းယူသည်။ အရက်ဖာများကို ယူပြီး သောက်သည်။ ကားတောင် တက်မောင်းလိုက်သေး၏။

မတ်လဆန်း ၇ ရက်နေ့၌ကား ကျော်အုံးတို့အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုးသွမ်းမှုက အထွတ်အထိပ်သို့ ရောက်သွားသည်။

ကလိန်အောင်နှင့် သိပ်မဝေးသော ဒေါက်လောက် တံတားသို့ မနက်စောစော ထွက်လာ၍ ကားတစ်စီး ဆက် ကြေးတစ်ထောင်စီ တောင်းသည်။ အရက်ဖာနှင့် ငါးခြောက် များ၊ ဆန်များ ချယူထားလိုက်သည်။ ပြီးတော့ တပ်ကို သတင်းသွားပေးချင် ပေးဟုလည်း ပမာမခန့် ပြောလိုက် သေး၏။ ကျွန်တော်တို့ နေ့လယ်ထမင်းစားချိန်၌ ထားဝယ်မှ ရေးသွားသည့် အရပ်ကားနှစ်စီးမှ ယာဉ်မောင်းများက အထက်ပါအတိုင်း လာသတင်းပို့ကြ၏။

နေ့လယ်လောက်မှစ၍ ကားသမားများ တစ်ဖွဲ့ပြီး တစ်ဖွဲ့ ကျော်အုံးဆိုးသွမ်းမှုကို လာသတင်းပို့ကြရာ ညနေ သုံးနာရီကျော် လေးနာရီလောက်တွင်မူကား သတင်း လာပို့တာ ကားလေးငါးခြောက်စီးရှိသွားပြီ။ ကျော်အုံးနှင့် အဖွဲ့သည် ကလိန်အောင်နှင့် လေးငါးမိုင်သာ ဝေးသည့် နတ်အိမ်ထောင်တက်သည့် ဖင်းဘာလမ်းခွဲသို့ပင် ရောက် လာ၏။ အရက်များမူးကာ ပေါက်မြောက်နေပုံလည်း ရ၏။

"ဟေ့ ... မင်းတို့ ကလိန်အောင်စခန်းကို ဝင်ဖြစ် အောင်ဝင်ကွာ။ သွားဖြစ်အောင်သွား သတင်းပေးဖြစ်အောင် ပေး၊ ကျော်အုံးက သတ္တိရှိရင် ထွက်ခဲ့ကြ။ စိန်ခေါ်တယ်လို့"





ဟုလည်းပြောသည်ဆို၏။ ထိုသတင်းကိုပေးသည့် နောက်ဆုံးကားက စားစရာသောက်စရာ အတော်များများ ကိုလည်း ကျော်အုံးအဖွဲ့က အတင်းချယူထားလိုက်ကြသည် ဆို၏။ မဲခေါင်အရက်ပုလင်းပြား တစ်ဖာပါ ပါသွားသည်ဟု သိရ၏။

ထိုအခါကျမှ ကျွန်တော်နှင့် စစ်တုရင်ထိုးနေသည့် တပ်ရင်းမှူးကြီးက ...

"ကဲ ... ဗိုလ်သက်ဦး မင်းကောင် ကျော်အုံး တော့ အလွန်ဆိုးသွမ်းနေပြီကွ။ မနှိပ်ကွပ်လို့ မရတော့ ဘူး မင်းမှာ ကွန်မန်ဒိုတစ်ဖွဲ့ရှိတယ်ဆို။ အဲဒါဆို သွားလုပ် သွား ဘယ့်နှယ်လဲ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ခင်ဗျ။ လုပ်ပါ့မယ်ခင်ဗျ။ အဆင်သင့် ပါ"

"ဘယ်သူတွေနဲ့ လုပ်ထားလဲ။ မင်းနဲ့ ဘယ်သူ ပါမလဲ"

"ဗိုလ်ကျော်ဇောရယ်၊ တပ်ကြပ်ကြီးလဗျနော်ရယ် လူ ၃၀ လောက်လုပ်ထားပါတယ်ခင်ဗျ"

"ကောင်းပြီ။ ငါ့ဆီက လောင်ချာတပ်ဖွဲ့နဲ့ ဆေး ဖွဲ့ခေါ်သွား။ ဒီနားလေးဆိုတော့ စက်တော့ ယူမသွား



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့တော့ကွာ။ ပေါ့ပေါ့ပါးပါး သွားကြ။ ကျောပိုးအိတ်ပါဦးမှာလား''

''မယူပါဘူးခင်ဗျ။ ကွန်မန်ဒိုဆိုတော့ ညလည်းမအိပ်ပါဘူး။ ရန်သူရှာရှင်းပြီး ပြန်ခဲ့မှာပါခင်ဗျ။ သေနတ်နဲ့ကျည်ဆန်က လွဲပြီး ဘာမှမယူတော့ပါဘူး''

''အေး . . . ကောင်းတယ် . . . ကောင်းတယ်။ ခပ်သွက်သွက်သာ လုပ်။ လမ်းမသုံးနဲ့။ တောတိုးသွား။ သတင်းပေါက် မသွားစေနဲ့''

တပ်ရင်းမှူးကြီး၏အမိန့်ရလျှင်ရချင်း ကျွန်တော်သည် အသင့်စုဖွဲ့ထားသည့် ကွန်မန်ဒိုတပ်ဖွဲ့ကို ဦးဆောင်ကာ ကလိန်အောင်တပ်စခန်းမှ လျင်မြန်စွာ ထွက်လာခဲ့ပါသတည်း။

နောက်ဆုံးရသည့်သတင်းအရမူ ကျော်အုံးတို့အဖွဲ့နွယ်လိန်ရွာနားမှာ ရှိသတဲ့။ နွယ်လိန်ကို အရင်ရှင်းမှ ရတော့မည်။

ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ ကြခြင်း

လဆုတ်ပက္ခမို့ လကမထွက်သေး။ အချိန်ကား ညဆယ်နာရီကျော်ပြီ။ ကလိန်အောင်စခန်းက ထွက်ချိန်မှ





ညနေ (၄)နာရီတိတိ။ ခရီးသွားချိန် (၆)နာရီကျော်ပြီ။

စထွက်ကတည်းက သတင်းမပေါက်ကြားရန် ရွာအားလုံးရှောင်ပြီး တောတိုးချီတက်ခဲ့ကြ၏။ ကလိန်အောင်အရှေ့ဘက် ဖင်းဘာလမ်းခွဲမှတစ်ဆင့် ရွာရှောင်၍ ရည်မှန်းချက် နွယ်လိန်တောင်ကြောနှင့် နွယ်လိန်ရွာကို ရှင်းရန်ဖြစ်၏။ ဦးတည်ရန်သူမှာ ထိုနေရာများတွင်ရှိမည်ဟု ကျွန်တော် သုံးသပ်ခန့်မှန်းထား၏။

ည (၁၁)နာရီခန့်တွင် ကျွန်တော်သည် တပ်ဖွဲ့အားရပ်တန့်၍ တပ်စုမှူးနှင့် အကြပ်များကို ခေါ်လိုက်၏။

''ကဲ . . . ဗိုလ်ကျော်ဇောနဲ့ ဆရာကြီးလဗျနော်သွားမယ်ဆိုရင်တော့ မဝေးတော့ဘူး ထင်တယ်နော်။ လထွက်သေးတော့ ခဏတော့နားလိုက်ဦးမှ။ လရောင်နဲ့ဆိုနောက်ထပ်နှစ်နာရီထက် ပိုမလျှောက်ရဘူး။

ကျွန်တော်က စစ်သုံးမြေပုံအား ဓာတ်မီးအုပ်ထိုးကြည့်၍ ပြောလိုက်၏။

''ဟုတ်တယ် တပ်ခွဲမှူး။ လပြည့်ကျော် (၇) ရက်ဆိုတော့ လက သန်းခေါင်လောက်မှ ထွက်မယ်ထင်တယ်။ ဒီနားလေးမှာ ခဏနားလိုက်ပြီး လရောင်ရမှ သွားကြရင် ကောင်းပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



တပ်စုမှူးဗိုလ်ကျော်ဇောက ပြော၏။ ဗိုလ်ကျော်ဇောကား အသက်ငယ်ရွယ်သော်လည်း အစစအရာရာ စေ့စပ်သေချာလှသည့် တပ်စုမှူးတစ်ဦးဖြစ်၍ အားထားရ၏။ လရောင်နှင့် ညချိတက်မှုမှာ ပန်ရလှသဖြင့် သူ့စကားကို လက်ခံလိုက်၏။ တပ်စုတပ်ကြပ်ကြီး ဆရာလဗျနော်သည်လည်း စစ်သက် သုံးဆယ်နီးပါးရှိ၍ အတွေ့အကြုံရင့်ကျက်လှသည့် ကချင်တိုင်းရင်းသား စစ်သားဟောင်းကြီးဖြစ်ပြီး အပွဲပွဲနွှဲလာ၍ စစ်ရည်ဝနေသူဖြစ်၏။ သူကလည်း ဗိုလ်ကျော်ဇော၏ အကြံပြုချက်ကို ထောက်ခံ၏။ ကျွန်တော်တို့သည် အခြေအနေအားလုံးကို သုံးသပ်ကာ လထွက်သည်အထိ ထိုဝါးရုံကုန်းကလေးတွင် ခဏနားနေကြ၏။ မည်သူမှလည်း ကျောပိုးအိတ်မပါ။ သေနတ်နှင့် ခဲယမ်းသာပါ၏။ ပေါ့ပေါ့ပါးပါးဖြင့် လှုပ်ရှားမှုမြန်မှ ဒီရန်သူကို ဖမ်းနိုင်မည်ထင်၏။ ကျော်အုံးတို့အဖွဲ့က အလွန်လျင်၏။

"ကျော်အုံး ... ကျော်အုံး ... ကျော်အုံး"

"အင်း ... အဲဒီ ... ကျော်အုံးဆိုတဲ့ကောင်ကို အမိဖမ်းနိုင်မှ"

ကျော်အုံးကား မနှစ်ကတည်းက ကလိန်အောင်





ထားဝယ်ကားလမ်းမကြီးပေါ်တွင် တံတားများ မိုင်းခွဲ၊ စခန်းချောင်းပစ်၊ လူသတ် ဆက်ကြေးကောက်ဖြင့် နာမည်ကြီးနေသူဖြစ်၏။ ထားဝယ်သားဖြစ်၍လည်း နယ်မြေကျွမ်း၏။ ပြည်ပြေးတောင်ပိုင်းတိုင်းမှ ကျားနက်တပ်ရင်း၏ နာမည်ကျော် တိုက်ခိုက်ရေးသမားလည်း ဖြစ်၏။ သူ့ကြောင့် ကျွန်တော်တို့တပ်ရင်းအား မကြာခဏ အထက်ဌာနများမှ သတိပေးခြင်းခံရ၏။ မကြာသေးမီက နမ်းကြဲနားတွင် စစ်ယာဉ်တန်းတစ်ခုလုံးအား ကျော်အုံးအဖွဲ့မှ ချောင်းမြောင်းပစ်ခတ်ရာ ကျွန်တော့်တပ်ခွဲမှ တပ်ကြပ် ချစ်လှနှင့် တပ်သား မောင်မြင့်တို့ ကျဆုံးသွားခဲ့၏။

ကျွန်တော်တို့တပ်မှ လိုက်လံရှင်းလင်းသော်လည်း ကျော်အုံးနှင့်အဖွဲ့က အရှေ့ဘက်တောင်များပေါ်သို့ တက်ပြေးပျောက်ကွယ်သွား၏။ ရက်ပေါင်းအတော်ကြာအောင် ရှာက်ပြည့်နင်းရှင်းသော်လည်း မည်သည့်ထိတွေ့မှုမှ မဖြစ်။ နောက်ဆုံး ရိက္ခာကုန် လူပန်းဖြစ်၍ ပြန်ခဲ့ရ၏။

ထိုကိစ္စအပြီး ကျော်အုံးက ကလိန်အောင်ရွာသားများနှင့် တွေ့ရာတွင် ...

"ဟေ့ ... မင်းတို့ ကလိန်အောင်က တပ်ကို ပြောလိုက်စမ်းပါ။ ဒီလောက်နဲ့တော့ ကျော်အုံးကို လာစမ်းလို့



www.burmeseclassic.com

www.burmeseclassic.com



မရဘူးကွ။ ဗိုလ်ကျော်အုံးကို တိုက်ချင်ရင် ဆယ်နှစ်လောက် ကြိုးစားကြဦးဟေ့''

ဟု ကြွားလုံးထုတ်၏။


ကျွန်တော်က မခံချိမခံသာဖြင့် ''နေနှင့်ဦးပေါ့ကွာ'' ဟု ကြုံးဝါးရင်း ကျော်အုံးသတင်းကို အဘက်ဘက်က ထောက်လှမ်းကာ စောင့်မျှော်နေခဲ့၏။ ယခုတော့ စောင့်ရကျိုးနပ်ပြီ ထင်၏။

''ကဲ ... ဒီတစ်ခါတော့ မင်း ဘယ်ပြေးမလဲ သစ္စာဖောက် ကျော်အုံးရေ''

❖

အတွေးပျောက်၍ မေ့ခနဲ အိပ်ပျော်သွား၏... ကျောအောက်မှ မညီမညာခိုးလိုခုလု သစ်ကိုင်းခြောက်များကြောင့် ဖျတ်ခနဲ ပြန်နိုးလာ၏။ အချိန်က မနက်နှစ်ချက်တီး ကျော်နေပြီ။ လရောင်မှုန်ပျပျကလေးက ဝါးရုံပင်များကြားမှ ထိုးကျနေ၏။ ရာသီဥတုက နည်းနည်း အေးချင်ချင်ဖြစ်နေ၏။ သွားမှသင့်မည်ထင်၏။ ရည်မှန်းချက် မရောက်မီ ရွာရှောင် လူရှောင်ရဦးမည်ဆိုတော့ ယခုသွားမှ အချိန်လုံလောက်ပေမည်။

မြရတနာစာပေ




...ခုနှစ်က စာရေးသူ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ခဲ့သည့် ရေး–ကလိန်အောင်–ရေဖြူ–ထားဝယ် ဒေသပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com



''ကဲဟေ့ ... ကင်းသမား အားလုံး နိုးလိုက်တော့ ကွာ''

အားလုံးကိုနိုးပြီး ခြေလုံလက်လုံ အသံလုံစနစ်ဖြင့် တဖြည်းဖြည်း ရည်မှန်းချက်ကို ချဉ်းကပ်ရန် မှာရ၏။ ရည်မှန်းချက်မှာ တစ်မိုင်သာသာရှိမည်ထင်၏။

''တပ်ခွဲမှူး ... စခန်းအရင်ရှင်းမလား၊ ရွာ အရင်ရှင်းမလား''

''ရွာဝင် သတင်းထောက်ပြီးမှ စခန်းရှင်းတာ ကောင်းမယ်ထင်တယ်။ ရွာသာ အရင်ဝင်လိုက်ပါ''

ဗိုလ်ကျော်ဇော၏ အမေးအား ကျွန်တော်က ဖြေလိုက်၏။ ရန်သူ့စခန်းကို ကျွန်တော်တို့ မည်သူမှ ရောက်ဖူးသည်မဟုတ်။ ရွာဝင်ရှင်းပြီး ရွာသားအကူအညီဖြင့် စခန်းကိုရှင်းသော် ပို၍ အဆင်ပြေဖွယ်ရှိသည်ဟု ကျွန်တော် သုံးသပ်မိ၏။

ညက နားခဲ့သည့် တောင်ကုန်းလေးမှ မနက် (၃) နာရီတိတိတွင် ထွက်ခဲ့၏။ လမ်းတွင် လရောင်ပျပျ အောက်၌ ခုတ်ပြီးစ တောင်ယာများသာမက အုန်းခြံ၊ ကွမ်းခြံ၊ ဒူးရင်းခြံများကိုပါ တွေ့လာရ၏။ လူနေအိမ်များနှင့် အတော်နီးကပ်နေလေပြီ၊ ရွာနှင့်သိပ်မဝေးတော့၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လည်း မနှစ်က ထိုရွာကို တစ်ခေါက်တော့ ရောက်ခဲ့ဖူး၏။ ယခု ကျွန်တော်တို့ ချီတက်ရာလမ်းကြောင်းသည် အိမ်များ ခြံများနှင့်နီး၍ အချိန်မကျမီ သတင်းပေါက်သွားမှာစိုးရ၏။

"ဗိုလ်ကျော်ဇောရေ ခြံတွေနား သိပ်မတိုးနဲ့။ ခင်ဗျားရဲ့ပွိုင့်ကို ရှောင်ပြီးသွားခိုင်းပါဗျာ။ ရည်မှန်းချက် မရောက်မချင်းတော့ ဘာမှမဖြစ်သေးတာ ကောင်းတယ်"

ကျွန်တော်သည် ကျော်အုံးနှင့်အဖွဲ့ လွတ်သွားမှာကို စိုးရိမ်လှ၏။ ကျွန်တော်၏ ကြိုးပမ်းမှု မအောင်မြင်မှာကို လည်း ပူပန်၏။

ဟိုကွေ့ ဒီကောက်ဖြင့် တစ်မိုင်သာသာ ခရီးအား နှစ်နာရီနီးပါး လာရ၏။

"ကဲ ... တပ်ခွဲမှူး နွယ်လိမ်ရွာကတော့ ဒီခြံအစ ကလေးပဲ။ ခြံတွေ ဆက်နေတယ်။ အိမ်တွေကတော့ ခြံတွေ ထဲမှာ ဟိုတစ်လုံး ဒီတစ်လုံး ဆောက်ထားတာ။ ကျွန်တော် တောလည်ရင်း လမ်းကင်းယူရင်း တစ်ခါ နှစ်ခါ ရောက်ဖူး ပါတယ်"

ဆရာကြီးလဗျနော်က ပြော၏။ အတူရှိနေသည် ဗိုလ်ကျော်ဇောက ခေါင်းညိတ်ပြ၏။

"ကောင်းပြီလေ။ တောင်ဘက်ထိပ် ခြံကစပြီး





တစ်ခြံချင်းသာ ဖြည်းဖြည်းရှင်းပါ"

ကျွန်တော်တို့မှာ ရွာ၏အရှေ့တောင်ဘက်မှ ဝင် လာသဖြင့် တောင်ဘက်က စရှင်းခိုင်းခြင်းဖြစ်၏။

"အဲ ... ဘာမှမထူးရင်တော့ ရွာသားအကူအညီနဲ့ အရှေ့ဘက်က နွယ်လိမ်တောင် ကျော်တက်တာပေါ့ဗျာ။ တောင်ကြောပေါ်မှာ ဒီကောင်တွေ စခန်းပုန်းတော့ရှိပါတယ်။ ကျူပ်ရထားတဲ့မြေပုံမှာလည်း ပါပါတယ်"

ကျွန်တော်၏စိတ်ထဲ၌ ကျော်အုံးအဖွဲ့သည် မနေ့က စခန်းပြန်မည်မထင်။ သင့်တော်ရာ ခြံတစ်ခြံ၌ ခွေလိမ့် မည်ဟု သုံးသပ်၏။ သူတို့တွင် ငွေ၊ စားစရာ၊ ပြီးတော့ မဲခေါင်ပုလင်းပြားများရှိနေသည် မဟုတ်လား။ ကျော်အုံး ကလည်း လင်းထင် လမ်းစဉ်လိုက်ချင်သူ။ မိန်းမ၊ အရက် ပြီးတော့မှ စစ်။ (Woman, Whisky and War)ဆိုသည် များကို သူတို့နှစ်သက်သည်တဲ့။ နွယ်လိမ်သူလေးတွေက လည်း ဖြူဖြူချောချောလေးဆိုတော့ ...

"အင်း"

ကျွန်တော်၏ စဉ်းစားသုံးသပ်မှုမှာ မိနစ်အနည်း ငယ်သာ ကြာ၏။ ထူးဆန်းသောကိစ္စလေးတစ်ခုကြောင့်

"ဟော့ ... တပ်စုကို ခဏရပ်ခိုင်းလိုက်ဦးကွ။ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



ပြစရာရှိလို့။ ဗိုလ်ကျော်ဇောနဲ့ ဆရာကြီးလဗျနော် လှမ်းခေါ်လိုက်''

ကျွန်တော်က ဆက်သားရဲဘော်လေးအား တိုးတိုးပြောလိုက်၏။ စစ်မြေပြင်အချက်ပြစနစ်ဖြင့် တပ်စုကို ရုပ်သိမ်းလိုက်ရာ တပ်စုမှူးနှင့် တပ်စုတပ်ကြပ်ကြီးတို့ ရောက်လာ၏။

''ကဲ ...ဗိုလ်ကျော်ဇောနဲ့ ဆရာကြီးလဗျနော် မနက်ငါးနာရီ ထိုးခါနီးပြီ။ နည်းနည်းလဲ လင်းလာပြီ။ ဟောဒီမှာ ကြည့်စမ်း။ ယမ်းထုပ်ပတ်တဲ့ စက္ကူလေးတွေ ဒါနိုင်ငံခြားဖြစ်။ ယမ်းပျော့ပတ်တဲ့စက္ကူပဲ။ ဟိုတလောက တံတားတွေ မိုင်းခွဲသွားတာ ဒီယမ်းထုပ်တွေနဲ့ပဲ။ အဲဒါကြောင့် ခင်ဗျားတို့ အထူးသတိထားပြီးတော့ သွားဗျာ။ ကျော်အုံးတို့တော့ သိပ်မဝေးတော့ဘူးထင်တယ်။ ဒီနား တစ်ဝိုက်မှာ ရှိမှာပဲ''

ကျွန်တော်သည် ပြောပြောဆိုဆို လမ်းကြောင်းဘေးမှ တွေ့ထားသည့် ယမ်းထုပ်သည့်စက္ကူညိုညို လတ်လတ်ဆတ်ဆတ်များအား ပြသလိုက်၏။ သူတို့က ကျော်သွားပြီး ကျွန်တော်က တွေ့လိုက်သဖြင့် ကောက်ယူ နမ်းကြည့်ကာ အဖြေမှန်သိ၍ ခေါ်ပြောရခြင်းဖြစ်၏။ စစ်





မြေပြင်တွင် ဤကဲ့သို့ အနက်ကောက်တတ်ခြင်းကလည်း အဖြေမှန်ကိုသုံးသပ်ရာ၌ အရေးပါလှပါ၏။ သူတို့နှစ်ဦး ခေါင်းညိတ်ပြီး ဆက်ထွက်သွား၏။

ပထမခြံမှ ဒုတိယခြံကို ကူး၏။ ခြံတွင်းရှိ တဲငယ်တစ်ခုမှ တံခါးဖွင့်သွားပြီး ကရင်အမျိုးသမီးကြီးတစ်ဦး ထွက်လာ၏။ ကျွန်တော်တို့အား တွေ့သွားရာ အံ့အားသင့်သွား၏။ နွယ်လိမ်မှာ ကရင်လူမျိုးနှင့် ဒေသခံထားဝယ်လူမျိုးများ ရောနှောနေသည့်ရွာဖြစ်၏။

''အမိုး ... ကျွန်တော်တို့ ပြည်ချစ်တွေ ဒီကို လာလား''

ကျွန်တော်က ဖြတ်ထိုးဉာဏ်သုံးပြီး ကိုယ့်ကိုယ်ကိုယ် ပြည်ပြေးအဖွဲ့ဟန်ဆောင်၍ မေးလိုက်၏။ ကျွန်တော့် ကိုယ်ပေါ်တွင် စစ်ဆွယ်တာသာဝတ်ထားသဖြင့် အမှတ်အသားမှ မမြင်၍ အမိုးက ဇဝေဇဝါဖြစ်နေ၏။ ဒီမှ ကျွန်တော်၏ အကူရဲဘော်နှင့် တပ်ခွဲဆက်သား ရဲဘော်နှစ်ဦးကို လှမ်းကြည့်ရာ ၎င်းတို့စစ်အကျီမှ ဗန္ဒုလ တံဆိပ်များကို တွေ့သွားပြီး ...

''ဟင့်အင်း ... မလာဘူး''

ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် အမိုးမျက်နှာမှာ စိုးရိမ်ပူပန်စိတ်များ အတိုင်းသားပေါ်လွင်နေ၏။ မျက်နှာပျက်နေ၏။ အခြေ အနေကတော့ ထူးပေပြီ။

''ဟာ ... လူထွက်ပြေးပြီဟေ့ ... လူ ... လူ''

ထိုစဉ် ပို့ငှင့်မှ အော်သံကြား၍ ကျွန်တော်လည်း အဆောတလျင် ပို့ငှင့်သို့ပြေးတက်လိုက်၏။

''ဘာလဲကွ ... မြင့်ဦး''

''လူတစ်ယောက် ဟိုတက်ခြံဘက်ထွက်ပြေးတယ် ဗိုလ်ကြီး''

ပို့ငှင့်သွားနေသည့် ရဲဘော်မြင့်ဦးမှ ဖြေ၏။

''ကဲ ... ဒါဆိုဝင်လိုက်ကွာ''

ကျွန်တော်လည်း အသံဗလံများကြောင့် စိတ် အလောတကြီးနှင့် တပ်စုမှူး၊ တပ်စုတပ်ကြပ်ကြီးတို့အား ဖြတ်ကျော်ပြီး ပို့ငှင့်တပ်တပ်စိပ်နှင့်အတူ တစ်ဖက်ခြံတွင်းသို့ ပြေးဝင်လိုက်ပါသွား၏။

''လား ... လား'' တစ်ဖက်ခြံတွင် လူ(၁၀)ဦးခန့် သည် ဒူးရင်းပင်၊ ကွမ်းသီးပင်နှင့် အုန်းပင်ကြီးများအောက် ၌ အုံ့ညြဖွယ်ကောင်းလောက်အောင် အိပ်မောကျနေကြ၏။ တစ်နေရာတွင် သုံးလေးဦးစီခန့် စုအိပ်နေ၏။ သူတို့ဘေး

မြရတနာစာပေ



တွင် မှောင်ခိုများသုံးသည့် ပစ္စည်းသယ်ဝါးခြင်းများ အတော်များများတွေ့ရ၏။ စစ်အသုံးအဆောင်များတော့ မတွေ့။ ဖိနပ်များကလည်း အရပ်သုံး ရာဘာညှပ်ဖိနပ် များသာ ဖြစ်နေ၏။

''ဗိုလ်ကြီး နတ်အိမ်ထောင်တဲ့ မှောင်ခိုတွေထင် တယ်''

တပ်စိပ်မှူး ဆရာစောယိမ်းက ပြော၏။ ကျွန် တော်လည်း ရုတ်တရက်ဖြစ်နေသဖြင့် မဆုံးဖြတ်နိုင် ဖြစ် နေသည်။ အားလုံးကလည်း စောင်များခြုံပြီး တုပ်တုပ်မှ မလှုပ်အောင်အိပ်နေကြ၏။ ဤလိုပုံစံမျိုးတွေကို ကျွန်တော် တို့ တပ်ရင်း ဒေါနတောင်တန်းတွင် စစ်ဆင်ရေးဝင်ခဲ့စဉ်က အကြိမ်ကြိမ် အခါခါတွေ့ခဲ့ဖူး၏။ မှောင်ခိုနှင့် သူပုန်မှာ ရောနှောနေသည်သာများ၏။ သူတို့မေးက ကျွန်တော်တို့ ပြောတည်ရန်သူ၏ သတင်းရမည်မှာ သေချာ၏။ အချိန်ဆိုင်း နေ၍က မဖြစ်။ ထို့ကြောင့် ...

''ဟေ့လူ ... ထစမ်း''

ကျွန်တော်က အိပ်နေသူတစ်ဦးအား ရုတ်တရက် ဆောင်ဆွဲလှန်ပြီး နှိုးလိုက်၏။

''ဟိုက်''

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စောင်ဆွဲလှန်လိုက်သည်နှင့် အိပ်နေသူအား ကာဘိုင်သေနတ်ဖက်ပြီး အိပ်နေခြင်းဖြစ်သည်ကို ရုတ်တရက် တွေ့ရ၏။ ကျွန်တော့်ပါးစပ်မှ . . .

''သူပုန်ဟေ့ . . . သူပုန်ဟ . . . ပစ် . . . ပစ်''

အာမေဋိတ်သံနှင့် ပစ်ခတ်ရန် အမိန့်ပေးသံပါ တစ်ဆက်တည်း ထွက်သွား၏။ ကျွန်တော်ကိုယ်တိုင်လည်း ခါးမှာပါလာသည့် (၉)မီလီမီတာ ပစ္စတိုကို အလွန်လျင်မြန်စွာ ထုတ်၍ ထိုသူ၏ခေါင်းအား နှစ်ချက်ဆင့်၍ ပစ်လိုက်၏။

''ဒိုင်း . . . ဒိုင်း''

နံနက်ငါးနာရီခန့်တွင် ကျွန်တော်၏ (၉)မီလီမီတာ ပစ္စတိုသေနတ်သံနှစ်ချက်ဖြင့် အရဏ်ဦးတိုက်ပွဲကို စလိုက်၏။ ကျွန်တော်၏ ပို့ဂိုင့်တပ်စိပ်မှ စစ်သည်များကလည်း လှုစုခွဲပြီး အိပ်နေသူများအား ''ဒိုင်း'' ခနဲ ''ဖောင်း''ခနဲဖြင့် အပြေးအလွှား လိုက်ပစ်ကြ၏။

ခဏချင်းအတွင်းမှာပင် ထိုခြံအတွင်း၌ လူသံများ သေနတ်သံများက ပွက်လောရိုက်အောင် ဆူညံသွား၏။ အိပ်ပျော်နေသူအချို့မှာလည်း ကယောင်ကတမ်းဖြင့် နိုး လာကြပြီး မည်းမည်းမြင်ရာကို ပြန်ပစ်ကြ၏။ ကျည်ဆန်





၁၉၇၄ခုနှစ် မတ်လစရက် ကွန်မန်ဒိုတိုက်ပွဲတွင် စာရေးသူနှင့်အတူတိုက်ပွဲဝင်ခဲ့သည့် ...ကျော်စော(ယခု ဗိုလ်မှူးကြီးကျော်စော နယ်စပ်ညီပင်)

www.burmeseclassic.com

www.burmeseclassic.com



နှစ်က စာရေးသူတို့၏ ထားဝယ်စစ်ဗျူဟာမှူးဗိုလ်မှူးကြီးချစ်ဆွေ
(ယခု ဒုဗိုလ်ချုပ်ကြီး ချစ်ဆွေ အငြိမ်းစား)

www.burmeseclassic.com

www.burmeseclassic.com



အချို့က ကျွန်တော့်ဘေးမှ ဝိုးခနဲ ဝိုးခနဲ ဖြတ်သွား၏။ ဘယ်သူက ဘယ်သူ့ကို ပစ်နေမှန်းမသိ။ ရှုန်းရင်းဆန်ခတ် ဖြစ်နေ၏။ တပ်ကြပ်စောယိမ်းထံမှ ရန်သူတစ်ဦးက သေနတ်အတင်းလုနေ၍ တပ်သား ခင်မောင်က ထိုရန်သူ့ မျက်နှာအား ဂျီး–၃ ဖြင့် တေ့ပစ်လိုက်ရ၏။ ရန်သူ့မျက်နှာ တစ်ခြမ်း ပွင့်ထွက်သွား၏။ သွေးညှီနံ့များက ဖုံးလွှမ်းသွား ၏။ ထိုစဉ် ...

"ဝုန်း ... ဝုန်း ... ဝုန်း"

၄၀ မီလီမီတာ ဂရင်းနိတ်လောင်ချာပေါက်ကွဲသံ များ ဆက်တိုက်ပေါ်လာ၏။ ကျွန်တော် ရပ်နေသည့် အုန်းပင် အနီးသို့ ကျရောက်ခြင်းဖြစ်၏။ ကျွန်တော့်ဘေးတွင် တစ်လုံး ကွဲသွားရာ အစငယ်အချို့ ကျွန်တော်၏ စတီးရေဘူးအား ထိမှန်၏။ ကံကောင်းပေလို့ လူမှန်က သေသွားနိုင်၏။ ဘေးဘယ်ညာမှာလည်း "ပတောက် ပတောက် ... ဖောင်း ဖောင်း" ဆိုသည့် ဘေးဘယ်ညာ ကိုက်လေးငါးရာ ကုန်း မြင့်မြင့်လေးများရှိနေရာမှ ကျွန်တော်တို့ဆီ ဝိုင်းပစ်နေကြ ခြင်းဖြစ်၏။

"လောင်ချာ လာဟေ့ ... လောင်ချာ ... လောင်ချာ"

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က လှမ်းအော်လိုက်ရာ . . .

''လာပြီ ဗိုလ်ကြီး . . . လာပြီ''

တပ်ကြပ် အယ်လ်ဖြူအောင် ခေါင်းဆောင်သည့် ၃. ၅ ရော့ကတ်လောင်ချာအဖွဲ့ အပြေးအလွှား ရောက်လာ၏။

''ဟော့ . . . ဘယ်ညာတောင်ကုန်းတွေ လှမ်းပစ်စမ်းကွာ''

''အုမ်း . . . အုမ်း . . . အုမ်း . . . အုမ်း''

လောင်ချာလေးငါးလုံးပါလာသည်ကို ဆက်တိုက်ပစ်ထုတ်လိုက်ရာ ဘေးဘယ်ညာ တောင်ကုန်းများမှ ပစ်ခတ်နေသည်များ ငြိမ်ကျသွား၏။ ရန်သူ ငြိမ်နေတုန်း အမြန်ပြန်ဆုတ်မှ သင့်ပေမည်။

''ရှိုး . . . ရှိုး . . . ရှိုး''

ကျွန်တော်က အချက်ပေးခရာအား မှုတ်၍ အပစ်ရပ်စေ၏။ လူပြန်စု၏။ ဗိုလ်ကျော်ဖောနှင့် ဆရာကြီး လဗျနော်တို့အား ခေါ်၏။

''ကဲ . . . ဗိုလ်ကျော်ဖော ခင်ဗျားလူတွေ ပြန်စစ်ဗျာ။ ကျုပ်က လောပြီးတက်သွားတာ။ ကံကောင်းလို့ မသေတာ တယ်။ ကျုပ် ဝပ်လိုက်တဲ့နားမှာ ဆဲဗင်းတီနိုင်းကွဲတာ





ကျုပ် စတီးရေဘူးပေါက်သွားတယ်။ ဗိုက်ပေါက်ရင် မချောင်ဘူး။ ကဲ . . . လူစုပြီးရင် ရတာတွေ အကုန်ကောက်ပြီး ဆုတ်ကြစို့။ ဒီကောင်တွေ လူအများကြီးဗျ။ ကြာရင် မလွယ်ဘူး။ ဒီနားက လေးငါးယောက်တော့ ကြွသွားပြီ တွေ့လား။ တုံးလုံးပက်လက်ပဲ''

ခဏချင်းအတွင်း လူစစ်ရာ အားလုံးလူစုံ၏။ မိမိဘက်မှ အထိအခိုက်မရှိ။ ရန်သူ (၉)ဦးကျဆုံး၏။ သေနက်(၉)လက် ရလိုက်၏။ အိတ်ချ်ကေ ၃၃ ခြောက်လက်၊ အမ် ၁၆ တစ်လက်၊ ကာဘိုင်တစ်လက်၊ အမ် ၁၉ တစ်လက်ဖြစ်၏။ စာရွက်စာတန်းနှင့် မှတ်တမ်းစာအုပ်များ ရ၏။ ထိုစာအုပ်များထဲမှ တစ်ခုသော စာအုပ်ကား

**''ဗိုလ်ကျော်အုံး (အထူးတိုက်ခိုက်ရေးတပ်မှူး)**

**ကျားနက်တပ်ရင်း**

**တောင်ပိုင်းတိုင်း။**

**ပြည်သူ့ပြည်ချစ်တပ်မတော်**

ဟူသော စာတမ်းအား တွေ့ရ၏။ သစ္စာဖောက်ကျော်အုံးကား သေဆုံးသူများတွင် ပါသွားပြီ ထင်ရ၏။ သို့ရာတွင် သိပ်တော့မသေချာလှ။ လောလောဆယ်ဆယ်ရသမျှ အမြတ်ချည်းမို့ ကျွန်တော်သည် တိုက်ပွဲနေရာမှ



www.burmeseclassic.com

www.burmeseclassic.com



အမြန်ဆုတ်ခွာရန် အမိန့်ပေးလိုက်၏။ ပြန်အထွက်တွင် နွယ်လိမ်ရွာသူကြီးအိမ်ဝင်၍ . . .

"ကဲ . . . သူကြီး ကျော်အုံးအဖွဲ့တော့ ကျုပ်တို့ ဝင်ရှင်းလိုက်ပြီ။ ဘယ်သူသေလို့ ဘယ်သူလွတ်သွားတယ် တော့ မသိဘူး။ အဲဒီတော့ သေတဲ့သူတွေ သင်္ဂြိုဟ်ပေးပါဗျာ။ ရော့ . . . ငွေတစ်ထောင်ယူထားလိုက်ပါ။ သင်္ဂြိုဟ်စရိတ်ပေါ့။ ညနေကျရင် ကလိန်အောင်စခန်းလာပြီး အကျိုးအကြောင်း လာ သတင်းပို့ပါဦး"

သူကြီးက လုပ်ဆောင်မည့်အကြောင်း အာမခံပါ၏။ သူ့ကြည့်ရတာ အံ့သြဝမ်းသာနေပုံရ၏။ ကျွန်တော်တို့ နွယ်လိမ်ရွာကလေးမှ ပြန်ထွက်ခဲ့သည့်အချိန်ကား နံနက် (၀၆း၀၀)နာရီတိတိ။ အနောက်ဘက်သို့ နာရီဝက်ခန့် လျှောက် လိုက်သော် ထားဝယ် ကလိန်အောင်ကားလမ်းမ ကြီးသို့ ရောက်၏။ ကျွန်တော်တို့ကား အောင်သေ အောင် သား စားခဲ့ကြ၍ အလွန်ပျော်မြူးနေကြ၏။ နံနက်ခင်း နေခြည်နုနုအောက်တွင် ရဲဘော်များက ရဲရဲတောက် သီချင်း ကို အော်ဆိုကြ၏။ "ဟေ့ ဒို့ကွန်မန်ဒိုကွ" ဟုလည်း ကြွေး ကြော်ကြ၏။ အသွားတုန်းက တစ်ညလုံး သွားခဲ့ရသော် လည်း ယခုအပြန်တွင်ကား စခန်းအရောက် သုံးနာရီခန့်သာ

မြရတနာစာပေ



လျှောက်လိုက်ရ၏။ တစ်လောကလုံးအား ထီမထင်ဟန်ဖြင့် ရင်ကော့၍ ပြန်ခဲ့ကြ၏။

ကျွန်တော်တို့ တပ်စခန်းအဝင်တွင် တပ်ရင်းမှူး က စခန်းအဝမှ ပြုံးပြုံးကြီး ဆီးကြို၍ လက်ဆွဲနှုတ်ဆက် ကာ . . .

"ကွန်ဂရက်ကျူလေးရှင်း ဗိုလ်သက်ဦး။ မင်းရဲ့ အောင်မြင်မှုအတွက် ချီးကျူးဂုဏ်ယူပါတယ်ကွာ။ ငါ့လူ တွေ စစ်တုရင်တင် တော်တာမဟုတ်ဘူး။ Field မှာလည်း အားကိုးရတာပဲကိုး။ ကဲ ဒီညတော့ မင်းတို့အောင်ပွဲရလာ သူတွေကို ငါ ညစာနဲ့ ဂုဏ်ပြုမယ်ဟေ့"

ကျွန်တော့်တပ်ရင်းမှူးကား ကျွန်တော်တို့တပ်သို့ ပြောင်းလာသည်မှာ မကြာသေး။ ဒါပြင် တော်တော့် သူကို ချီးကျူးတတ်သူမဟုတ်။ ကျွန်တော်နှင့်လည်း ကောင်းစွာ ရင်းနှီးသေး။ အတူနေခါစ လေးငါးရက်တွင်မှ စစ်တုရင် ထိုးဖြစ်၏။ တပ်ရင်းမှူးကြီးမှာ စစ်တုရင် အလွန်တော်သည်။ ဟာနှင့် တပ်ရင်းတွင် လက်ရည်တူ မတွေ့ဟုပြောသည်။ ကျွန်တော်နှင့်ထိုးမှ ဘတစ်ပြန် ကျားတစ်ပြန်ဖြစ်နေရာ အခု ပြိုင်ဘက်ကောင်းတွေ့ပြီဟု ဆို၏။ ကျွန်တော် လေးစား သော ယခုကဲ့သို့ စစ်တုရင်ပါတော်သည့် အထက်လူကြီး၏

မြရတနာစာပေ

www.burmeseclassic.com



ချီးကျူးဂုဏ်ပြုမှုကို ခံရခြင်းကား ကျွန်တော့်အဖို့ အကြီးမားဆုံး ဆုလာဘ်ကြီးပင်ဖြစ်ပါ၏။

ကျွန်တော်သည် သေမင်းနှင့် နပမ်းလုံး၍ ထိုဆုကြီးကို ရခဲ့ခြင်းပင်ဖြစ်ပါ၏။ ကွန်မန်ဒိုလုပ်လိုက်မိခြင်း အကျိုးပါပေ။

❖

ထိုနေ့ညသို့ တပ်ရင်းမှူးကြီးက ကျွန်တော့်ကွန်မန်ဒိုတပ်စုအား ဂုဏ်ပြုညစာစားပွဲ ပြုလုပ်ပေးသည်။

တိုက်ပွဲတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့သူများအား စစ်မြေပြင်အဆင့် တိုးမြှင့်ပေးခြင်းများကို ချက်ချင်း ပြုလုပ်ပေးသည်။ တပ်သားမှ တိုက်ရိုက်တပ်ကြပ်သို့ ၂ ဦး၊ တပ်ကြပ်မှ တပ်ကြပ်ကြီးသို့ ၂ ဦး၊ စစ်သည်မှ ဒုတပ်ကြပ်သို့ ၂ ဦး၊ ပေါင်း ၆ ဦး Field Promotion ရကြ၏။ တပ်ကြပ်ကြီး လဗျနော်တစ်ဦးသာ နေရာလွတ်မရှိ၍ ရာထူးတိုးမပေးနိုင်လိုက်။

ညစာစားပွဲကို Army Rum ဖြင့် Wet Dinner ပြုလုပ်ပေးရာ ကျွန်တော့်ကွန်မန်ဒိုတပ်စုမှာ ပျော်နေကြရွှင်မြူးကြနေကြ၏။





ညစာစားပွဲ ပြုလုပ်နေစဉ်မှာပင် ထားဝယ်စစ်ဗျူဟာမှ ကြေးနန်းဝင်လာသည်။ တပ်ရင်းမှူးကြီးက ကြေးနန်းကိုကြည့်ပြီး ''အားလုံးကြားရအောင် ဖတ်ပြလိုက်'' ဟုဆိုသည်။

''ကျားနက်တပ်ရင်းမှ အထူးတိုက်ခိုက်ရေးတပ်မှူးကျော်အုံးနှင့်အဖွဲ့အား ချေမှုန်း၍ လက်နက်ငယ် ၉ လက် ရရှိအောင် စွမ်းဆောင်ခဲ့သည့် ရတခလရ (-) မှ ဗက သက်ဦးနှင့် ကွန်မန်ဒိုတပ်ဖွဲ့အား စစ်ဗျူဟာမှူးမှ ချီးကျူး ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း အကကပါသည်''

ကြေးနန်းကို အထက်ပါအတိုင်း အိုင်အို ဗိုလ်စန်းအောင်က ဖတ်ပြလိုက်ရာ ကျွန်တော့်ကွန်မန်ဒိုတပ်စုတစ်ဖွဲ့လုံး ကြားသွားကြ၍ အားလုံးက ''ဟော့ ... ဒို့ကွန်မန်ဒိုဗွ'' ဟု ရုတ်ခြည်းဝိုင်းအော်လိုက်ကြရာ အော်သံမှာ ကလိန်အောင် တပ်စခန်းကို ကျော်လွန်ကာ ထားဝယ်မြစ်ရိုးတစ်လျှောက် ပျံ့နှံ့သွားသည်ဟုပင် ထင်မိပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# THEY,

# WHO

# DARE

# WIN.

DAVID STIRLING

မြရတနာတပေ

www.burmeseclassic.com

www.burmeseclassic.com



THEY, WHO DARE WIN.

ဆောင်ပုဒ်ရှင် ဗြိတိသျှကွန်မန်ဒိုတပ်မှူး ဒေးဗစ်စတာလင်

www.burmeseclassic.com

www.burmeseclassic.com



အနိုင်နိုင်ငံမှ ကွန်မန်ဒို စစ်သားများ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၃ )

## ထူးခြားထင်ရှားကမ္ဘာ့ကွန်မန်ဒိုတိုက်ပွဲများ

## မူဆိုလီနီအား ကယ်တင်ခဲ့စဉ်က

**နိဒါန်း**

အချိန်ကား ၁၉၄၃ ခုနှစ် နောက်ပိုင်းကာလ။

နေရာကား ဂျာမနီနိုင်ငံ၊ ဘာလင်မြို့၊ ဂျာမန်စစ်ဌာနချုပ်ရုံးကြီးရှိ ခေါင်းဆောင်ကြီး ဟစ်တလာ၏ ခန်းမကြီးထဲ၌ဖြစ်၏။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ကြီး ဟစ်တလာသည် အလွန်ဒေါသထွက်နေ၏။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။

''ဘယ်လိုလဲ . . . မင်းတို့ငါခိုင်းတာ မလုပ်နိုင်ဘူးလား။ အလကားကောင်တွေ၊ မင်းတို့အသုံးမကျတာနဲ့ ငါ့မဟာမိတ် ရောင်းရင်းကြီးတော့ အဆုံးမခံနိုင်ဘူး။ အေး အချိန်တစ်ပတ် ပေးမယ်။ အဲဒီအချိန်အတွင်း ငါ့မိတ်ဆွေကြီး မူဆိုလီနီကို ဘယ်လိုကယ်တင်မလဲဆိုတာ ပြည့်ပြည့်စုံစုံတင်ပြ။ ကဲ . . . သွားကြတော့'

ဟစ်တလာသည် စကားဆုံးသည်နှင့် သူ့ခကားကိုနားထောင်နေသည့် ဗိုလ်ချုပ်ကြီးများနှင့် ဦးစီးအရာရှိများကို သူ့အခန်းအတွင်းမှ မောင်းထုတ်လိုက်၏။

ဟစ်တလာ၏ မဟာမိတ်အီတလီခေါင်းဆောင်ကြီး မူဆိုလီနီအား အီတလီဘုရင်နှင့် ရင်းကိုလိုလားသူ Badoglio တို့ ပူးပေါင်းအဖွဲ့သည် မူဆိုလီနီ၏ အတွင်းလူများနှင့် ချိတ်ဆက်ကာ ဖမ်းဆီးလိုက်၏။ ထို့နောက် ပုန်ကန်သူတို့သည် မူဆိုလီနီကို အထူးလုံခြုံသော တစ်နေရာတွင် ထိန်းသိမ်းထားလိုက်၏။

ဂျာမဏီအာဏာရှင် ဟစ်တလာသည် ကမ္ဘာကို လွှမ်းမိုးရန် စိတ်ကူးယဉ်ခဲ့၏။ အလားတူပင် အီတလီ





အာဏာရှင် မူဆိုလီနီသည်လည်း ရောမအင်ပါယာကြီးကို ပြန်လည်ထူထောင်ရန် စိတ်ကူးယဉ်ခဲ့သူဖြစ်၏။

သူတို့နှစ်ဦး အာဏာရပြီး သိပ်မကြာမီမှာပင် မဟာမိတ်စာချုပ် ချုပ်ဆိုခဲ့ကြ၏။

၁၉၃၉ ခုနှစ် စက်တင်ဘာ (၁) ရက်နေ့တွင် ဂျာမန်တို့ အလွန်အရေးသာပြီး ပြင်သစ်ကို သိမ်းနိုင်သည်။ ထိုအခါ အခွင့်ကောင်းကို စောင့်နေသော အီတလီအာဏာရှင် မူဆိုလီနီလည်း ဂျာမနီဘက်မှ ဝင်ပါ၍ ၁၉၄၀ ခုနှစ် ဇွန်လတွင် ဗြိတိန်နှင့် ပြင်သစ်ကို စစ်ကြေညာတော့၏။

ဟစ်တလာသည် သူတစ်ဦးတည်း စစ်တိုက်နေစဉ် မူဆိုလီနီပါဝင်လာ၍ အလွန်အားရသွား၏။ သူ့မိတ်ဆွေကြီးနှင့်လည်း မကြာခဏတွေ့ဆုံ တိုင်ပင်နှီးနှောပြီး သူဆော်အချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့နေကြ၏။

၁၉၄၁ ခုနှစ် တစ်နှစ်လုံး ဟစ်တလာနှင့် မူဆိုလီနီတို့ အခြေအနေကောင်းနေ၏။ ထိုနှစ် နှစ်ကုန်တွင် သူတို့၏ မဟာမိတ် ဂျပန်ကလည်း ဗြိတိန်နှင့် အမေရိကန်ကို စစ်ကြေငြာကာ စစ်ထဲဝင်လာ၏။

သို့ရာတွင် ၁၉၄၂ ခုနှစ်ကုန်ပြီး ၁၉၄၃ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com



အရောက်တွင် စစ်၏ချိန်ခွင်လျှာသည် မဟာမိတ်များဘက်က သာလာ၏။ ဂျာမန်တို့ ရုရှားကို ဝင်တိုက်ရာ အရှုံးပွဲများနှင့် ရင်ဆိုင်ရ၏။ တဖြည်းဖြည်း ဂျာမန်တပ်များ အင်အားချိနဲ့၍ မဟာမိတ်တို့က အရေးသာလာ၏။ ကြက်ရေး ငှက်ရေးကျမှ အားထားရသော မဟာမိတ်ကြီး မူဆိုလီနီ အဖမ်းခံရ၍ ခေါင်းဆောင်ကြီး ဟစ်တလာ ဒေါသအလွန်ပွနေခြင်းဖြစ်၏။

ဟစ်တလာ၏ အမိန့်ကြောင့် သူ၏ဗိုလ်ချုပ်ကြီးများ ခေါင်းချင်းရိုက်ကြရတော့၏။

“ကဲ . . . မဖြစ်ဘူး။ ကျုပ်တို့ ဟိုကောင်ကိုပဲ ခေါ်မှ ရမယ်။ ဒီကောင်ကတော့ သူလုပ်နိုင်တယ်ချည်းပဲ ပြောနေတာပဲ”

“ဘယ်သူလဲ”

“စကော့ဇနီလေ”

“ဒါဆိုလည်း ခေါ်ဗျာ”

**စကော့ဇနီ ဘယ်သူလဲ**

ဂျာမန်စစ်ဗိုလ်များထဲ၌ စကော့ဇနီကား ထူးခြားသူ ဖြစ်၏။ သူသည် ပန်ဇာတပ်တော်များကို ဦးစီးခဲ့သူ





ဗိုလ်ချုပ် ဂူဒါယန်းကဲ့သို့ ရည်မှန်းချက်ကြီးမားသူ ဖြစ်၏။

၁၉၃၉ ခုနှစ် ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်ချိန်တွင် သူသည် ကိုယ်ပိုင်ကုမ္ပဏီလေးတစ်ခုထောင်၍ စမ်းတဝါးဝါးဖြင့် စီးပွားရေးလုပ်နေ၏။

ဂျာမန်တပ်မတော်က အရေးပေါ်စစ်သားများ ဆင့်ခေါ်သောအခါ သူသည် S.S အထူးတပ်ရင်းများသို့ ဝင်ရောက်ရန် စာရင်းပေးခဲ့၏။ စာတတ်ပေတတ်ဖြစ်၍ အရေးပေါ် ဗိုလ်သင်တန်း တက်ခဲ့ရပြီး ၁၉၄၀ ခုနှစ် နိုဝင်ဘာတွင် ဗိုလ်သင်တန်းဆင်းသောအခါ ဘာလင်မြို့ရှိ ဟစ်တလာ၏ အနီးကပ် S.S အထူးတပ်ရင်းတစ်ခုတွင် အမှုထမ်းရ၏။

သူတာဝန်ထမ်းဆောင်ရသော တပ်ရင်းသည် ယူဂိုစလပ်စစ်မြေပြင်သို့ ပို့လွှတ်ခံရ၏။ ယူဂိုစလပ်တွင် ဒုဗိုလ်စကော့ဇနီသည် သူ၏တပ်စုနှင့် Fighting patrol တိုက်ကင်းထွက်ရင်း အင်အားကြီးမားသော ရန်သူ တပ်ဖွဲ့တစ်ဖွဲ့အား ရဲဝံ့စွန့်စားစွာ တိုက်ခိုက်အောင်မြင်ခဲ့ရုံမက ရန်သူအချို့ကိုပါ လက်ရဖမ်းဆီးနိုင်ခဲ့၏။ ထိုတိုက်ပွဲကြောင့် စကော့ဇနီအား ချက်ချင်းဗိုလ်အဆင့်သို့ Field promotion စစ်မြေပြင် အဆင့်တန်းမြှင့်ပေးခြင်း ခံရရုံမက ခေါင်းဆောင်ကြီး ဟစ်တလာ၏ ချီးကျူးမှုကို ခံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၁–၁၉၄၂ ခုနှစ် စစ်ပွဲကာလများ၌ မဟာမိတ်တို့ဘက်မှ အရေးနိမ့်နေ၏။ ဂျပန်ကလည်း စစ်ထဲပါလာ၍ ဗြိတိသျှတို့မှာ မြေပြုရာကင်းမှောင့်ပြီး အရှေ့နှင့်အနောက် စစ်မျက်နှာပြင်နှစ်ခုလုံး အရှုံးပွဲနှင့် ရင်ဆိုင်နေရ၏။ သို့ရာတွင် ဗြိတိသျှတို့က အထူးကွန်မန်ဒိုတပ်များ ဖွဲ့စည်းပြီး အနှောင့်အယှက်များ များစွာပေးနိုင်ခဲ့ကြ၏။ ဗြိတိသျှ ကွန်မန်ဒိုတို့သည် ဂျာမန်ဗိုလ်ချုပ်ကြီး ရွမ်းမဲလ်ကိုပင် လုပ်ကြရန် ခြေလှမ်းကြခဲ့၏။

"နေစမ်းပါဦးကွ။ ဒီကောင်တွေ လုပ်သလို မင်းတို့ရော မလုပ်နိုင်ဘူးလား။ လုပ်နိုင်တဲ့ သူရှိရင်ငါ့ဆီ ခေါ်ခဲ့ကွာ"

ဟစ်တလာက သူ့ဗိုလ်ချုပ်များကို ခေါ်ပြော၏။

ဤသတင်းကို စကော့ဇနီကြားသောအခါ သူလုပ်နိုင်ကြောင်း ဟစ်တလာထံ စာရေးတင်ပြလိုက်၏။ ခေါင်းဆောင်ကြီး ဟစ်တလာ အလွန်အားရသွားသည်။

စကော့ဇနီကို ခေါ်တွေ့ပြီး . . .

"အေး . . . မင်းက လူငယ်ပေမယ့် လုပ်ရဲကိုင်ရဲတယ်။ မင်းကို ငါသဘောကျတယ်။ မင်းလုပ်နိုင်ရင် လိုလိုတာ အကုန်ပြော ငါပေးမယ်"





ဟုဆိုလေတော့၏။

စကော့ဇနီ အလွန်ကျေနပ်သွား၏။ စကော့ဇနီသည် ခေါင်းဆောင်ကြီး၏ ပံ့ပိုးမှုဖြင့် ဘာလင်မြို့အနီးရှိ ဆိုက်ဒင်သယ်လ် Friedenthol တောင်ကြားတွင် ကွန်မန်ဒို လေ့ကျင့်ရေးကျောင်း တစ်ခုကို သူ့စိတ်ကြိုက် ဖွဲ့စည်း တည်ထောင်လေသည်။

စကော့ဇနီ၏ကျောင်းမှာ လူအမျိုးစုံပါဝင်သော တပ်ခွဲတစ်ခွဲကို ဦးစွာဖွဲ့စည်း၍ Duth လူမျိုးတစ်ဦးကို ဦးဆောင်စေသည်။ တပ်ခွဲတွင်ပါဝင်သည့် ကွန်မန်ဒိုစစ်သည်များသည် ပညာတတ်လူငယ်များဖြစ်ကြပြီး ကျန်းမာရေး ဆေးစစ်မှုအပါအဝင် အထွေထွေဆန်းစစ်ခြင်း အောင်မြင်မှ ကျောင်းဝင်ခွင့် ရရှိကြ၏။

သင်တန်းတွင် အလွန်ပြင်းထန်သော လေ့ကျင့်မှုများကို ပြုလုပ်နိုင်းရာ အချို့မှာ အသက်သေဆုံးကြသည် အထိ ပြင်းထန်သည်ဟု ဆို၏။

လေထီးခုန်ခြင်း၊ ရေကူးခြင်း၊ ထွေးလုံးသတ်ပုတ်ခြင်း၊ လက်ဖြောင့်သေနတ်ပစ်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ မိုင်းထောင်ခြင်း၊ မိုင်းဖော်ခြင်းနှင့် ဆက်သွယ်ရေးစက်များ မော်တော်ကားများ၊ လေယာဉ်များဆိုင်ရာ ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



ရပ်များကိုပါ သင်ကြားပေး၏။ ဘာသာစကား လေးငါးမျိုး လည်း တတ်အောင်သင်ပေး၏။ တစ်နည်းဆိုသော် အဌာရသ တစ်ဆယ့်ရှစ်မျိုးကို သင်ကြားပေးခြင်းဟုပင် ဆိုနိုင်ပါ၏။

"ကဲ . . . ဗိုလ်မှူး စကော့ဇနီ၊ မင်းကို ခေါင်းဆောင်ကြီးက အလိုရှိနေတယ်"

စကော့ဇနီသည် အရှင်မွေးတော့ နေခြင်းကြီးမှ ဗိုလ်မှူးပင် ဖြစ်နေပါပြီ။

"ကျွန်တော်ကိုယ်တိုင် ကျွန်တော့်ကွန်မန်ဒိုတပ်ဖွဲ့ကို ဦးစီးပြီး ခေါင်းဆောင်ကြီး မူဆိုလီနီကိုရအောင် ကယ်ဆယ်ပါ့မယ်"

"အေး . . . မင်းလုပ်နိုင်တာတွေလည်း လုပ်ပြီးပြီပဲ။ ဒီပွဲကြီးကတော့ သိပ်အရေးကြီးတယ်။ မင်းလုပ်နိုင်မယ်လို့ ငါယုံတယ်။ မင်းလိုတာပြော၊ ဒို့မိတ်ဆွေကြီးကို ဒို့ကယ်နိုင်တယ်ဆိုတာ ပြရမယ်။ ဒါဒို့အဖ ဂျာမဏီပြည်ကြီးရဲ့ ဂုဏ်သိက္ခာကွ"

ဟစ်တလာက စကော့ဇနီ၏ ပခုံးကို အားပါးတ . . . ပုတ်၍ ပြောလိုက်၏။

"အောင်မြင်ရင် မင်းကို ထိုက်ထိုက်တန်တန် ဖ . . .





ဂျာမဏီ အာဏာရှင်ဟစ်တလာနှင့်အတူ ဂျာမန်တပ်များကို လှည့်လည်စစ်ဆေးနေသည့် အီတလီ အာဏာရှင်ကြီး မူဆိုလီနီ





ဂျာမန် ယူနီဖောင်း နှင့် အမေရိကန် ယူနီဖောင်း နှင့်

ဂျာမန် ကွန်မန်ဒို တပ်မှူး ဗိုလ်မှူးကြီး စကော့ဇနီ

www.burmeseclassic.com



ဂုဏ်ပြုမယ်ဟေ့''

ဟစ်တလာ၏ နောက်ဆုံးစကားဖြစ်သည်။

ကယ်တင်ရန်ကြိုးပမ်းပြီ

အစွမ်းပြချင်နေသော စကော့ဇနီအတွက် အလွန်သဘောတွေ့သွား၏။

သို့ရာတွင် မူဆိုလီနီ ဘယ်မှာရှိမှန်း ဘယ်သူမှမသိ။ ဂျာမန်ထောက်လှမ်းရေး ဂတ်စတာပိုများထံမှလည်း သတင်းမရ။ စကော့ဇနီကိုယ်တိုင် အီတလီနိုင်ငံတွင်း ရုပ်ဖျက်ဝင်ရောက် သတင်းထောက်လှမ်းရတော့၏။ စွန့်စွန့်စားစားဝင်ရောက် ထောက်လှမ်းရခြင်းဖြစ်၍ နံရိုးသုံးချောင်း ကျိုးအောင် စွန့်စားပြီးမှ မူဆိုလီနီအား ဖမ်းဆီးထားသည့်နေရာအား သိအောင်သိရတော့၏။

မူဆိုလီနီအား ဂန်းဆက်ဆို Gan Susso တောင်ကြားရှိ ဟိုတယ်ကင်ပိုအင်ပါရေတာ Hotel Campo Imperator တွင် ထိန်းသိမ်းထားသည်။ ဟိုတယ်မှာ ပေ ၆၀၀၀ မြင့်သော တောင်ထိပ်တွင် သီးခြားရှိနေသော ဟိုတယ်ဖြစ်၏။ အနီးကပ်အဖြစ် လက်နက်ကိုင် ၁၅၀ နှင့် အပြင်စည်း လုံခြုံရေးအဖြစ် ခြေလျင်တပ်ရင်းတစ်ရင်းက



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြပ်နေ၏။

တောင်ပေါ်သို့ တက်ရန်မီးရထားလမ်း တစ်လမ်းသာရှိ၏။ အခြားယာဉ်များသွားရန် လမ်းကောင်းကောင်း မရှိပါချေ။

စကော့ဇနီသည် ထိုနေရာအား ကောင်းကင်ဓာတ်ပုံများ ရိုက်ယူခဲ့ပြီး၊ မြေပုံပါရေးဆွဲ၍ ပြန်ခဲ့၏။

ဂျာမနီသို့ ပြန်ရောက်သောအခါ ကယ်တင်ရေးနည်းလမ်းများကို သူနှင့်သူ့အရာရှိများ အားလုံးဝိုင်းစဉ်းစားကြ၏။

(က) ပထမနည်း

- လမ်းမရှိ၍ ကယ်တင်ရေးတပ်ဖွဲ့ တောင်ပေါ်သို့ လေထီးဖြင့် ခုန်ဆင်းပြီး ကယ်ရန်
- လေထုပါးလွှာ၍ လေထီးကျနှုန်းမြန်သည်။ အများအပြား ထိခိုက်ဒဏ်ရာရနိုင်သည်။
- အောင်မြင်ရန် အခွင့်အလမ်း နည်းသည်။

(ခ) ဒုတိယနည်း

- ကယ်တင်ရေးတပ်ဖွဲ့များ ရထားလမ်းကို သုံး၍ကယ်ရန်
- အစောင့်များကို တိုက်ရန်တပ်များများလိုမည်။





- အငိုက်မရနိုင်တော့။
- အကျအဆုံးများမည်။
- အောင်မြင်မှု မသေချာ။

(ဂ) တတိယနည်း

- ကယ်တင်ရေးတပ်ဖွဲ့များ စက်မဲ့ လေယာဉ် သုံး၍ ကယ်ရန်
- အငိုက်ရနိုင်သည်။
- အောင်မြင်မှုရရန် အတော်သေချာသည်။

ထို့ကြောင့် စကော့ဇနီတို့သည် တတိယနည်းလမ်းကို ရွေးချယ်ပြီး ခေါင်းဆောင်ကြီး ဟစ်တလာကို တင်ပြရာ ခေါင်းဆောင်ကြီးက သဘောတူခဲ့လေသည်။

"ဒီကောင်လိုတာ အကုန်လုပ်ပေးလိုက်ကြ"

သူ့လက်အောက်ကိုလည်း ညွှန်ကြားလိုက်၏။

**မူဆိုလီနီအား ကယ်တင်ခြင်း**

မူဆိုလီနီအား မကယ်တင်မီ စကော့ဇနီသည် သူ့လူများနှင့် ခရီးအကွာအဝေး လိုက်ပါမည့်လူအရေအတွက် လိုအပ်သည့် စက်မဲ့လေယာဉ် စီးရေနှင့် လုပ်ငန်းအစီအစဉ်များကို အသေးစိတ်တွက်ချက်ပြီး သဲမြေပုံများ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဖာတ်တိုက်ရှင်းလင်း လေ့ကျင့်ရ၏။

ထိုအချိန်တွင် အီတလီတို့က မူဆိုလီနီမရှိတော့သဖြင့် မဟာမိတ်နှင့် စစ်ရပ်စဲရေးကိုပင် ဆောင်ရွက်လျက်ရှိနေပြီဖြစ်၏။ ဤကိစ္စအတွက်လည်း ခေါင်းဆောင်ကြီးဟစ်တလာက ရတက်မအေးဖြစ်ပြီး သူ့မိတ်ဆွေကြီးကို အမြန်ကယ်ထုတ်ခိုင်းနေခြင်းလည်း ဖြစ်ပေသည်။

စစ်ဆင်ရေး'ယ'ရက်တွင် စကော့ဇနီတို့သည် သူတို့ အခြေပြု လေယာဉ်ကွင်းမှ စက်မဲ့လေယာဉ်များကို လေယာဉ်ကြီးများဖြင့် ချိတ်ဆွဲပြီး ရှည်မှန်းချက်သို့ ထွက်ခွာလာခဲ့ကြ၏။ အရေးထဲတွင် မနက်ပိုင်းက မိမိတို့ လေယာဉ်ကွင်းသို့ မဟာမိတ်လေယာဉ်များက ဗုံးလာကြဲသေးသည်။ ပြေးလမ်း၌ ကျင်းကြီးများဖြစ်သွား၏။ ကံကောင်း၍ စစ်ဆင်ရေးတွင် ပါဝင်မည့် လေယာဉ်များကို ဗုံးမထိမှန်ခဲ့ခြင်းဖြစ်၏။

စကော့ဇနီတို့ ကွန်မန်ဒိုများနှင့်အတူ ဂျာမန်လေထီးတပ်မဟာ၏ တပ်မဟာမှူး ဗိုလ်မှူးချုပ် စတူးဒင့်ကိုယ်တိုင်လိုက်ပါတော့၏။ ဂျာမန်စစ်ဌာနချုပ်မှ ရှည်မှန်းချက်ကို စကော့ဇနီတို့ လေကြောင်းမှ ဝင်ရောက်နေစဉ် ဂျာမန်ကြည်းတပ်များမှလည်း ခြေလျင်ချီတက်၍ ရှည်မှန်းချက်ရှိ အီတလီအစောင့်တပ်များအား အပြင်းအထန်





ဝင်ရောက်တိုက်ခိုက်ရန် စီမံထားရှိခဲ့၏။

စကော့ဇနီတို့ လေယာဉ်ကြီးသုံးစီး ထွက်ခဲ့ကြသော်လည်း သူကိုယ်တိုင် လိုက်ပါလာသည့် လေယာဉ်မှလွဲ၍ အမှတ်(၁)နှင့် အမှတ်(၂) လေယာဉ်များမှာ ပါမလာခဲ့တော့ပေ။ နံနက်က လေယာဉ်ပြေး လမ်းဗုံးကြဲခံခဲ့ရရာ ဗုံးကျင်းထဲ ဘီးချော်ကျသဖြင့် ထိုလေယာဉ်နှစ်စီး ကျန်ခဲ့သည်ဟု ဆို၏။ စကော့ဇနီကား နောက်ကြောင်းပြန်လှည့်တတ်သူ မဟုတ်။

"ဗိုလ်မှူး အမှတ်(၁)နဲ့ (၂) ပါမလာတော့ဘူး"

"ထားပါကွာ။ ပါမလာလည်း ငါတို့တစ်ဖွဲ့တည်းနဲ့ဲ လုပ်ကြတာပေါ့"

ရှည်မှန်းချက်ပေါ်သို့ ရောက်ချိန်မှန်းပြီး အောက်ငုံ့ကြည့်ကြ၏။ မြူများဆိုင်းနေသဖြင့် ဘာမှမတွေ့။ ထို့အပြင် သူတို့ စီးနင်းလိုက်ပါလာသော စက်မဲ့လေယာဉ်ကိုယ်ထည်မှ ပတ္တူစများကလည်း ကွယ်နေ၏။ စကော့ဇနီက အသင့်ပါလာသော စစ်သုံးဓါးမြှောင်ဖြင့် ပတ္တူစကို ဆိုးခွဲလိုက်၏။

ဟော ... အောက်မှာတွေ့ပြီ Hotel Campo Imperator ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်ကိုသာမကပါ။ မိမိတို့အား စစ်ကူပေးမည့် ဂျာမန်ကြည်းတပ်များကို တင်ဆောင်လာသည့် ယာဉ်တန်းရှည်ကြီးကို အားတက်ဖွယ်ရာ တွေ့မြင်ရ၏။

"ရဲဘော်တွေ အသင့်ပြင်၊ သံခမောက်ဆောင်း"

စကော့ဇနီက အမိန့်ပေးလိုက်၏။

"ဖြုတ်"

လေယာဉ်ကြီးမှ စက်မဲ့လေယာဉ်ကို ဖြုတ်ခိုင်းလိုက်၏။ သူတို့စက်မဲ့လေယာဉ်ဆင်းရမည့်ကွင်းမှာ ဟိုတယ်ဘေးရှိ ချုံရှင်းထားသော မြေကွက်လပ်တစ်ခုဖြစ်၏။ အဆောက်အဦအသစ် ဆောက်လုပ်ရန် ရှင်းထားပုံရ၏။

သူတို့စက်မဲ့လေယာဉ်မှာ မြေပြင်နှင့် အတော်ကွာဝေးနေသေးသဖြင့် လေယာဉ်မှူးက အောက်သို့ အမြန်ပြင်းပြင်း စိုက်ဆင်းချလိုက်၏။ အသည်းထိတ်ဖွယ် ခံစားကြရ၏။ ဘွားခနဲဆင်းကွင်းကို တွေ့ရသည်။ ကွင်းမှာ တစ်ပြေးညီ မဟုတ်။ တောင်စောင်း ဆင်ခြေလျောအတိုင်း ရှင်းထားသည့်ကွင်း ဖြစ်နေသည်။ လေယာဉ် အဆင်းခက်၏။

သို့ရာတွင် စက်မဲ့လေယာဉ်မှူးက အလွန်ကျွမ်းကျင်စွာ ဆင်းလိုက်နိုင်သဖြင့် လေယာဉ်မြေပြင်ပေါ်ရောက်





ပြီး ရပ်သွားတော့၏။

လေယာဉ်ရပ်သည်နှင့် စကော့ဇနီလည်း ခုန်ထွက်ပြီး ဟိုတယ်သို့ ပြေးတက်သွား၏။ သူ့နောက်မှ ကွန်မန်ဒိုရဲဘော်များကလည်း သူနှင့် ထပ်ချပ်မကွာ လိုက်သွားကြ၏။ ဟိုတယ်ဝမှ မှင်တက်မိနေသော ကင်းစောင့်ရဲဘော်အား လက်နက်ချခိုင်းပြီး ထိန်းသိမ်းလိုက်၏။ ဆက်လက်ပြေးတက်သွားရာ ဆက်သွယ်ရေးစက်ကိုင်ရဲဘော်တစ်ယောက် ကုလားထိုင်တစ်လုံးပေါ် ထိုင်ရင်းကြေးနန်းပို့ရန် ပြင်ဆင်နေသည်ကိုတွေ့ရ၏။ ၎င်း၏ကုလားထိုင်ကို စကော့ဇနီကိုယ်တိုင် ခြေဖြင့်ဆောင့်ကန်လိုက်ရာ လူရောကုလားထိုင်ပါ ကျွမ်းပြန်လွင့်စင်သွားလေသည်။ ဆက်သွယ်ရေးစက်ကိုလည်း သေနတ်ဒင်များဖြင့် ထုချေဖျက်ဆီးလိုက်၏။ ဟိုတယ်အောက်ထပ်မှ အပေါ်ထပ်သို့ အုတ်လှေကားအတိုင်း ပြေးတက်သွားကြလေသည်။ အပေါ်ဆုံးထပ်သို့ရောက်ပြီး လက်ဝဲဘက်သို့ ချိုးလိုက်ရာ ကြောင်တောင်တောင် ဖြစ်နေသည့် မူဆိုလီနီအား အနီးကပ် အီတလီအစောင့်နှစ်ဦးနှင့်အတူ တွေ့ရ၏။

"ကိုယ့်လူတို့ ငါတို့ဂျာမန်တပ်မတော်က မင်းတို့ကို

www.burmeseclassic.com



ဝိုင်းထားပြီ။ လက်နက်ချပါ''

အလွန်အံ့အားသင့်နေသော အီတလီ အရာရှိ (၂) ဦးသည် စကော့ဇနီနှင့် သူ့ရဲဘော်များကို မြင်ပြီး လန့်ဖျပ်သွား၍ အလွယ်တကူနှင့် အညံ့ခံလိုက်ကြ၏။ အခန်း အပြင်ဘက်တွင် စက်သေနတ်ကိုင် အီတလီ စစ်သား(၃)ဦး အားတွေ့ရ၍ စကော့ဇနီတို့က ပစ်ခတ်သုတ်သင်လိုက် သည်။ သေနတ်သံကြားသဖြင့် ထိုတောင်ကုန်းကို တာဝန် ယူထားသော အီတလီဗိုလ်ချုပ် Cueli ကျူလီ အခန်းတွင် သို့ ဝင်ရောက်လာ၏။

''လက်နက်ချပါ ဗိုလ်ချုပ်။ ကျွန်တော်တို့ အားလုံး ကို ဝိုင်းထားပါပြီ၊ ဗိုလ်ချုပ်လူတွေကိုလည်း လက်နက်ချ ပြောပါ။ အချိန်တစ်မိနစ်ပဲ ရမယ်''

စကော့ဇနီတို့က ဗိုလ်ချုပ်ကျူလီအား မောင်းပြ လက်နက်ငယ်များဖြင့် ဝိုင်းချိန်ကာ လက်နက်ချခိုင်းလိုက် ကြသည်။ ကျူလီသည် ခဏမျှစဉ်းစားပြီး ဟိုတယ် အိပ်ယာခင်းတစ်ခုကို အလံဖြူအဖြစ် ဝှေ့ယမ်းပြကာ သူ့ လူများအား လက်နက်ချခိုင်းလိုက်တော့သည်။ ထိုအခ တွင် ဂျာမန်ကြည်းတပ်များနှင့် ဟိုတယ်ပတ်ဝန်းကျင် အီတလီအစောင့်တပ်များ ပြင်းထန်စွာတိုက်ပွဲ ဖြစ်နေ

မြရတနာစာပေ




ဒုတိယ ကမ္ဘာစစ် မတိုင်မီက ဥရောပတိုက်နိုင်ငံများ

www.burmeseclassic.com



ဒုတိယ ကမ္ဘာစစ်က
အီတလီ အာဏာရှင်ကြီး မူဆိုလီနီ

www.burmeseclassic.com

www.burmeseclassic.com



ဂရင်၊ဆက်ဆိုတောင်ထိပ်မှ မူဆိုလီနီအား
ဂျာမန်ကွန်မန်ဒိုများမှ
ပုံပါအတိုင်း ကယ်တင်နိုင်ခဲ့သည်။

www.burmeseclassic.com

ပြီ။ ဟိုတယ်အစောင့်တပ်ခွဲက လက်နက်ချလိုက်သဖြင့် စကော့ဇနီသည် ခပ်ကြောင်ကြောင်ဖြစ်နေသော မူဆိုလီနီအား ဟိုတယ်ပေါ်မှ အမြန်ဆုံးခေါ်ယူလိုက်၍ အောက်သို့ဆင်းခဲ့၏။ လေယာဉ်ငယ်တစ်စင်း အမြန်စေလွှတ်ရန်လည်း ဌာနချုပ်သို့ လှမ်းပြောရသည်။ မိနစ် အနည်းငယ်အတွင်းမှာပင် ဂျာမန်လေတပ်မှ အထူးလေယာဉ်ငယ်တစ်စီး ရောက်ရှိလာ၏။ လေယာဉ်ပေါ်သို့ မူဆိုလီနီနှင့် စကော့ဇနီအပါအဝင် အရေးကြီးသူအချို့သာ လိုက်ပါနိုင်၏။ စကော့ဇနီက ချက်ချင်း ထွက်ခွာခိုင်းသည်။ ကျဉ်းမြောင်းသောကွင်းငယ်မှ ခက်ခဲစွာပျံတက်သွားရာ လေယာဉ်ကျွမ်းထိုးမှောက်ခုံဖြစ်မတတ် ဖြစ်သွား၏။ သို့သော် လေယာဉ်မှူး၏ကျွမ်းကျင်မှုကြောင့် ကြိုတင်သတ်မှတ်ထားသည့် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့သို့ ချောမောစွာ ဆိုက်ရောက်သွားလေတော့သည်။ ဗီယင်နာတွင် မူဆိုလီနီအား ဟစ်တလာမှ အကောင်းဆုံး ဟိုတယ်ကြီးတစ်ခုတွင် ထားရှိစေ[illegible] စကော့ဇနီတို့ ဟိုတယ်ရောက်သည်ဆိုလျှင်ပင် ဟစ်တလာထံမှ တယ်လီဖုန်း ရောက်လာ၏။

"စကော့ဇနီလားဟော့ . . . မင်းလုပ်ဆောင်ချက်ကို ငါသိပ်ဂုဏ်ယူတယ်ကွာ။ ငါ့မိတ်ဆွေကြီး ကျန်းကျန်း

www.burmeseclassic.com



မာမာပဲဆိုလို့ ဝမ်းသာတယ်။ သူနဲ့တော့ နောက်မှ အေး အေးဆေးဆေး စကားပြောမယ်။ မင်းကိုတော့ ချက်ချင်းပဲ ငါ ဂုဏ်ပြုနိုင်းလိုက်ပါပြီကွာ''

''ဟုတ်ကဲ့ပါ ... ခေါင်းဆောင်ကြီး ခင်ဗျား ကျေးဇူးအထူးတင်ပါတယ်''

စကော့ဇနီသည် ခေါင်းဆောင်ကြီးနှင့် တယ်လီ ဖုန်း ပြောလိုက်ရ၍ အလွန်ကျေနပ်နေသည်။ သူ အနား ယူရမည့် အခန်းထဲသို့ ဝင်လိုက်သည်။ ခဏအကြာတွင် တံခါးခေါက်သံကြား၍ တံခါးထဖွင့်ပေးလိုက်၏။ ဂျာမန် တပ်မတော်က ဒုတိယဗိုလ်မှူးကြီး အဆင့်ရှိသူ အရာရှိကြီး တစ်ယောက် စကော့ဇနီ အခန်းတွင်းသို့ ဝင်လာကာ အလေးပြုလိုက်၏။ ထို့နောက် ခေါင်းဆောင်ကြီး၏ အမိန့် အရပါဟုဆိုကာ ၎င်းယူဆောင်လာသော ဂျာမန်တပ်မတော် ၏ အမြင့်ဆုံး သူရဲကောင်းတံဆိပ် KNIGHT'S CROSS ကို ချိတ်ဆွဲပေးလိုက်လေတော့သည်။

''ဒီတံဆိပ်တင်မကဘူး။ ကွန်မန်ဒို တပ်ဖွဲ့မှူး ရာထူးလည်း တက်သွားပါပြီ ခင်ဗျား''

ထိုစစ်ဆင်ရေးအတွက် စကော့ဇနီသည် သူရဲ ကောင်းတံဆိပ်သာမက ဗိုလ်မှူးမှ ဗိုလ်မှူးကြီးအဖြစ်





ရာထူးနှစ်ဆင့်ပင် ခုန်တက်သွားလေတော့သည်။

စကော့ဇနီဦးစီးသော ဂျာမန်ကွန်မန်ဒိုတို့ အထက်ပါအတိုင်း မူဆိုလီနီကို ကယ်တင်ခဲ့ကြသည်မှာ အံ့သြဖွယ်ပါတကား။

**မှီငြမ်းကိုးကားသည့်စာအုပ်များ**

Commando Extraordinary နှင့် Nos Commando စာအုပ်များကို မှီငြမ်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဗြိတိသျှကွန်မန်ဒိုများ၏ ဂျာမန်ဗိုလ်ချုပ်ကြီး ရွမ်းမဲလ်အား လုပ်ကြံမှုကြီး

**ဒုတိယကမ္ဘာစစ်က အာဖရိကစစ်မျက်နှာ**

ဒုတိယကမ္ဘာစစ်ကြီး ပထမပိုင်းတွင် ဂျာမန်တပ်များသည် ဥရောပတစ်ခွင်တွင် အောင်ပွဲများဆက်တိုက် ခံယူလျက်ရှိ၏။ ပြင်သစ်စစ်ရှုံးတော့မည် သေချာသောအခါ အီတလီတို့ ဂျာမနီဘက်မှ ဝင်ပါတော့၏။ အီတလီ အာဏာရှင် မူဆိုလီနီသည် အမြဲတစေ ရောမအင်ပါယာကဲ့သို့ အင်ပါယာမျိုး တည်ဆောက်ရန် စိတ်ကူးယဉ်နေသူဖြစ်၏။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်တို့ အင်္ဂလန်ကျွန်းကို ခုခံကာကွယ်ရင်း အလုပ်များနေသည်ကို အခွင့်ကောင်းယူကာ မူဆိုလီနီက အီတလီနိုင်ငံ ကမ္ဘာ့အလယ်ဂုဏ်တင့်တယ်ရေး၊ ဟစ်တလာနှင့်ဆက်ဆံရာတွင် ရင်ဘောင်တန်းရေးအတွက် အာဖရိကမှ အင်္ဂလိပ်ကိုလိုနီများကို သိမ်းယူရန် စီမံလေတော့သည်။

၁၉၄၀ ခုနှစ် စက်တင်ဘာ၌ မြေထဲပင်လယ်နှင့် နိုင်းလ်မြစ်ဝှမ်းတွင် အင်္ဂလိပ်တပ်များ ခိုင်ခိုင်မာမာ မရှိတော့၍ စက်တင်ဘာ ဒုတိယပတ်တွင် လစ်ဗျားနှင့် အဘီးဆီးနီးယားရှိ အီတလီတပ်များသို့ အီဂျစ်အား ဝင်ရောက်တိုက်ခိုက်ရန် မူဆိုလီနီက အမိန့်ထုတ်တော့၏။ စက်တင်ဘာ ၁၃ ရက်တွင် အမိန့်အရ အီတလီဗိုလ်ချုပ် ဂရာဇီရာနီသည် အီဂျစ်ကို ဝင်ရောက်တိုက်ခိုက်လေသည်။

အီဂျစ်သို့ ဝင်တိုက်သော အီတလီတပ်များကို အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ချုပ်ကြီးဝေဗယ်လ်ဦးစီးသော တပ်များက ပြန်လည်ထိုးစစ်ဆင်ရာ တိုက်ပွဲကာလ ၂ လအတွင်း မိုင် ၅၀၀ ကျော် ချီတက်ပြီး အီတလီတပ်များကို ချေမှုန်းနိုင်ခဲ့လေသည်။ အီတလီတပ်များသည် အရည်အသွေးညံ့ဖျင်းကြသည့်အပြင် တင့်ကားအပါအဝင် အီတလီစစ်လက်နက်ပစ္စည်းများကလည်း အင်္ဂလိပ်တို့အား မယှဉ်





နိုင်ကြချေ။ တိုက်ပွဲတိုင်းလိုလို အရေးနိမ့်ရပြီး ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီ (၇)ရက်တွင်မူ အီတလီဗိုလ်ချုပ် ဘာဂန်ဇိုလီသည် အင်္ဂလိပ်တို့ထံ ခြွင်းချက်မရှိ လက်နက်ချရတော့၏။

အီတလီတို့ထံမှ သုံ့ပန်းတစ်သိန်းကျော်၊ တင့်ကား ၄၀၀ ကျော်၊ အမြောက်အလက်ပေါင်း ၁၃၀၀ မျှ သိမ်းဆည်းရမိခဲ့၏။

အင်္ဂလိပ်တို့ မြောက်အာဖရိက စစ်မျက်နှာတွင် အကြီးအကျယ် အောင်ပွဲခံသွားတော့၏။

ဟစ်တလာသည် မြောက်အာဖရိကကို အဆုံးရှုံးမခံနိုင်၍ ဗိုလ်ချုပ်ကြီးရွမ်းမဲလ်ဦးစီးသည် အာဖရိကားကိုးခေါ် အာဖရိကတပ်မကြီးကို မြောက်အာဖရိကသို့ စေလွှတ်လေသည်။ ဗိုလ်ချုပ်ကြီးရွမ်းမဲလ်သည် ဂျာမန် အီတလီ ပူးပေါင်းတပ်မတော်ကို ဦးစီးခဲ့၏။ ရွမ်းမဲလ်၏ အာဖရိကားတပ်မကြီးနှင့် အင်္ဂလိပ်တပ်များသည် ၁၉၄၁ ခုနှစ် နွေဦးမှ ၁၉၄၂ ခုနှစ် ဆောင်းဦးအထိ အပြန်အလှန် တိုက်ခိုက်ကြ၏။

၁၉၄၁ ခုနှစ် ဧပြီတွင် လစ်ဗျားနိုင်ငံအတွင်းရှိ ရွမ်းမဲလ်ဦးစီးသော ဝန်ရိုးတန်းတပ်များသည် ဝေဗယ်လ်၏ မဟာမိတ်တပ်များကို ထိုးစစ်ဆင်ရာ မဟာမိတ်တပ်များက တိုဘရွတ်တွင် အခိုင်အမာ တပ်စွဲကာ ခုခံတွန်းလှန်ကြ၏။




www.burmeseclassic.com

www.burmeseclassic.com



မြောက်အာဖရိက စစ်မျက်နှာတွင် ဝန်ရိုးတန်းတပ်များ၏ ပင်မအခြေစိုက်စခန်းမှာ ထရီပိုလီ Tripoli ဖြစ်ပြီး မဟာမိတ်တပ်များ၏ ပင်မအခြေစိုက်စခန်းမှာ အလက်ဇန်းဒရီးယားဖြစ်သည်။ ထိုသို့ ပင်မအခြေစိုက် စခန်းနှစ်ခုမှာ မိုင်ပေါင်း ၁၄၀၀ ခန့် ကွာလှမ်းနေသောကြောင့် နှစ်ဖက်စလုံးမှ တပ်များသည် ထောက်ပံ့ရေးပစ္စည်းများကို ပြည်မမှ ထိုပင်မအခြေစိုက်စခန်းများသို့ သယ်ယူကြရပြီး ထိုမှ တစ်ဆင့် ရှေ့တန်းအခြေစိုက်စခန်း များဆီသို့ တစ်ဆင့်ပြီးတစ်ဆင့် ပေးပို့စေခြင်းဖြင့် စစ်ပွဲကို ဆင်နွှဲကြရသည်။ ဤတွင် မြေထဲပင်လယ်အတွင်းရှိ မော်လ်တာကျွန်း၌ မဟာမိတ်တို့၏ ရေငုပ်သင်္ဘောနှင့် လေတပ်အခြေစိုက်စခန်းများ တည်ရှိရာ ဝန်ရိုးတန်းနိုင်ငံများ၏ မြောက်အာဖရိက စစ်မျက်နှာရှိ ထောက်ပံ့ရေးလမ်းကြောင်းကို ခြိမ်းခြောက်လျက် ရှိသည်။

၁၉၄၁ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ရွမ်းမဲလ်သည် တိုဘရွတ်မြို့ကို သိမ်းပိုက်ရန် အပြင်းအထန် ထိုးစစ်ဆင်ခဲ့သော်လည်း မအောင်မြင်ချေ။ ဩဂုတ်လတွင် သူ၏ တပ်များထံ ပေးပို့လိုက်သော ထောက်ပံ့ရေးပစ္စည်းများ၏ ၃၅ ရာခိုင်နှုန်းမှာ မြေထဲပင်လယ်အတွင်း နှစ်မြှုပ်ပစ်ခြင်း





www.burmeseclassic.com

www.burmeseclassic.com



ခံခဲ့ရသည်။ ထို့ပြင် အောက်တိုဘာလ မတိုင်မီကာလအတွင်း ထောက်ပံ့ရေးပစ္စည်းများ ဆုံးရှုံးမှုမှာ ၇၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ သို့ဖြင့် ဂျာမန်ရေတပ်သည် အတ္တလန္တိတ်သမုဒ္ဒရာမှ ရေငုပ်သင်္ဘော ၂၅ စင်းကို မြေထဲပင်လယ်တွင်းသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ရွှမ်းမဲလ်သည် ထောက်ပံ့ရေးအခြေအနေ ကောင်းမွန်လာသည်နှင့် ဆက်လက်ထိုးစစ်ဆင်ရန် စီစဉ်နေဆဲ မဟာမိတ်တပ်မှူး ဝေဗယ်လ်၏ နေရာသို့ရောက်ရှိလာသော ဂျင်နရယ် အောချင်လက်သည် ရွှမ်းမဲလ်၏တပ်များကို ဆီဒီရဇက်အနီးတွင် စတင်ထိုးစစ်ဆင်သည်။ သို့ဖြင့် ရွှမ်းမဲလ်၏တပ်များမှာ အဟီလာအထိ ဆုတ်ခွာပေးခဲ့ရသည်။ ထိုစဉ်ကာလအတွင်း မြေထဲပင်လယ်အတွင်းရှိ ဗြိတိသျှရေတပ်မှာ အထိနာလျက်ရှိသည်။ ဂျာမန်တို့သည် ဒီဇင်ဘာလအတွင်း မော်လ်တာကျွန်းကို လေကြောင်းမှ အပြင်းအထန် တိုက်ခိုက်ခဲ့ပြီးနောက် ဗြိတိသျှရေတပ်သည် ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း မြေထဲပင်လယ်ရှိ ဝင်ရိုးတန်းနိုင်ငံများ၏ ထောက်ပံ့ရေးလမ်းကြောင်းကို လုံးဝ အနှောင့်အယှက် မပေးနိုင်ခဲ့ချေ။

၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ရွှမ်း

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မဲလ်သည် ဒုတိယအကြိမ် ထိုးစစ်ဆင်ပြန်ရာ ဖေဖော်ဝါရီလ ၂၁ ရက်နေ့၌ မဟာမိတ်တပ်များကို တိုဘရွတ်မြို့မှ အနောက်ဘက်နှင့် တောင်ဘက်မိုင် (၂၀)အကွာအထိ တိုက်ထုတ်ပစ်နိုင်ခဲ့သည်။ ဂျင်နရယ် အောချင်လက်သည် ဇွန်လ ၇ ရက်နေ့တွင် ရွမ်းမဲလ်၏တပ်များကို ထပ်မံထိုးစစ်ဆင်ရန်ပြင်ဆင်နေဆဲ မေလ ၂၆ ရက်နေ့တွင် ရွန်းမဲလ်၏ တပ်များက မဟာမိတ်တပ်များ၏ လက်ဝဲဘက်စစ်နံကို စတင်ထိုးနှက်ခဲ့သည်။ ရက်သတ္တလေးပတ်ခန့် အပြင်းအထန် တိုက်ပွဲဖြစ်ပွားပြီးနောက် ရွမ်းမဲလ်၏ တပ်များသည် ဇွန်လ ၂၁ ရက်နေ့တွင် တိုဘရွတ်မြို့ကို စစ်သုံ့ပန်း ၃၃၀၀၀၊ လက်နက်ပစ္စည်း အမြောက်အမြားနှင့်အတူ သိမ်းပိုက်ရရှိသွားတော့၏။

လျှင်မြန်စွာလှုပ်ရှား စစ်ကစား၍ ရွမ်းမဲလ်က အင်အားနည်းနည်းဖြင့် တိုဘရွတ်ကို သိမ်းလိုက်နိုင်သဖြင့် အင်္ဂလိပ်တွေအားလုံး တုန်လှုပ်ချောက်ချားသွားကြတော့၏။ ရွမ်းမဲလ်အသံကြား ဖျားသွားကြတော့၏။





သဲကန္တာရမြေခွေးကြီးအာဝင်ရွမ်းမဲလ်

သူတို့ ဖျားမည်ဆိုလည်း ဖျားလောက်ပါ၏။ ရွမ်းမဲလ်သည် မြောက်အာဖရိကရောက်ပြီး သိပ်မကြာမီမှာပင် လက်မြန်ခြေမြန်ဖြင့် ထရီပိုလီမှ အီဂျစ်နယ်စပ်အရောက် ဆိုင်ရင်းနီးကားဒေသတစ်ခုလုံးကို ဆောလျင်စွာ သိမ်းပိုက်လိုက်တော့၏။

အရင်က ခပ်ညံ့ညံ့ အီတလီများကိုသာ ရင်ဆိုင်ဖူးသည့် အင်္ဂလိပ်တွေ အလွန်အံ့အားသင့်သွား၏။ ရွမ်းမဲလ်သည် သူ၏ပန်ဇာတပ်များဖြင့် အာဖရိကသဲကန္တာရအတွင်း လျှင်မြန်စွာ ရွေ့လျားသွားလာလှုပ်ရှား စစ်ကစားပြီး အင်္ဂလိပ်တွေကို မျက်စိလည်အောင်လုပ်နိုင်၏။ သဲကန္တာရအတွင်း ဟိုနေရာက ဘွားခနဲပေါ်လာ၊ ဒီနေရာက ဘွားခနဲပေါ်လာဖြင့် လုပ်ပြ၏။ ဟိုနေရာဝင်တိုက် ဒီနေရာဝင်တိုက်တိုက်ပြ၏။

မကြာခဏ ရွမ်းမဲလ်၏အတိုက်ခံရ၍ ရှုံးပွဲတွေများလာသောအခါ အင်္ဂလိပ်တွေ သွေးပျက်လာ၏။

''ဟ ... ဒီဂျာမန်ဗိုလ်ချုပ်က လူမှဟုတ်ရဲ့လား'' ဖြစ်လာ၏။

အောချင်လက်၏ ဗြိတိသျှအမှတ် (၈) တပ်တော်က



www.burmeseclassic.com

www.burmeseclassic.com



အရာရှိ အရာခံ အကြပ်တပ်သားအားလုံး ရွမ်းမဲလ်ကို ကိုယ်ပျောက်ဝိဇ္ဇာတစ်ဦးလို ထင်မှတ်မှားပြီး ကြောက်ရွံ့လာကြ၏။ ရွမ်းမဲလ်အသံကြားရင် ဖျားချင်ချင် ဖြစ်လာကြ၏။ သဲကန္တာရမြေခွေးများလို လျင်မြန်ခြင်း၊ ပိပိရိရိ ဖုံးကွယ်တတ်ခြင်း၊ ပါးနပ်လိမ္မာခြင်း၊ အရေးဟယ် အကြောင်းဟယ်ဆိုက ပြတ်ပြတ်သတ်သတ် တိုက်ခိုက်တတ်ခြင်း၊ အပင်ပန်းခံနိုင်ခြင်း စသည့်အရည်အချင်းများနှင့် ပြည့်စုံသူ ရွမ်းမဲလ်အား သူ့လူများကသာမက ရန်သူဗြိတိသျှများကပါ သဲကန္တာရမြေခွေးကြီး Desert Fox ဟု အမည်ပေးကြကုန်သည်။

ရွမ်းမဲလ်သည် စစ်တိုက်ရာတွင် တကယ့်ယောက်ျားကောင်းတစ်ဦးလို ဥပဒေဘောင်အတွင်းမှ သတ္တိရှိရှိ ဆောင်ရွက်သူဖြစ်၏။ ဖမ်းမိသည့်သုံ့ပန်းများကိုလည်း သုံ့ပန်းပေါ်လစီအတိုင်း ကောင်းမွန်စွာ ဆက်ဆံ၏။ နှိပ်စက် ညှဉ်းပန်းလေ့မရှိ။ သူသည် နှိပ်စက်ညှဉ်းပန်းခြင်းကို ရွံရှာသူဖြစ်၏။ ထို့ကြောင့် ဂျာမန်တို့၏ အာဖရိက တပ်မကြီး (Africa Corp) ကသာမက ရန်သူဗြိတိသျှ အမှတ် (၈) တပ်တော်ကလည်း ရွမ်းမဲလ်ကို လေးစားကြ၏။ လေးစား





သည့်အဆင့် ကျော်လွန်သွားသည့်အခါတွင်ကား အန္တရာယ်ရှိလာသည်။

ထိုအခါ ဗြိတိသျှတပ်တော်မှူးကြီး ဗိုလ်ချုပ်ကြီး အောချင်လက်အနေဖြင့် အောက်ပါအမိန့်ကို ထုတ်ပြန်ရတော့၏။

သို့

တပ်မှူးအားလုံးနှင့် စစ်ဦးစီးအရာရှိချုပ်များ

မှ

စစ်ဌာနချုပ်

ဗြိတိသျှ အမှတ်(၈) အရှေ့အလယ်ပိုင်း တပ်တော်

ယခုအခါတွင် ကျွန်ုပ်တို့တပ်သားများသည် ရန်သူခေါင်းဆောင် ရွမ်းမဲလ်အား တန်ခိုးရှင်လိုလို ပျောက်စေဆရာလိုလို မျက်လှည့်လက်လှည့်ဆရာလိုလို ထင်မြင်နေကြသည်။ စကားဝိုင်းတိုင်း၌ ရွမ်းမဲလ်အကြောင်း မပါလျှင် မပြီးဖြစ်နေ၏။ ဤလက္ခဏာသည်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ တပ်များအတွက် အန္တရာယ်ရှိ၏။

ရှမ်းမဲလ်သည် လူစွမ်းကောင်းတစ်ယောက် မဟုတ်ပါ။ တန်ခိုးရှင်လည်း မဟုတ်ပါ။ ကြိုးစားအားထုတ်သော သူလို ငါလိုလူသာ ဖြစ်ပါသည်။ ထက်မြက်သော တပ်မှူးဟုမူ ဆိုနိုင်ပါသည်။

ကျွန်ုပ်တို့၏ရန်သူတပ်မှူးသည် လူစွမ်းကောင်းပင် ဖြစ်ပါစေဦး ကျွန်ုပ်တို့လူများက သူ့အား တန်ခိုးရှင်ကြီးအဖြစ် အမှွမ်းမတင်သင့်ပါ။ ဤလွဲမှားသောအမြင်မှာ မလိုလားအပ်သောအမြင် ဖြစ်၏။ ဤအမြင်ကို ကျွန်ုပ်တို့တပ်တွင်းမှ အမြန်ဆုံး ဖယ်ရှားရန် တပ်မှူးအားလုံး ကြိုးစားဆောင် ရွက်သွားကြရမည်။

ကျွန်ုပ်တို့သည် လစ်ဗျားရှိ ရန်သူ ဂျာမန်တို့ကို ရည်ညွှန်းတိုင်း ရှမ်းမဲလ်ဟု ပြောမည့်အစား ရန်သူ သို့မဟုတ် ဂျာမန် သို့မဟုတ် ဝန်ရိုးတန်း အင်အားစုဟုသာ ရည်ညွှန်းပြောဆိုကြရမည်။

ဤသည်မှာ အမိန့်ဖြစ်၏။

မြရတနာစာပေ



ဤအမိန့်ကို ချက်ချင်းလိုက်နာကြပါ။ ဤကိစ္စသည် စိတ်ဓာတ်ရေးရာအရ အရေးအကြီးဆုံး အချက်ဖြစ်ကြောင်း တပ်မှူးများအားလုံး အလေးအနက် နားလည်ကြပါစေ။

ပုံ

စီရော့အောချင်လက်

ဗိုလ်ချုပ်ကြီး

စစ်သေနာပတိ

အမှတ်(၈) အရှေ့အလယ်ပိုင်းတပ်တော်

ကိုယ့်ဗြိတိသျှ စစ်သားများကတစ်ဖက် ရန်သူခေါင်းဆောင် ရှမ်းမဲလ်ကို သာမန်လူသားမဟုတ်ဘဲ ရှိန်းဆာယာပိုမောက်ပြီး ကိုယ်ပျောက်သည့် ဝိဇ္ဇာဇော်ဂျီတပသီသဖွယ် ထင်မှတ်မှားနေကြရာ ဗြိတိသျှတပ်မှူးကြီးများ အလွန်အခက်တွေ့ကြရ၏။ တိုက်ပွဲတိုင်း အလိုလိုအရေးနိမ့်ရတော့၏။ ထို့ကြောင့် အထက်ဖော်ပြပါ အမိန့်ပြန်တမ်းကို ထုတ်ပြန်ပြီး တားဆီးယူရတော့သည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှစစ်ဦးစီးအဖွဲ့က အထက်ပါအတိုင်း သဲကန္တာရမြေခွေးကြီး ရွှမ်မဲလ်နှင့်ပတ်သက်၍ အမိန့်ထုတ်ခဲ့ကြသော်လည်း ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ကမူ တစ်မျိုးတစ်ဘာသာဖြစ်သည်။ သူတို့ချင်း တိုင်ပင်ဆွေးနွေးကြသည်။

''ကဲ ... အရှေ့အလယ်ပိုင်းမှာ ဒါလောက်နာမည်ကြီးနေတဲ့ ရွှမ်းမဲလ်။ သူ့ကို ငါတို့ ဘာလုပ်ကြမလဲ''

''လုပ်ကြဲလိုက်တာ အကောင်းဆုံးဖြစ်မယ် ထင်တယ်''

''ဘယ်သူ့တာဝန်ပေးမလဲ''


''သတင်းသေချာရင်တော့ ကွန်မန်ဒိုတွေ တာဝန်ပေးရင် ရပါတယ်''

ထိုအချိန်က အာဖရိကမြောက်ပိုင်း၌ ဗြိတိသျှတို့ဘက်မှ ဗိုလ်မှူးကြီးလေးကော့ဦးစီးသည့် ကွန်မန်ဒိုတပ်ဖွဲ့များ ရောက်ရှိနေပြီဖြစ်လေသည်။


''ဒါဆိုရင် ရွှမ်းမဲလ်သတင်းကို သေချာအောင်ထောက်လှမ်းပြီး သေချာတဲ့အချိန် ကွန်မန်ဒိုတွေ လွှတ်ကြတာပေါ့''

''ကောင်းတယ် ... ကောင်းတယ်''





ရွှမ်းမဲလ်၏ ဇနီးဖရောလ်ရွှမ်းမဲလ်



ဂျာမန် ဗိုလ်ချုပ်ကြီး ရွှမ်းမဲလ်

www.burmeseclassic.com



"ကဲ . . . သိပ်တော်တယ်ဆိုတဲ့ သဲကန္တာရမြေခွေးကြီး ဒီတစ်ခါ မင်း ဘယ်ပြေးမလဲ"

ဗြိတိသျှထောက်လှမ်းရေးသမားများက ကြုံးဝါးလိုက်ကြ၏။ သတင်းရအောင် စုဆောင်းကြသည်။ သတင်းရသည်နှင့် သူတို့၏လုပ်ကြံရေး အစီအမံကို အထက်သို့တင်ပြလိုက်ကြ၏။ အထက်မှ ခွင့်ပြုမိန့်ရသည်နှင့် ဗိုလ်မှူးကြီး လေးကော့၏ ကွန်မန်ဒိုတပ်ဖွဲ့က စီမံချက်ကို စတင်အကောင်အထည် ဖော်လေတော့သည်။

### လုပ်ကြံရန်ချီတက်ကြခြင်း

၁၉၄၁ ခုနှစ် နိုဝင်ဘာ ၁၀ ရက် ညနေတွင် အရာရှိ ၆ ဦးနှင့် ကွန်မန်ဒိုစစ်သည် ၅၃ ဦးကို တင်ဆောင်လာသော ဗြိတိသျှရေငုပ်သင်္ဘော ၂ စီးသည် အီဂျစ်နိုင်ငံ အလက်ဇန္ဒြီးယားမြို့မှ ထွက်ခွာခဲ့ကြ၏။ အဖွဲ့ခေါင်းဆောင်မှာ ဗိုလ်မှူးကြီးလေးကော့ပင် ဖြစ်၏။ ရှမ်းမဲလ်ကို လုပ်ကြံမည့်အဖွဲ့ကိုမူ ဒုဗိုလ်မှူးကြီး ဂျော့ချ်ဖရီးကီးစ်က ဦးစီးကပ်ကြီးကြပ်ကွပ်ကဲမည်ဖြစ်၏။ သူတို့အားလုံးသည် ရှမ်းမဲလ်ကို လုပ်ကြံရန် အလွန်တက်ကြွလျက်ရှိကြ၏။

ရည်မှန်းထားသော ကမ်းခြေသို့ ညမှောင်စပျိုးချိန်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တွင် ရောက်သွားသည်။ ဂျာမန်နယ်မြေအတွင်း လေထီးဖြင့် ကြိုဆင်းရောက်ရှိနေသည့် ဗြိတိသျှထောက်လှမ်းရေးမှ ဗိုလ်ကြီးဂွန်ဟာဆဲဒါးက တိုင်းရင်းသား အာရပ်အသွင်ယူ ကာ စောင့်ကြိုနေ၏။ သူတို့ကို မီးအချက်ပြကာ ဆိုက်ကပ် ရမည့်နေရာမှ ခေါ်ယူလိုက်သဖြင့် ကြိုတင်ရွေးချယ်ထား သည့် ကျောက်ဆောင်များကြားတွင် လုံလုံခြုံခြုံ စခန်းချ နိုင်ခဲ့ကြ၏။ ရေငုပ်သင်္ဘောမှ အဆင်းတွင်ကား လှိုင်း အတော်ထန်နေသဖြင့် ခက်ခက်ခဲခဲ ဆင်းယူခဲ့ရ၏။ သို့ရာ တွင် ကွန်မန်ဒိုဆိုတာ ဒါလောက်တော့ မမှုပါ။

ကီးစ်ခေါင်းဆောင်သောအဖွဲ့က ရွှမ်းမဲလ် နေအိမ် အား ဝင်ရောက်စီးနင်းရန်နှင့် ဗိုလ်ရှိုင်းကွတ်ခ်ဦးစီးသော ၆ ယောက်တစ်ဖွဲ့က စိုင်းရင်းနီးတောင်ဘက်ရှိ တယ် လီဖုန်းနှင့် ကြိုးမဲ့ကြေးနန်းတိုင်များကို ဖြတ်တောက် တာဝန်ခွဲဝေယူလိုက်ကြသည်။ ဗိုလ်မှူးကြီးလေးကော့မှာ တပ်ကြပ်ကြီးတစ်ဦး ရဲဘော်နှစ်ဦးနှင့်အတူ လက် နေရာတွင်ပင် ခြေကုပ်ယူထားပြီး ရိက္ခာနှင့် အရန်က များကို ထိန်းသိမ်းရင်း ပင်လယ်မှ ရောက်မလာသေး များကို စောင့်ကြိုရန် စီစဉ်လိုက်ကြ၏။ ည ရှစ်နာရီခန့် လုပ်ကြံရေးအဖွဲ့ ထွက်သွားသည်။ နယ်ခံ အာရပ်လ





တစ်ဦးအကူအညီဖြင့် မိုးထဲရေထဲ ခက်ခက်ခဲခဲ လာခဲ့ကြရာ ညသန်းခေါင်ချိန်၌ လမ်းပြမှာ မလိုက်ရဲတော့ပါဟုဆိုကာ ကျန်ရစ်ခဲ့သဖြင့် ကိုယ့်အစီအစဉ်ဖြင့်ကိုယ် စစ်သုံးမြေပုံနှင့် သံလိုက်အိမ်မြှောင်ကို သုံးပြီး ချီတက်ရတော့၏။ အရုဏ် တက်ချိန်၌ တောင်ကုန်းကလေးတစ်ခုအရောက် ခေတ္တ နားကြသည်။ နားနေစဉ် ဒေသခံအာရပ်အချို့နှင့် သွားတွေ့ ရာ တပ်ကြပ်ဒရော်ရီ၏ အာရပ်စကား ကျွမ်းကျင်မှုကြောင့် အာရပ်များထံမှ အစားအစာများ ဝယ်ယူရရှိခဲ့သည့်ပြင် ၎င်းတို့ထဲမှ အာရပ်လူငယ်တစ်ဦးက ရည်မှန်းချက်နှင့် နာရီ အနီးငယ်သာ ဝေးသည့် ဂူတစ်ခုသို့ လမ်းလိုက်ပြပေး၍ အတော်အဆင်ပြေသွားသည်။

ဂူမှာ အတော်အတန်ကျယ်ဝန်းသဖြင့် တစ်ညတာ ဒီအောင်းလိုက်ကြသည်။ နောက်တစ်နေ့စောစော ခရီး ဆက်ခဲ့ကြ၏။ တောအုပ်ကလေးတစ်ခု၌ နားကြသည်။ အတူပါလာသည့် လမ်းပြအာရပ်ကလေးအကူအညီဖြင့်ပင် ည်မှန်းနေရာပုံကြမ်းကို ရေးဆွဲနိုင်ခဲ့ကြ၏။ နားနေစဉ် သက်မုန်တိုင်းကျရောက်လာသဖြင့် ရှေ့ခရီးမှာ အတော် င် ပင်ပန်းပေမည်။ သို့ရာတွင် ဤဆိုးဝါးသောရာသီဥတုက န်သူ့အတွက် လှုပ်ရှားမှုကန့်သတ်ထားဖွယ်ရှိ၏။ မိမိတို့



www.burmeseclassic.com

www.burmeseclassic.com



ကွန်မန်ဒိုအတွက်ကား ပိုမိုအခွင့်သာဖွယ်ရှိသည်ဟု ခြေဖျောက်ကြရတော့၏။

ဗိုလ်ချုပ်ကြီး အောချင်လက်၏ ထိုးစစ်မှာ နိုဝင်ဘာ ၁၇/၁၈ ရက်များတွင် ပြုလုပ်ရန် စီစဉ်ပြီးဖြစ်သဖြင့် ယခု လုပ်ကြံမှုကြီးကိုလည်း ထိုးစစ်ကာလနှင့် ချိန်ကိုက်စီစဉ်ထားလေသည်။ ညနေ ၆ နာရီခွဲ ရည်မှန်းချက်သို့ ဆက်လက် ချီတက်ခဲ့ကြ၏။ မိုးသည်းထန်နေသဖြင့် ရွှံ့များ ထူထပ်နေရာ ရွှံ့ထဲ ရေထဲ၌ ဒယီးဒယိုင်ဖြင့် တစ်ယောက်တန်း ချီတက်လာကြပြီး ညသန်းခေါင်မတိုင်မီ တံတိုင်းခတ်ထားသည့် ခြံကြီးတစ်ခုရောက်ကြ၏။ တံတိုင်းကြီးအား တဖြည်းဖြည်းတက်ခဲ့ကြ၏။ ခွေးဟောင်သံများကြားရ၏ အစောင့်ခွေးများထင်၏။ ပါလာသူ လမ်းပြအာရပ်ကလေးက ...

"ဒါ ရွှမ်းမဲလ်နေတဲ့ အိမ်ဝင်းပဲ"

ဟုဆိုလေတော့သည်။ ရွှမ်းမဲလ်၏ဌာနချုပ်မှန်း သိသည်နှင့် ဗိုလ်ရှိန်းကွတ်ခ်က သူ့အဖွဲ့နှင့်အတူ တယ်လီဖုန်းတိုင်နှင့် လိုင်းများကို ဖျက်ဆီးပြီး တာဝန်ပြီးသည်နှင့် ကမ်းခြေသို့ ပြန်လည်ထွက်ခွာသွားခဲ့၏။ သို့ရာတွင် သူ့အားလမ်းတွင် ဂျာမန်များက ဖမ်းမိသွားခဲ့လေသည်။ ဤ





သည်ကို နောင်အခါမှ သူနှင့်အဖွဲ့ပြန်မရောက်မှ သိကြရ၏။

...ပ်ကြကြပြီ

ကီးစ်ခေါင်းဆောင်သည့် ကျန်ကွန်မန်ဒို ၃၀ ခန့်သည် တံတိုင်းအတွင်းရှိ ရည်မှန်းချက်ကို ဆက်ထွက်ခဲ့ကြ၏။ ရှေ့တွင် ရွှမ်းမဲလ်၏ ဌာနချုပ် အဆောက်အဦ ရှိနေလေသည်။ ဒုဗိုလ်မှူးကြီး ကီးစ်နှင့် တပ်ကြပ်ကြီး တယ်ရီတို့က ပွိုင့်မှသွားသည်။ ဗိုလ်ကြီးကင်းဘဲလ်က နောက်မှ ထိန်းလိုက်ပေးသည်။ ၂ ဖာလုံခန့်သွားပြီးသည်နှင့် လမ်းပြကလေးက ...

"မလိုက်တော့ဘူး ... သွားကြတော့။ အဲဒါ ရွှမ်းမဲလ်ဌာနချုပ်ပဲ"

ဟုပြောကာ နေရစ်ခဲ့တော့၏။ ကီးစ်တို့အဖွဲ့သည် သတိကြီးစွာ ရှေ့သို့ဆက်ရွေ့ရှားခဲ့ကြ၏။ အဆောက်အဦ အရောက်၌ ခွေးတစ်ကောင်က ဆီးဟောင်သည်။ အချိန်က ည ဆယ်နာရီခွဲ။

"ဟေ့ ... ဘယ်သူတွေလဲ"

ကင်းစောင့်က ဂျာမန်လိုမေးရာ ဂျာမန်စကား



www.burmeseclassic.com

www.burmeseclassic.com



တတ်သည့် ဗိုလ်ကြီး ကင်းဘဲလ်က "ဒို့ လှည့်ကင်းအဖွဲ့ ပါကွ" ဟု ပြန်ပြောလိုက်ရာ ထိုစစ်သားက ဘာမှမပြော တော့ဘဲ လှည့်ထွက်သွားတော့၏။ ဟူး တော်ပါသေးရဲ့ ဟု သူတို့အဖွဲ့ သက်ပြင်းချလိုက်ကြ၏။

"ကဲ ...ကိုယ့်လူတို့ ဒီဟာ ငါတို့ရှာနေတဲ့ အဆောက်အဦပဲ။ အလုပ်စကြစို့"

ကွန်မန်ဒိုခေါင်းဆောင် ဒုဗိုလ်မှူးကြီး ကီးစ်က အထက်ပါအတိုင်းပြောကာ အလုပ်စကြတော့၏။

ကီးစ်ကင်းဘဲလ်နှင့် တယ်ရီတို့သုံးဦး ဌာနချုပ် အဆောက်အအုံခြံစည်းရိုးကို ဖြတ်ကာ အဆောက်အအုံ လှေကားအတိုင်း ပြေးတက်သွားပြီး တံခါးကို တွန်း လိုက်ရာ ဂျာမန်အရာရှိတစ်ဦးနှင့် ပက်ပင်းတိုးသဖြင့် ကင်း ဘဲလ်က သူ့ပစ္စတိုဖြင့် ပစ်ကာ အဆုံးစီရင်လိုက် ထောင့်ခန်းမှ ခြေသံကြားရပြီး ခြေထောက်မြင်ရသ တယ်ရီက တော်မီဂန်းနှင့် လှမ်းဆွဲလိုက်သည်။ အပေါ်ပြေးတက်သွား၏။ ကီးစ်က အခန်းတံခါးကို ဖွင့်လိုက်ရာ အခန်းတွင်းမှာ ဘာမှမရှိ။ အခန်းလွတ်ဖြစ် ထို့ကြောင့် ကီးစ်နှင့် ကင်းဘဲလ်ပါ နောက်အခန်းကို တွန်းဖွင့်လိုက်ရာ ဂျာမန်စစ်ဗိုလ် စစ်သား ၁၀ ဦးခန့်

မြရတနာစာပေ



တွေ့ရ၏။ ဂျာမန်များ အံ့အားသင့်နေကြသည်။ ကီးစ်က သူ့ ဖော်တီဖိုက် 45 ပစ္စတိုကြီးဖြင့် သုံးချက်ဆင့် ပစ်ချ လိုက်၏။ ကင်းဘဲလ်က လက်ပစ်ဗုံးပင်ဖြုတ်ပြီး အခန်းတွင်း ပစ်သွင်းလိုက်၏။ ကီးစ်က "သိပ်ကောင်းတယ်" ဟု ပြော ရင်း တံခါးကို အလျင်အမြန်ဆွဲပိတ် လိုက်၏။ သို့သော် နောက်ကျသွားပြီ။

ဂျာမန်တို့ ပြန်လည်ပစ်လွှတ်လိုက်သော ကျည် ဆန်သည် ကွန်မန်ဒိုအဖွဲ့ခေါင်းဆောင် ဂျော့ချ်ဖရီးကီးစ် ၏ နှလုံးသားကို ဖောက်ထွင်းသွားရာ ကီးစ်သည် နေရာ တွင်ပင် လဲကျသွားတော့၏။ ကင်းဘဲလ်က တံခါးကို ထပ် ပိတ်လိုက်သည်။ လက်ပစ်ဗုံးပေါက်ကွဲသွား၏။ အပိုင်း အစများ လွင့်စင်ကျသံများနှင့် တစ်ခန်းလုံး တိတ်ဆိတ် သွားသည်။ မီးရောင်လည်း မရှိတော့ဘဲ ကင်းဘဲလ်နှင့် တယ်ရီသည် ကီးစ်၏ခန္ဓာကိုယ်ကြီးအား ပွေ့၍ အပြင် ဘက်ခြမ်း၌ ချထားလိုက်၏။ ကီးစ်ကား ကျဆုံးသွားခဲ့ချေပြီ။

ကင်းဘဲလ်က ကီးစ်အလောင်းအား ချထားခဲ့ပြီး အဆောက်အဦထဲ ပြန်အဝင် သူ့ကွန်မန်ဒိုစစ်သည် တစ်ဦး က ရန်သူထင်ပြီး ပစ်လိုက်ရာ ခြေထောက်ထိသွား၏။ သူ့အား ပြန်သယ်မည်လုပ်သော်လည်း ၂၅ မိုင်ခန့် သယ်ယူ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရမည့်ကိစ္စကို သူ ငြင်းလိုက်သည်။ တပ်ကြပ်ကြီး တယ်ရီ ခေါင်းဆောင်ပြီး ဤနေရာမှ အမြန်ဆုတ်ခွာခိုင်းလိုက်၏။ သူတို့ရှာဖွေသော ဂျာမန်ဗိုလ်ချုပ်ကြီး ရွှမ်းမဲလ်ကို သူတို့ မတွေ့ရပါ။ အဆောက်အဦ၏ အပြင်အဆင်မှာလည်း ရွှမ်းမဲလ်နေသည့် အသွင်အပြင်မတွေ့ရပါ။ ကင်းဘဲလ်၏ အမိန့်အတိုင်း တယ်ရီခေါင်းဆောင်သော ကွန်မန်ဒိုအဖွဲ့သည် ကမ်းခြေသို့ လျင်မြန်စွာ ဆုတ်ခွာသွားကြတော့၏။ ကင်းဘဲလ်ကိုမူ ဂျာမန်အစောင့်များက ဖမ်းမိသွားကြသည်။ စစ်သုံ့ပန်းဘဝကျရောက်သွားတော့၏။ စစ်သုံ့ပန်းဘဝ၌ ဒဏ်ရာရထားသည့် ခြေထောက်ကို ဖြတ်ပစ်ခဲ့ရ၏။

ဂျာမန်တို့က ကျဆုံးသွားသော ဒုဗိုလ်မှူးကြီး ဂျော့ချ်ဖရီးကီးစ်အား စစ်အခမ်းအနားဖြင့် သင်္ဂြိုဟ်ပေးခဲ့ကြသည်။ ရန်သူဆိုသော်လည်း လေးစားဖွယ် အပြုအမူပါပေ။

**ခွာစစ်ဆင်ကြရာဝယ်**

တပ်ကြပ်ကြီးတယ်ရီနှင့် လူအနည်းငယ်ပါသော ကွန်မန်ဒိုတပ်ဖွဲ့သာ ဗိုလ်မှူးကြီးလေးကော့ စောင့်ဆိုင်းနေသည့် ကမ်းခြေသို့ ပြန်ရောက်လာ၏။ ဗိုလ်ရှိုင်းကွတ်စ်နှင့်

မြရတနာစာပေ



အဖွဲ့လည်း အရိပ်အယောင်မျှမတွေ့ရ။ သွားပြီထင်သည်။ နိုဝင်ဘာ ၂၀ ရက်နေ့ည၌ ရေငုပ်သင်္ဘောတစ်စီး ကမ်းအနီးသို့ ရောက်လာပြီး ဆိုးဝါးသော ရာသီဥတုကြောင့် ကမ်းမကပ်နိုင်ကြောင်း မီးဖြင့်အချက်ပြသည်။ ရာဘာလှေတစ်စီးဖြင့် အစာနှင့်ရေများ ချပေးခဲ့၏။

မိုးလင်းသွားလေပြီ။

ကွန်မန်ဒိုတပ်ဖွဲ့မှာ အလာတုန်းက လူတစ်ဝက်ပင် ,မကျန်တော့ပါ။ ရန်သူ ဂျာမန်များက သတင်းရ၍ မိုက်စိပ်တိုက် လိုက်လံရှာဖွေနေကြပေပြီ။ လောလောဆယ် လေးကော့က ခံစစ်ပြင်ထားသည်။ ဗိုလ်ပရိုင်းယားနှင့် တစ်ဖွဲ့ကို လှည့်ကင်းထောက်ကင်း လွှတ်လိုက်ရာ ဂျာမန်တပ်ဖွဲ့များနှင့် သွားတိုး၍ တိုက်ပွဲဖြစ်ပြီး ခက်ခက်ခဲခဲ ပြန်ဆုတ်လာရ၏။ ဗိုလ်ပရိုင်းယား ဒဏ်ရာရလာ၏။ သေနတ်သံများ ဟိုမှ ဒီမှ ကြားနေရသည်။

"ကဲ . . . ဂျာမန်တွေ ဝိုင်းလာနေပြီ။ ဒီက အစုခွဲပြီး ခွာမှရမယ်။ အဲဒီလို မလုပ်ရင် အားလုံးမိ၊ အားလုံး သေကုန်မယ်"

ဗိုလ်ပရိုင်းယားမှာ ဒဏ်ရာပြင်းသဖြင့် မလိုက်နိုင်တော့။ ဆေးရဲဘော်တစ်ဦးနှင့် ထားခဲ့ရ၏။

မြရတနာစာပေ

www.burmeseclassic.com



"ကိုယ့်အစီအစဉ်နဲ့ ကိုယ် ဆုတ်ကြ။ ရေငုပ်သဘော်လည်း မျှော်လို့မရတော့ဘူး။ ရာသီဥတုက သိပ်ဆိုးနေပြီ။ မြင်တဲ့အတိုင်းပဲ"

အပြင်မှာ မိုးသည်းထန်စွာရွာ၍ ပင်လယ်၌ လှိုင်းလေက ကြီးနေ၏။

အားလုံး အစုခွဲပြီး အရှေ့ဘက်သို့ဆုတ်ကြရ၏။ အစာပြတ် ရေပြတ်ဖြင့် ရက်ပေါင်းအတော်ကြာ ရှောင်ရတိမ်းရသည်။ ဂျာမန်တို့ကလည်း တောနင်းပြီး လိုက်ရှာ၏။ မကြာခဏ ဒေသခံတိုင်းရင်းသားများက သူတို့အား ကူညီကြသည်။ ဗိုလ်မှူးကြီးလေးကော့ရော တပ်ကြပ်ကြီး တယ်ရီပါ ဒေသခံ အာရပ်စကားမတတ်၍ လက်ဟန်ခြေဟန်နှင့်သာ ပြောကြရ၏။ ရွာတစ်ရွာအရောက်၌ သူကြီးက သူတို့အား လက်ငါးချောင်းထောင်ပြကာ လည်လှီးသည့် ပုံသဏ္ဌာန်လုပ်ပြ၏။ သူတို့လူ ၅ ဦး ဂျာမန် လက်ချက်ဖြင့် ကျသွားပြီဟု နားလည်ရ၏။ ထိုရွာမှအမြန်ထွက်ခဲ့ကြသည်။ ယခုအခါ ဗိုလ်မှူးကြီးလေးကော့နှင့် တပ်ကြပ်ကြီး တယ်ရီတို့မှာ နှစ်ယောက်တည်း တပ်ဖွဲ့ဖြစ်နေ၏။ အစားအစာ အခက်အခဲကြောင့် နှစ်ယောက်တစ်ဖွဲ့၊ သုံးယောက်တစ်ဖွဲ့ လူစုခွဲလိုက်ခြင်းဖြစ်၏။





အစားအသောက်မှာ ဒေသခံ အာရပ်များထံမှ တောင်း၍ ဝယ်၍ ရသမျှ စားရသည်။ များသောအားဖြင့် ပေါင်မုန့်နှင့် ဆိတ်ရိုးကိုသာ စားရ၏။ တစ်ခါတစ်ရံ ရိက္ခာက ပြတ်သွား၏။ တစ်ရက်တွင် ဆိတ်ရိုးနှင့် တောကြက်သွန်ဖြူကို ပြုတ်၍ စားရန်လုပ်ရာ အနံ့က အလွန်မွှေးပြီး စားချင်စဖွယ်ဖြစ်၏။ စားမည်လုပ်နေသည်။ သူတို့မိတ်ဆွေ အာရပ်တစ်ဦး ရောက်လာပြီး စွပ်ပြုတ်အိုးကို ရုတ်တရက် ဆွဲယူပြီး ပစ်လိုက်တော့၏။

ပြီးမှ ဤတောကြက်သွန်ဖြူရိုင်းများသည် မစားကောင်းကြောင်း အဆိပ်အတောက်ဖြစ်ကြောင်း၊ ဝမ်းဗိုက်နှင့် လည်ချောင်း၊ မျက်လုံးတို့ကို ချက်ချင်းဒုက္ခပေးကြောင်း၊ မျက်လုံးကန်းသွားနိုင်ကြောင်း အင်္ဂလိပ်လို ရှင်းပြလေသည်။ ကံကြီးပေစွ။ ထိုနေ့က သူတို့ နေ့လယ်စာ ငတ်တော့၏။ ဤသို့ဖြင့် ကာနယ်လေ့ကော့နှင့် ဆာဂျင် တယ်ရီတို့သည် ဟိုရှောင်ဒီတိမ်း တဝဲလည်လည်ဖြင့် စစ်ဆင်ရေးစပြီး ၄၀ ရက်မြောက်နေ့တွင်မှ ဆီးရနီးရှိ ဗြိတိသျှတပ်ဖွဲ့များနှင့် ဆက်သွယ်မိတော့သည်။

သူတို့ နှစ်ဦးမှလွဲ၍ ကျန်ကွန်မန်ဒိုစစ်သည်များ တစ်ဦးတလေမှ ပြန်မရောက်လာတော့ပါ။ အတော်များများ



www.burmeseclassic.com

www.burmeseclassic.com



ကျဆုံးသွားကြပြီး အနည်းငယ်ကမူ ဂျာမန်တို့၏ လက်ရ ဖမ်းဆီးခြင်းကို ခံလိုက်ရပါ၏။

ဤတွင် သဲကန္တာရမြေခွေးကြီး အာဝင်ရွမ်းမဲလ်ကို လုပ်ကြံရန် ကြံစည်ကြိုးပမ်းခဲ့သော ဗြိတိသျှ ကွန်မန်ဒို တပ်ဖွဲ့သည် သဲကန္တာရမြေခွေးကြီး၏ တပ်ဖွဲ့များက ဝိုင်းဖမ်းချေမှုန်းခြင်းကိုသာ ခံခဲ့ရကြောင်း တွေ့ရပါသည် ခင်ဗျာ။

**နိဂုံးချုပ်ဖော်ပြချက်**

ဤကိစ္စမှာ မည်သို့ဖြစ်ရပါသလဲ။

တကယ်တော့ ဗြိတိသျှထောက်လှမ်းရေး၏ သတင်းမှား Wrong information ကြောင့်ဖြစ်၏။ ဗြိတိသျှ ထောက်လှမ်းရေးက အာရပ်သတင်းပေးများထံမှ ရရှိသောသတင်းကို ကွန်မန်ဒိုသို့ ပေးခဲ့ခြင်းဖြစ်၏။

သူတို့က မိုးကြီးလေကြီး သည်းသည်းမဲမဲ ရွာချနေသော မှောင်မိုက်မိုက်တွင် ရွံ့ညွှန်ထဲ ခက်ခက်ခဲခဲ ရုန်းကန်လှုပ်ရှားနေချိန်၌ သူတို့၏ပစ်မှတ် ဂျာမန်စစ်သူကြီး ရွမ်းမဲလ်က အီတလီပြည်မြို့တော် ရောမရှိ အကောင်းဆုံးသော ခန်းမဆောင်ကြီး၌ သူ၏ဇနီး ဖရောရွမ်းမဲလ်နှင့်





အတူ မွေးနေ့ပွဲ ဝှဲချီးကျင်းပလျက်ရှိ၏။

ဂျော့ချ်ဖရီးကီးစ်တို့ အလစ်ဝင်ရောက်စီးနင်းခဲ့သော ဘီဒါလစ်တိုးရီးယားဌာနချုပ်မှာ ရွမ်းမဲလ်၏ ဌာနချုပ် မဟုတ်ပေ။ ရွမ်းမဲလ်၏ စစ်ဦးစီးအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဗိုလ်မှူးကြီးအိုတို၏ ထောက်ပံ့နှင့် ပို့ဆောင်ရေးဌာနချုပ်သာ ဖြစ်၏။ ထိုစဉ်က ရွမ်းမဲလ်၏ဌာနချုပ်သည် ဒါဘာမြို့ အနောက်ဘက် သဲကန္တာရထဲတွင် ရှိ၏။ ရွမ်းမဲလ်သည် ဗိုလ်မှူးကြီးအိုတိုထံသို့မှု မကြာမကြာ လာတတ်၏။ သို့ရာတွင် ညအိပ်ညနေကား နေလေ့မရှိပါပေ။ လာချင်သည့် အချိန်လာပြီး ပြန်ချင်သည့်အချိန် ပြန်သွားတတ်၏။

ဤသို့ ရွှန်းမဲလ် ဝင်ထွက်သွားလာနေသည်ကို မြင်တွေ့နေကြသည့် ဒေသခံအာရပ်များက ဗြိတိသျှ ထောက်လှမ်းရေးသို့ ရွှန်းမဲလ်၏ ဌာနချုပ်ထင်ကာ သတင်းပေးလိုက်ခြင်း ဖြစ်ပါလေသည်။

သတင်းမှားသည့်ဒဏ်ကို ဗြိတိသျှကွန်မန်ဒိုတစ်ဖွဲ့လုံး အသက်နှင့်လဲသွားရခြင်း ဖြစ်ပါ၏။

ထိုစစ်ဆင်ရေး မအောင်မြင်ခဲ့သော်လည်း တိုက်ပွဲဝင် ကွန်မန်ဒိုစစ်သည်များကို ဗြိတိသျှတပ်မတော်မှ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဌာနချုပ် အဆောက်အဦတွင် ကျဆုံးခဲ့သည့် ဒုဗိုလ်မှူးကြီး ဂျော့ချ်ဖရီးကီးစ်အား ဗြိတိသျှတပ်မတော်၏ အမြင့်ဆုံးဆုတံဆိပ် Victoria Cross ချီးမြှင့်ခဲ့၏။ ကျန် စစ်သည်များကိုလည်း အလားတူဆုတံဆိပ်များ ချီးမြှင့်ပေးခဲ့ပါသည်။

အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးလေးကော့ကိုမူ ဗိုလ်မှူးချုပ် Brigadier အဆင့်တိုးမြှင့်ကာ အထူး ကွန်မန်ဒို တပ်မဟာ၏ တပ်မဟာမှူးအဖြစ်သို့ ခန့်အပ်ခဲ့၏။

လူ့အသက်ပေါင်းများစွာ၏ ချွေးသွေးနှင့် လဲလိုက်ရသော မအောင်မြင်သည့် ကွန်မန်ဒိုစစ်ဆင်ရေးပါပေ။

ဤသည်မှာ ဗြိတိသျှကွန်မန်ဒိုတို့၏ ဂျာမန်ဗိုလ်ချုပ်ကြီးရွမ်းမဲလ်အား လုပ်ကြံရန် ကြိုးပမ်းမှု ဖြစ်စဉ်ပါတည်း။





မှီငြမ်းကိုးကားသည့်စာအုပ်များ

၁။ They Sought out Rommel
Hilary St. George Saunder
၂။ Rommel
Desmond Young
၃။ မောင်ဂိုမာရီ၏ အယ်လ်အာလာမိန်းတိုက်ပွဲ
ဗိုလ်မှူးကြီးကိုလေး(အငြိမ်းစား)



www.burmeseclassic.com

www.burmeseclassic.com

## အကြမ်းဖက်ပြန်ပေးဆွဲခံရသည့်ပြင်သစ်လေယာဉ်ကို ကယ်တင်ခြင်း

**ပြင်သစ်လေယာဉ်အကြမ်းဖက်အဖွဲ့ဝင်စီးခံရခြင်း**

၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့ အယ်လ်ဂျီးရီးယားနိုင်ငံ လေဆိပ်တွင် ပြင်သစ်လေကြောင်းပိုင် အဲယားဘတ်စ် အေ ၃၀၀ အမျိုးအစား ခရီးစဉ်အမှတ် (၈၉၆၉) လေယာဉ်သည် လေယာဉ်အမှုထမ်းနှင့် ခရီးသည်များအပါအဝင် (၂၃၉) ဦးတို့သည် ထွက်ခွာရန်အတွက် လေယာဉ်ပေါ်တွင် အသင့်စောင့်ဆိုင်းနေပါသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၁၁း၁၅ ချိန်တွင် လေယာဉ်ထွက်ခွာခါနီး၌ အေကေ ၄၇ စျေးမှုန်းရေးရိုင်ဖယ်နှင့် အူဇီစက်သေနတ်ကလေးများ ကိုင်ဆောင်ထားသော အပြာရောင်ယူနီဖောင်းဝတ် အယ်လ်ဂျီးရီးယားလူမျိုး လေးဦးသည် လေယာဉ်ပေါ်ရှိ ခရီးသည်များအား ပတ်စ်ပို့စစ်ဆေးမည်ဟု အကြောင်းပြ အယောင်ဆောင်တက်လာပြီး လေယာဉ်အား ရုတ်တရက် အပိုင်စီးလိုက်ပါသည်။

''ကျုပ်တို့အဖွဲ့ဟာ ဂျီအိုင်အေ အစ္စလမ်မစ်အုပ်စုက ဖြစ်တယ်။ ခင်ဗျားတို့ ပြင်သစ်အစိုးရက လက်ရှိ ဖောက်ပြန်တဲ့ အယ်လ်ဂျီးရီးယားအစိုးရကို စစ်ရေးအကူအညီ ပေးနေတာတွေကို ချက်ချင်းရပ်ဆိုင်းပေးပါ။ တောင်းဆိုချက်ကို မလိုက်လျောရင် လေယာဉ်အမှုထမ်းနဲ့ ခရီးသည်တွေကို သတ်ပစ်မယ်။ လေယာဉ်ကြီးကို ဖောက်ခွဲဖျက်ဆီးပစ်မယ်။ ဒါပဲ''

ဤနေရာတွင် Algeria အယ်လ်ဂျီးရီးယားနိုင်ငံအသမိုင်းကြောင်းကို အနည်းငယ် ဖော်ပြလိုပါသည်။

အယ်လ်ဂျီးရီးယားနိုင်ငံသည် မြောက်ဘက်တွင် မြေထဲပင်လယ်၊ အရှေ့မြောက်ဘက်တွင် တူနီးရှားနိုင်ငံ၊ အရှေ့ဘက်တွင် လစ်ဗျားနိုင်ငံ၊ အရှေ့တောင်ဘက်တွင် နိုင်ဂျီးရီးယားနိုင်ငံ အနောက်တောင်ဘက်တွင် မာလီနိုင်ငံနှင့် မော်ရီးရှားနိုင်ငံ၊ အနောက်မြောက်ဘက်တွင် မော်ရိုကိုနိုင်ငံတို့ရှိ၏။ အာဖရိက၏ မြောက်ဖျားအကျဆုံးနိုင်ငံဖြစ်သည်။ အယ်လ်ဂျီးရီးယားကို ၇ ရာစုက အာရပ်တို့က သိမ်းပိုက်ခဲ့၏။ ၁၅ ရာစု၌ တူရကီတို့ လက်အောက် ကျရောက်ခဲ့ပြန်၏။ ၁၈၃၀ ခုနှစ်တွင်မူ ပြင်သစ်တို့က သိမ်းပိုက်ပြီး ပြင်သစ်ကိုလိုနီဖြစ်ခဲ့ရ၏။

၁၉၆၂ ခုနှစ်တွင် ပြင်သစ်တို့ လက်အောက်မှ လွတ်လပ်ရေးရခဲ့သည်။

အယ်လ်ဂျီးရီးယား၌ အာရပ်နှင့် တူရကီ သွေးနှောသူများ နေထိုင်ကြပြီး အာရပ်ဘာသာစကားကို ရုံးသုံးဘာသာစကားအဖြစ် သတ်မှတ်ထား၏။ ပြင်သစ်တို့လက်အောက်၌ နှစ်ရာချီပြီးနေခဲ့ရသဖြင့် ပြင်သစ်စကားကိုလည်း ပြောဆိုသုံးစွဲကြ၏။

အစ္စလမ်ဘာသာသည် နိုင်ငံတော်ဘာသာဖြစ်၍ ဂျူးဘာရှုးနှင့် ခရစ်ယာန်ကိုးကွယ်သူ အနည်းငယ်လည်း ရှိသည်။ လွတ်လပ်ရေးရကတည်းက အစ္စလမ်ဘာသာဝင်များ အဖိနှိပ်ခံလူတန်းစားများ ဖြစ်ခဲ့ကြသဖြင့် လက်နက်ကိုင်တပ်ဦးဖွဲ့စည်းပြီး အစိုးရကို ဆန့်ကျင်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်အစိုးရသည် ၁၉၆၉ ခုနှစ်တွင် အယ်လ်ဂျီး ရီးယားအစိုးရနှင့် လက်နက်ရောင်းဝယ်ရေး သဘောတူညီ ချက်စာချုပ် ချုပ်ဆိုထားခဲ့ပြီး ထိုစာချုပ်အရ ပြင်သစ်တို့က အယ်လ်ဂျီးရီးယားတို့အား လက်နက်ငယ်များကိုသာမက တိုက်လေယာဉ်များ၊ သံချပ်ကားများကိုပါ ရောင်းချ အယ်လ်ဂျီးရီးယားတို့ထံမှ ရေနံများပြန်လည်ဝယ်ယူခဲ့သည်။

ထိုပြင်သစ်တို့ထံမှ ဝယ်ယူထားသည့် လက်န များကို Islamic Group များ နှိမ်နင်းရာ၌ အယ်လ်ဂျီး ယားအစိုးရက အသုံးပြုနေသဖြင့် G.I.A အပါအဝ Islamic အုပ်စုများက မကျေနပ်ခဲ့ကြချေ။

ဤသည်မှာ ယခု လေယာဉ်ပြန်ပေးဆွဲမှု အကြောင်းရင်းခံများပင် ဖြစ်ပါ၏။

**အယ်လ်ဂျီးရီးယားအစိုးရ၏ဆောင်ရွက်ချက်**

ပြန်ပေးဆွဲမှုဖြစ်ပွားသည်နှင့် လေယာဉ်အ အယ်လ်ဂျီးရီးယား တပ်မတော်နှင့် ရဲများမှ ဝိုင်းရံပိတ် ထားပြီး အယ်လ်ဂျီးရီးယား ပြည်ထဲရေးဝန်ကြီး ကိုယ် ရင်းကိစ္စကို ကိုင်တွယ်ခဲ့၏။ အကြမ်းဖက်သမားမျ လေယာဉ်မှူးမှတစ်ဆင့် ဆွေးနွေးခဲ့၏။



အကြမ်းဖက်သမားများမှာ အစွန်းရောက် အစွလမ် ်များဖြစ်ကြပြီး သဘောထား တင်းမာသူများဖြစ်ရာ င်းတို့၏ ရက်စက်မှုကိုပြသရန် ခရီးသည်နှစ်ဦးကို ပစ် သတ်ခဲ့၏။ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် ဟာရေး၏ မိခင် ကို ခေါ်ယူ၍ ဖျောင်းဖျခိုင်းမှ ကလေးနှင့် အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများအပါအဝင် ခရီးသည် ၆၃ ဦးကို ပြန် လွှတ်ပေးခဲ့ပါသည်။

''ကျုပ်တို့ ပြင်သစ်အစိုးရနဲ့လည်း ဆွေးနွေးချင် သးတယ်။ ပြင်သစ်ကိုသွားမယ်''

ဟု တောင်းဆိုခဲ့ရာ ပြင်သစ်အစိုးရက ခွင့်ပြု က်သဖြင့် ဒီဇင်ဘာ ၂၅ ရက်နေ့ည၌ အယ်လ်ဂျီးရီး ားမှ ထွက်ခွာရန် ပြင်ဆင်ခဲ့ပါသည်။ အယ်လ်ဂျီးယား စိုးရနှင့် အကြမ်းဖက်သမားများသည် ဆယ်ရက်ကျော် ပ်ဆွေးနွေးခဲ့ရာ အဆင်ပြေမှုမရှိခဲ့ချေ။ အကြမ်းဖက် မားများက အယ်လ်ဂျီးရီးယားအစိုးရ မလိုက်လျော သော သူတို့လိုလားချက်များကိုသာ ထပ်တလဲလဲ င်းဆိုခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်အစိုးရမှ တာဝန်ယူခြင်း

လေယာဉ်အကြမ်းဖက်မှုအား အယ်လ်ဂျီးရီးယား အစိုးရမှ မဖြေရှင်းနိုင်ဘဲဖြစ်နေရာ ပြင်သစ်အစိုးရက အကြမ်းဖက်သမားများ ပဏာမတောင်းဆိုချက်များကို လက်ခံပြီး စေ့စပ်ဆွေးနွေးရန် သဘောတူခဲ့လေသည်။

ဤပြဿနာကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ထိုစဉ်က ပြင်သစ်ပြည်ထဲရေးဝန်ကြီး ချားလ်စ်ပါစကာ Charles Pasqua က တာဝန်ယူခဲ့လေသည်။

အကြမ်းဖက်မှု ဖြစ်စဉ်တစ်ခုလုံးအား ပြင်သစ် ပြည်ထဲရေးဝန်ကြီးက တာဝန်ယူကွပ်ကဲဆောင်ရွက်မည် ဖြစ်ပြီး တွေ့ဆုံဆွေးနွေးရေးအတွက်ကိုမူ မာဆေးလ်မြို့ ရဲမှူးကြီး Alain Ghein အာလိန်ဂိန်းက တာဝန်ယူ ပါသည်။

ပြင်သစ်တို့၏ အစီအမံမှာ အချိန်ဆွဲသည့်နည်း ဗျူဟာကို ကျင့်သုံးပြီး အကြမ်းဖက်သမားများ ပဲရစ်မြို့ မရောက်မီလမ်းခုလတ်မှာပင် အထူးကွန်မန်ဒိုတပ်ဖွဲ့ဖြင့် လေယာဉ်ကြီးအား စီးနင်းတိုက်ခိုက်ရန်ပင် ဖြစ်၏။





ပြင်သစ်တို့၏အထူးကွန်မန်ဒိုတပ်ဖွဲ့

ပြင်သစ်တို့သည် အင်္ဂလိပ်တို့လို ကွန်မန်ဒိုတပ်ဖွဲ့များ အမေရိကန်တို့လို ရိန်းဂျားတပ်ဖွဲ့များအား ဒုတိယ ကမ္ဘာစစ်ကာလက ဖွဲ့စည်းခဲ့ခြင်း မရှိခဲ့ချေ။ ပြင်သစ်တို့၌ ပေပေတေတေ မိုက်မိုက်ကန်းကန်း ဆောင်ရွက်တတ်သည့် Foreign Legion ဖော်ရိန်းလီဂျင်းခေါ် လူမျိုးစုံတပ်ဖွဲ့သာ ရှိခဲ့လေသည်။

ထိုတပ်ဖွဲ့သည် အကြမ်းဖက်သမားများအား နှိမ်နင်းရာ၌ များစွာအသုံးမတဲ့လှသဖြင့် ၁၉၇၄ ခုနှစ်၌ National Gendames Intervention Group ခေါ် ပြင်သစ်အမျိုးသား အထူးကွန်မန်ဒိုတပ်ဖွဲ့ကို စတင်ဖွဲ့စည်းခဲ့လေသည်။

N.G.I.G ခေါ် ထိုတပ်ဖွဲ့ကို အင်အား ၆၀ ဖြင့် ပဏာမဖွဲ့စည်းကာ Group အုပ်စုလေးစုခွဲ၍ လေ့ကျင့်ခဲ့ လေသည်။ ထိုတပ်ဖွဲ့သည် အကြမ်းဖက်သမားများ နှိမ်နင်းရေးဘာသာရပ်ကို အထူးပြုလေ့ကျင့်ခဲ့ကြ၏။ လျင်မြန်ရွေ့ပြောင်းနိုင်မှု၊ အနီးကပ်ပစ်ခတ် တိုက်ခိုက်ခြင်း၊ အဆောက်အဦတွင်း မြို့တွင်းစစ်ဆင်ရေးများ၊ အယောင်ဆောင်ခြင်းနှင့် ရှာဖွေခြင်းများ၊ မိုင်းနှင့် ဖောက်ခွဲရေး



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများ ရှာဖွေရှင်းလင်းခြင်းများ၊ ထောက်လှမ်းရေး စက်ကိရိယာများ၊ ဖြုတ်ခြင်း၊ တပ်ခြင်းများ၊ သင်္ဘော၊ လေယာဉ်၊ ရထား၊ ကားအတွင်း စီးနင်းတိုက်ခိုက်ခြင်း ဘာသာရပ်များကို အထူးကျွမ်းကျင်အောင် လေ့ကျင့်ခဲ့ကြလေသည်။

ယခုကိစ္စဖြစ်ပွားသည်နှင့် N.G.I.G မှ ဗိုလ်မှူး DenisFever ဒင်းနစ်စ်ဖီဗာ ဦးစီးသော ကွန်မန်ဒို ၄၀ သည် ပြန်ပေးဆွဲခံရသည့် AirBus A 300 နှင့် ပုံစံတူ လေယာဉ်တစ်စီးဖြင့် ပြင်သစ်နိုင်ငံမှ စပိန်နိုင်ငံ ပါလာမာဒီမိုလာကို လေဆိပ်သို့ ထွက်ခွာသွားခဲ့၏။ ပါလာမာဒီမိုလာကိုတွင် သတင်းစောင့်ဆိုင်းကာ အကြမ်းဖက်နှိမ်နင်းရေးကို လေ့ကျင့်နေခဲ့ကြ၏။ ပါလာမာဒီမိုလာကိုသည် အယ်လ်ဂျီးရီးယားနှင့် ကီလိုမီတာ ၃၂၀ သာ ကွာဝေးလေသည်။

**အကြမ်းဖက်သမားများကို တိုက်ခိုက်နှိမ်နင်းခြင်း**

အကြမ်းဖက်သမားများသည် ပြင်သစ်နိုင်ငံ၏ သဘောတူညီချက်အရ ၁၉၉၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် မနက် ၂ နာရီတွင် ပြင်သစ်နိုင်ငံ မာဆေးလ်လေဆိပ်သို့ အပိုင်စီးထားသည့် လေယာဉ်ဖြင့် ရောက်ရှိလာ၏။







အယ်လ်ဂျီးရီးယားနှင့် ပတ်ဝန်းကျင် နိုင်ငံများပြမြေပုံ။

www.burmeseclassic.com

www.burmeseclassic.com




အယ်ဂျီးလ်ရီးယား အကြမ်းဖက်သမားများ အပိုင်စီးခံရသည့်
ပြင်သစ်လေယာဉ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဆွဲထားခဲ့၏။ အချို့အချက်များကို လျှော့ပေးခဲ့ပြီး အချို့အချက်များကိုမူ မဖြစ်နိုင်သေးကြောင်း လိမ္မာပါးနပ်စွာဖြင့် ငြင်းဆိုခဲ့၏။ ဆွေးနွေးမှုမှာ ညနေသို့တိုင်သွား၏။

"ခင်ဗျားတို့ သိပ်ပြီးလူလည်ကျတယ်။ ကျုပ်တို့ တောင်းဆိုတာတွေ မဖြစ်နိုင်ရင် ပဲရစ်ကို ဆက်သွားမယ်"

အကြမ်းဖက်အဖွဲ့ခေါင်းဆောင် ဟာရေးက စိတ်ဆိုးမာန်ဆိုးဖြင့် ပြောကြားခဲ့သည်။

"ကဲ ... ကြာတယ်။ လေယာဉ်ထွက်မယ်။ လေယာဉ်မှူး စက်နှိုးတော့။ သွားမယ်။ ရီးတီးယားတားတော့ မလုပ်နဲ့။ အကုန်သေကုန်မယ်"

ဟာရေးက ညနေ ၁၆း၄၅ အချိန်၌ လေယာဉ်ကြီးကို စက်နှိုး၍ ထွက်ခွာစေရာ ၁၇း၀၀အချိန်တွင် ခရီးသည်စကြံနှင့် မီတာ ၂၀ အရောက်တွင် စက်သေနတ်ဖြင့် လေယာဉ်ထိန်းမျှော်စင်ကို ပစ်ခတ်တော့၏။

"ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒက် ... ဒက် ဒက် ... ဒက်"

အကြမ်းဖက်သမားများက စတင်ပစ်ခတ်ပြီဖြစ်၍ ပြည်ထဲရေးဝန်ကြီးသည် အထူးကွန်မန်ဒိုတပ်ဖွဲ့အား စီးနင်းတိုက်ခိုက်မှုအား စတင်ရန် အမိန့်ပေးလိုက်လေသည်။





"စကြတော့"

အထူးကွန်မန်ဒိုအဖွဲ့သည် လေယာဉ်စတင် စက်နှိုးသည့် (၁၆း၄၅) ချိန်တွင် လေယာဉ်အား တိုက်ခိုက်ရန် မူလနေရာယူထားမှုအား ပြန်လည်ပြောင်းလဲ၍ လက်ရှိအနေအထားနှင့် ကိုက်ညီသောနေရာယူမှုပုံစံအား ပြောင်းလဲ ရယူခဲ့ပါသည်။ (၁၇း၀၈) အချိန်တွင် တိုက်ခိုက်ရန် အမိန့်ရရှိသည်နှင့် လေယာဉ်ခရီးသည်အတက်အဆင်း ပြုလုပ်သော လှေကားများ သယ်ယူသည့် ယာဉ်သုံးစီးအား အသုံးပြု၍ သုံးဖွဲ့ခွဲကာ အလျင်အမြန်ချဉ်းကပ်ခဲ့ပါသည်။

ချေမှုန်းရေးအဖွဲ့သည် သုံးဖွဲ့ခွဲ၍ အဖွဲ့ခေါင်းဆောင်ဦးစီးအဖွဲ့သည် လေယာဉ်အရှေ့ပိုင်းရှိ ညာဘက်၊ လေယာဉ်မှူးများ အဆင်းအတက်ပြုလုပ်သည့် တံခါးပေါက်အားတွန်းဖွင့်၍ ဦးခန်းအတွင်းရှိ အကြမ်းဖက်သမားများကို (Stun) ဗုံး (ပေါက်ကွဲချိန်တွင် စူးရှသော အလင်းရောင်နှင့် ပြင်းထန်သော ပေါက်ကွဲသံကြောင့် အနီးပတ်ဝန်းကျင်တွင်ရှိသူများကို ၄ စက္ကန့်မှ ၆ စက္ကန့်အတွင်း မလှုပ်နိုင်မရှားနိုင်ဖြစ်စေသော ဗုံးဖြစ်သည်။) များခွဲ၍ အတင်းဝင်ရောက်တိုက်ခိုက်ခဲ့ပါသည်။ ကျန်နှစ်ဖွဲ့သည် လေယာဉ်နောက်ပေါက်နှစ်ဖက်မှ တစ်ပြိုင်နက် ချဉ်းကပ်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်တိုက်ခိုက်ပါသည်။ ကျန်အဖွဲ့များသည် လေယာဉ်အရေးပေါ်ထွက်ပေါက် ရာဘာလျှောက်လမ်းများ အနီး ဝင်ရောက်၍ ကူညီပစ်ခတ်ပေးခြင်းနှင့် ဓားစာခံများ အား ကာကွယ်ပေးခြင်း ပြုလုပ်ပါသည်။ ပထမချေမှုန်းရေး အဖွဲ့နောက်သို့ လိုက်ပါအားဖြည့်ပေးခြင်းပြုလုပ်ပါသည်။ ချေမှုန်းရေးများအားလုံး၊ ဓားစာခံများ ကယ်တင်မှုများ အားလုံး နာရီဝက်အတွင်း ပြီးဆုံးခဲ့ပါသည်။ ၎င်းကယ်တင်မှု စစ်ဆင်ရေးတွင် အကြမ်းဖက်သမား လေးဦးစလုံးအား အသေဖမ်းဆီးရမိခဲ့ပြီး ဓားစာခံ ၁၃ ဦး၊ လေယာဉ်အမှုထမ်း ၃ ဦးနှင့် အထူးကွန်မန်ဒိုအဖွဲ့ဝင် ၉ ဦးတို့ ဒဏ်ရာရရှိခဲ့ ပါသည်။

သုံးသပ်ချက်နှင့်ဖော်ထုတ်ချက်များ

ပြင်သစ်ကွန်မန်ဒိုတပ်ဖွဲ့သည် အကြမ်းဖက်သမား များအား ကြိုတင်စီစဉ်သော တိုက်စစ် Delebrate Attack ဖြင့် လျှပ်တစ်ပြက်ချဉ်းကပ်ကာ အမြန်တိုက်စစ်ဆင် သွားသည်ကို သုံးသပ်တွေ့ရှိရပါသည်။

အောက်ပါအတိုင်း ဖော်ထုတ်ချက်များ ရရှိပါသည်။

ခရစ်စမတ်ရုံးပိတ်ရက် ကာလအတွင်းမှာပင်





ကီလိုမီတာ (၈၀၀)ကျော်ဝေးကွာသည့် အယ်လ်ဂျီးရီးယား နိုင်ငံတွင် မိမိလူမျိုးများပါဝင်သော မိမိလေကြောင်းလိုင်းမှ လေယာဉ်အကြမ်းဖက်မှု စတင်မှုအား အမြန်ဆုံးသိရှိပြီး ၎င်းအရေးအခင်းကို ထိန်းချုပ်ကွပ်ကဲရန် ပြင်သစ်သမ္မတ ဦးစီးသည့် ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးများသည် အစည်းအဝေးထိုင်၍ လို အပ်သော ကြိုတင်ပြင်ဆင်မှုများ ချက်ချင်းပြုလုပ်နိုင်ခဲ့ပါ သည်။

အထူးကွန်မန်ဒိုအဖွဲ့သည် အကြမ်းဖက်မှု စတင် ဖြစ်ပွားပြီး ကိုးနာရီခန့်အကြာတွင် ပုံစံတူ လေယာဉ်ပေါ်သို့ ရောက်ရှိ လေ့ကျင့်လျက် လိုအပ်ပါက အယ်လ်ဂျီးရီးယား နိုင်ငံသို့ သွားရောက်စစ်ဆင်နိုင်ရန်အတွက် ကီလိုမီတာ (၃၂၀) ခန့်ဝေးသည့် စပိန်နိုင်ငံမှ အသင့်သွားရောက် စောင့်ဆိုင်းခဲ့ပါသည်။

စေ့စပ်ဆွေးနွေးမှုများအရ အပိုင်စီးခံရသော လေယာဉ်သည် ပြင်သစ်နိုင်ငံသို့ ထွက်ခွာလာရာ ၎င်း လေယာဉ်ဆင်းသက်မည့် လေဆိပ်သို့ တပ်ဖွဲ့ဝင်များသည် ကြိုတင်၍ အရောက်လာနိုင်ခဲ့ပါသည်။ ဆက်သွယ်မှုစနစ် ကောင်းမွန်ခြင်း၏ ရလဒ်ဖြစ်ပြီး လေယာဉ်၏ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေအား အချိန်နှင့်တစ်ပြေးညီ သိရှိခဲ့ရပါသည်။

အပိုင်စီးခံရသော လေယာဉ် မာဆေးလ်လေယာဉ်ကွင်းသို့ ရောက်ရှိချိန်တွင် စေ့စပ်ဆွေးနွေးသူများ၏ အရည်အချင်းကြောင့် အထူးတပ်ဖွဲ့ဝင်များ လေယာဉ်အတွင်းသို့ အယောင်ဆောင်ဝင်ရောက်နိုင်ခဲ့ပြီး သတင်းထောက်လှမ်းမှုနှင့် မိမိတိုက်ခိုက်ရာတွင် အထောက်ကူပြုနိုင်သည့် ဝင်/ထွက်ပေါက်များအား အတားအဆီးများ မချထားနိုင်စေရန်နှင့် သော့ခတ်ထားမှုမရှိစေရန် လျှို့ဝှက်ဆောင်ရွက်နိုင်ခဲ့သည်။

အထူးတပ်ဖွဲ့ဝင်များ၏ လေယာဉ်အတွင်း ဆောင်ရွက်မှုများမှာ လေယာဉ်အမှုထမ်းအစစ်များကဲ့သို့ ကျွမ်းကျင်ပိရိစွာဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရ၍ ကြိုတင်ပြင်ဆင်လေ့ကျင့်ထားမှုရှိကြောင်း သိရှိရပါသည်။

လေယာဉ်အား အကြမ်းဖက်သမားများ သွားလိုသော ပဲရစ်မြို့တွင်းသို့ မဆင်းသက်စေဘဲ မိမိတို့အတွက် တိုက်ခိုက်ရန် အရေးသာသည့် လေယာဉ်တွင်းသို့ ဆင်းသက်ရန် ဥပါယ်တံမျဉ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရ၍ အရေးအခင်းကွပ်ကဲမှု အဖွဲ့အစည်းအနေဖြင့် ကြိုတင်စီမံချက်ရေးဆွဲပြီး လေယာဉ်အကြမ်းဖက်မှုနှင့် ပတ်





သက်၍ လုပ်ဆောင်နည်းများအား လေ့လာထားကြောင်း တွေ့ရှိရပါသည်။

လေယာဉ်အတွင်း လှုပ်ရှားမှုများ သိရှိနိုင်ရန် လက်ဖြောင့်တပ်ဖွဲ့ဝင်များအပြင် ခေတ်မီထောက်လှမ်းရေး ကိရိယာမျိုးစုံအား လေယာဉ်အတွင်း လျှို့ဝှက်တပ်ဆင်၍ အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုများအား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

(Isolation Area) တွင် ရပ်ထားသော လေယာဉ်အား တိုက်ခိုက်ရန် နေရာယူ၍ ကြိုတင်ပြင်ဆင်ထားသော်လည်း လေယာဉ်သည် ၎င်းနေရာမှ ခရီးသည်ထွက်ခွာရာ စကြြန်အနီးသို့ ရောက်ရှိရပ်တန့်၍ (Control Tower) အား ပစ်ခတ်ချိန်တွင် အလျင်အမြန် ပြောင်းလဲဝင်ရောက် စီးနင်းတိုက်ခိုက်ခဲ့ရ၍ စီမံချက်ရေးဆွဲရာတွင် အခြေအနေအမျိုးမျိုးအတွက် ပြောင်းလဲတိုက်ခိုက်နိုင်မည့် စီမံချက်မျိုးရှိကြောင်း တွေ့ရှိရပါသည်။

အထူးတပ်ဖွဲ့ဝင်များသည် (၃၄) နာရီကြာဖြစ်စဉ်တွင် အသင့်စောင့်ဆိုင်းခြင်း၊ လေ့ကျင့်ခြင်းကို တစ်ပြိုင်တည်း ပြုလုပ်နိုင်ခဲ့ပြီး တိုက်ပွဲဝင်ချိန်တွင် ပြင်းထန်သော အရှိန်အဟုန်ဖြင့် အတင်းဝင်ရောက်တိုက်ခိုက်နိုင်ခဲ့ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိရ၍ တပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံး အချိန်ပြည့် ကျန်းမာကြံ့ခိုင်မှုရရှိရန် လိုအပ်ပြီး၊ အမြဲမပြတ် လေ့ကျင့်ထားမှုရှိရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

အရေးခင်းဖြစ်ပွားလာချိန်မှ အချိန်ယူ၍ လေ့ကျင့်ရန် အခွင့်အရေးမရှိနိုင်ဘဲ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီသော အချောသတ်တိုက်ပွဲဝင် လေ့ကျင့်မှုများသာ ပြုလုပ်နိုင်ရန် အချိန်သာရရှိကြောင်း တွေ့ရသည်။ သို့ဖြစ်ပါ၍ ငြိမ်းချမ်းချိန်ကာလတွင် အခြေအနေဖွင့်အမျိုးမျိုးဖြင့် တစ်ဦးချင်း ကျွမ်းကျင်မှုနှင့် အဖွဲ့လိုက်ကျွမ်းကျင်မှု လေယာဉ်နှင့်ပတ်သက်သော လုပ်ဆောင်မှုအမျိုးမျိုး ကျွမ်းကျင်မှုအမျိုးမျိုးများအား ကြိုတင်၍ အချိန်ယူ လေ့လာထားရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

### နိဂုံးချုပ်အကြံပြုတင်ချက်များ

ဤဖြစ်စဉ်ကို လေ့လာကြည့်ခြင်းအားဖြင့် နိုင်ငံတကာ ကွန်မန်ဒိုအဖွဲ့များသည် အပိုင်စီးခံရသည့် လေယာဉ်အား ပြန်လည်ကယ်တင်ရန် အကြမ်းဖက်အဖွဲ့အစည်းများကို လျှပ်တစ်ပြက် ဝင်ရောက်စီးနင်းတိုက်ခိုက်ရာတွင် အောက်ပါအချက်များကို ဂရုပြုသင့်ကြောင်း အကြံပြု





[...]သား၌ ပြန်ပေးဆွဲခံရသည့် လေယာဉ်နှင့် ခရီးသည်များကို [...]တင်ရန် လေ့ကျင့်နေသည့် ဗြိတိသျှကွန်မန်ဒိုတစ်ဦး။

www.burmeseclassic.com

www.burmeseclassic.com



အပ်ပါသည်။

(က) လေယာဉ်အမျိုးမျိုး၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် လေယာဉ်ကွင်းအမျိုးမျိုးများကို အကြမ်းဖျင်းသိအောင် ကြိုတင်လေ့လာထားသင့်ပါသည်။

(ခ) လေယာဉ်ဝန်ထမ်းများ၏ တာဝန်အမျိုးမျိုး၊ လုပ်ဆောင်ရမည့် အချက် Process များကို သိထားသင့်ပါသည်။

(ဂ) ဖြစ်စဉ်အမျိုးမျိုးဖွင့်ကာ လိုလားချက်များပေး၍ Problem ပြဿနာများကို ဖြေရှင်းနိုင်သင့်ပါသည်။ တပ်မဲ့တပ်ပါ လေ့ကျင့်ခန်းများကို ဆောင်ရွက်စေသင့်ပါသည်။

(ဃ) တိုက်ပွဲဝင်စစ်သည်များ အမြဲတမ်း ကြံ့ခိုင်နေအောင် အချိန်မရွေး တာဝန်ထမ်းဆောင်နိုင်အောင် ပြင်ဆင်ထားသင့်ပါသည်။

(င) လေယာဉ်နှင့်ပတ်သက်သော အီလက်ထရောနစ်ပစ္စည်းများ၊ ရေဒါများ၊ ကွန်ပျူတာများ၊ ဆက်သွယ်ရေးစက်များ စသည့် မသိမဖြစ် သိရမည့် နည်းပညာသစ်များအား အချိန်နှင့်တစ်ပြေးညီ သိနေအောင် ဆောင်ရွက်ပေးထားသင့်ပါသည်။

**ပြုရထာနာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



(စ) လေယာဉ်အပိုင်စီးခံရခြင်းအပါအဝင် ကွန်မန်ဒို စစ်နည်းဗျူဟာဖြင့် ဆောင်ရွက်ရမည့် အရေး အခင်းများအား မျက်ခြည်မပြတ် လေ့လာ၍ စစ်ရေးသုံးသပ်ခြင်းများ ပြုလုပ်သင့်ပါသည်။

ဤသို့သာ ကြိုတင်ပြင်ဆင်ထားပါက မည်သည့် ကယ်တင်ရေး စစ်ဆင်ရေးကိုမဆို ကွန်မန်ဒိုတပ်ဖွဲ့များ အနေဖြင့် ရာနှုန်းပြည့်အောင်မြင်မည်ဟု ထင်မြင်ယူဆ ကြောင်းပါခင်ဗျား။

**မှီငြမ်းကိုကားသည့်စာအုပ်များ**

၁၉၉၅ ခုနှစ် ဇန်နဝါရီလထုတ် တိုင်းမ်မဂ္ဂဇင်းနှင့် နယူးစ် ဝိစ်မဂ္ဂဇင်းများမှ Higacking of Air Bus A 300 ကို မှီငြမ်းပါသည်။





## အစ္စရေးတို့၏ အင်တက်ဘီလေဆိပ် စစ်ဆင်ရေး

**...ခဉ်းနိဒါန်း**

အချိန်ကား ၁၉၇၆ ခုနှစ် ဇွန်လ ၂၇ ရက် တနင်္ဂနွေ ...

နေရာကား ယူဂန်ဒါနိုင်ငံ ဗိတ်ိုရိယ ရေအိုင်ကြီး ...ရှိ အင်တက်ဘီ Entebbe လေဆိပ်။ ခရီးသည်တင် ...ယာဉ်ကြီး တစ်စီးဆိုက်ထား၏။ ဖြစ်စဉ်မှာ ...

ပြင်သစ်လေကြောင်းပိုင် ခရီးစဉ် အမှတ် ၁၃၉ ...ir France Flight 139) မှ ခရီးသည်ပေါင်း ၂၀၀



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကို တင်ဆောင်ကာ ပျံသန်းခဲ့သည့် လေယာဉ်ကြီး အား ပဲရစ်သို့ ဦးတည်၍ ပုံမှန်ပျံသန်းနေစဉ် လေယာ… အကြမ်းသမားများက ပြန်ပေးဆွဲပြီး ယူဂန်ဒါနိုင်ငံ… အင်တက်ဘီ လေဆိပ်သို့ မောင်းနှင်ဆင်းသက်စေခဲ့သည်… ခရီးစဉ်မှာ တဲလ်အဗစ်မှ အေသင်သို့ ခရီးစဉ်ဖြစ်ပါသည်… တဲလ်အဗစ်မှ ထွက်ခွာလာခြင်းဖြစ်သည်။ ကြားတွင် ပဲရစ်… ဆင်းသက်ရဦးမည်ဖြစ်၏။

လေယာဉ်ပြန်ပေးဆွဲသူများမှာ Popular Fro… ခေါ် ပါလက်စတိုင် ပြောက်ကြား အုပ်စုတစ်စု ဖြစ်၏…

ယူဂန်ဒါနိုင်ငံသို့ ဆိုက်ရောက်သည်နှင့် အကြမ်း… ဖက်သမား ပြောက်ကြားများက အနောက်ဂျာမနီ၊ … ညာ၊ ဆွစ်ဇာလန်၊ ပြင်သစ်နှင့် အစ္စရေးနိုင်ငံများ… ဖမ်းထားသည့် ပါလက်စတိုင်း ပြောက်ကြား ၅၃ ဦး… လွှတ်ပေးရန် တောင်းဆိုခဲ့၏။

အကြမ်းဖက်သမားများက ဇူလိုင် ၁ ရက်၊ … သပတေးနေ့ ညနေပိုင်းထိ ၎င်းတို့တောင်းဆိုချက်အ… မလိုက်လျောပါက ခရီးသည်အားလုံးကို သတ်… လေယာဉ်ကြီးကိုလည်း ဖေါက်ခွဲဖျက်ဆီးပစ်မည် … ကြောင်း ရာဇသံပေးလေတော့သည်။





အစ္စရေးအစိုးရက ချက်ချင်းပင်

"တွေ့ဆုံညှိနှိုင်းလိုပါသည်။ နောက်ဆုံး သတ်…တ်ရက်ကို အနည်းဆုံးသုံးရက် တိုးပေးပါရန်"

ဟုအကြောင်းပြန်လိုက်ရာ အကြမ်းဖက်သမား…များက အချိန်သုံးရက်တိုးပေးပြီး ဇွန်၃၀ရက် ဗုဒ္ဓဟူးနေ့…တွင် ဓားစာခံ ၄၇ ဦးကိုပြန်လွှတ်ပေးလိုက်၏။ နောက်နေ့…တွင် နောက်ထပ်ခရီးသည် ၁၀၁ ဦးကို ထပ်မံလွှတ်ပေးပြီး …ရစ်သို့ထွက်ခွာခွင့်ပြုသည်။ ကျန်ဓားစာခံ ခရီးသည် ၉၃ …အား အစ္စရေး လူမျိုးများဖြစ်ကြလေသည်။ ထို့ကြောင့် …မပြီးမခြင်း အစ္စရေးတွေကိုတော့ လုံးဝလွှတ်မပေးဘူး …ည်းဆိုသည်။

**…ရေးအစိုးရမှ ဓားစာခံများကို ကယ်တင်ရန်စီစဉ်ခြင်း**

နောက်ဆုံးထိန်းထားသည့် ဓားစာခံများမှာ …ရေးများဖြစ်ကြရာ သူတို့တောင်းဆိုသော အကြမ်းဖက် …များကို လွှတ်မပေးပါက အမှန်ပင် သတ်ပစ်မည် …သုံးသပ်ရ၏။

ထို့ကြောင့် အစ္စရေးအစိုးရက ဓားစာခံများကို …ယ်တင်ရန် ဆုံးဖြတ်လိုက်၏။ အစ္စရေးနှင့် ယူဂန်ဒါမှာ



www.burmeseclassic.com

www.burmeseclassic.com



ခရီးမနီးလှသဖြင့် ကယ်တင်ရေးလုပ်ငန်းမှာ မလွယ်ကူလှ
သို့ရာတွင် အစ္စရေးတို့က မဖြစ်မနေ ဆောင်ရွက်ရ
သန္နိဋ္ဌာန် ချထားကြ၏။

ဓားစာခံများကို ကယ်တင်မည့် အစ္စရေး ကွန်မန်
တပ်မှူးမှာ **Lieutenant Colonel Jonathan Netany-hu** ဒုဗိုလ်မှူးကြီး ဂျိုနသန် နက်တန်ယာဟူ ဖြစ်သည်
သူ့ညီမှာလည်း သူ့လိုပင် အထူးကွန်မန်ဒို တပ်ဖွဲ့တွ
အမှုထမ်းနေသည်။ အမည်မှာ ဘင်ဂျမင်နက်တန်ယာ
**Banjamin Netanyahu** ဖြစ်၏။

ထိုစဉ်က ဘင်ဂျမင်နက်တန်ယာဟူသည် အသ
၃၀ သာရှိကြသေးပြီး ညီအစ်ကိုနှစ်ယောက်လုံး အစ္စ
တပ်မတော်တွင် တန်းပြည့်စစ်မှုထမ်းနေသူများ ဖြစ်
သည်။ အစ်ကိုဖြစ်သူ ဂျိုနသန်သည် ဒုဗိုလ်မှူးကြီး ရာ
ဖြင့် အစ္စရေးအထူးကွန်မန်ဒို တပ်ဖွဲ့တာဝန်ကိုသာ
နိုင်ငံတော်၏ အချို့သော အရေးကြီး လုံခြုံရေးနှင့် စစ်
တာဝန်များကိုပါ ယူထားရသူဖြစ်လေသည်။ ဘင်ဂျ
နက်တန်ယာဟူကား အရာရှိဖြစ်သော်လည်း သူ့အ
ဂျိုနသန်လောက် အရေးကြီးတာဝန်များကို မယ
သို့ရာတွင် လုပ်ငန်းတာဝန်အရ သူ့အစ်ကိုနှင့် နီးကပ်





ဆောင်ရွက်နေရသူဖြစ်၏။ ဤကိစ္စ စဖြစ်သည်နှင့် အစ္စရေး
အစိုးရအဖွဲ့မှ လူကြီးများက

"ကဲ ... ဂျိုနသန် ဒီကိစ္စကို မင်းနားလည်ထားမှ
ရမယ်။ မင်းနဲ့မင်းရဲ့ ကွန်မန်ဒိုအဖွဲ့က လိုအပ်တာတွေ
စီစဉ်တော့"

ဟု ဒုဗိုလ်မှူးကြီး ဂျိုနသန်နက်တန်ယာဟူအား
ခေါ်ပြောခဲ့၏

ထိုအချိန်၌ ဂျိုနသန်တွင် အခြားတာဝန်ယူထား
သော အရေးကြီးကိစ္စများလည်း ရှိနေခဲ့၏။ မပြီးပြတ်
သေးပေ။

ထို့ကြောင့် ဂျိုနသန်က သူ၏ ညီအရင်း ဘင်ဂျမင်
အား ...

"ကဲ ... ငါ့ညီ ငါတို့တော့ တိုင်းပြည်အတွက်
လုပ်စရာ ကိုင်စရာတွေပေါ်လာပြီ။ ငါလည်း လောလော
ဆယ် အရေးကြီးကိစ္စရှိနေသေးတော့ ဒီOperation
စစ်ဆင်ရေးကိစ္စနဲ့ ပတ်သက်တာတွေ ငါ့ကိုယ်စား မင်းပဲ
လုပ်နိုင်တာလေးတွေ လုပ်ထားပေးပါ။ စစ်ရုံးက ခေါ်ရင်
လည်း မင်းပဲ ငါ့ကိုယ်စားအစည်းအဝေး သွားတက်ပေးပါ"

အထက်ပါအတိုင်း ပြောခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီလေ ယိုးနီ Yoni"

Yoni ယိုးနီ ဆိုသည်မှာ Jonathan Netanyahu အား မိတ်ဆွေအပေါင်းအသင်းများက ချစ်စနိုးခေါ်သောအမည် ဖြစ်၏။ ဘင်ဂျမင်ကလည်း သူ့အစ်ကိုအား သူများလိုပင် ယိုးနီဟု ခေါ်လေသည်။

လေယာဉ်ပျံပေးဆွဲခံရသည်နှင့်ပင် အစ္စရေးတို့က ကြည်း၊ ရေ၊ လေ တပ်အားလုံးကို တပ်လှန့်ထားခဲ့၏။ ဂျိုနသန်ကွပ်ကဲသည့် အစ္စရေးကွန်မန်ဒို တပ်ဖွဲ့ကိုလည်း Stand by အသင့်လုပ်ထားသည်။ ဂျိုနသန်က ကွပ်ကဲမှုကို ယာယီအားဖြင့် သူ့ညီ ဘင်ဂျမင်အားလွှဲပေးထားရာ ဂျိုနသန်ကိုယ်စား တပ်ဖွဲ့နှင့်ဆိုင်သည့်ကိစ္စများကို ဘင်ဂျမင်က ဆောင်ရွက်နေရသည်။ အစည်းအဝေးများ တက်ရသည်။ တပ်ဖွဲ့ဝင်များနှင့် ပြောရဆိုရသည်။ ရှင်းပြရသည်။ ဘင်ဂျမင်နက်တန်ယာဟူသည် ထိုအချိန်မှစ၍ အင်တက်ဘီလေဆိပ်ကို စီးနင်းတိုက်ခိုက်ပြီး ဓားစာခံများ ကယ်တင်ပြီးသည်အထိ Operation Entebbe တွင် အစအဆုံး ပါဝင်ခဲ့ရလေသည်။ စစ်ဆင်ရေးတွင် အကြမ်းဖက်သမားအားလုံးကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ပြီး ဓားစာခံများကို ကယ်တင်နိုင်ခဲ့သည်။ အစ္စရေးတို့ဘက်ကမူ တစ်ဦးသာ





ဤဖြစ်ရပ်အကြောင်းကို ပြန်ပြောင်းပြောပြသူ
ဘင်ဂျမင်နက်တန်ယာဟူ

www.burmeseclassic.com

www.burmeseclassic.com



ကျဆုံးခဲ့ပါသည်။ ထိုသူကား အခြားသူမဟုတ်ပါ။ အစ္စရေး ကွန်မန်ဒိုတပ်ဖွဲ့၏ တပ်မှူးဖြစ်သူ ဂျိုနသန်နက်တန်ယာဟူ ပင်တည်း။

ဤကိစ္စနှင့် ပတ်သက်ပြီး စစ်ဆင်ရေးအပြီး တစ်လခန့်အကြာ Militay Review ဂျာနယ်မှ ကွန်မန်ဒို ဒုတိယ တပ်မှူးဖြစ်သူ ဘင်ဂျမင်နက်တန်ယာဟူအား သွား ရောက် တွေ့ဆုံမေးမြန်းခဲ့ရာ ဘင်ဂျမင်က ဖြစ်စဉ်အစမှ သည် ဓားစာခံကယ်တင်ရေး ပြီးဆုံးသွားသည်အထိ အားလုံးကို ရှင်းလင်းပြောပြခဲ့လေသည်။

အောက်တွင် ဆက်လက်ဖော်ပြမည့် အကြောင်း အရာများမှာ ဖြစ်စဉ်စသည်မှ ဓားစာခံကယ်တင်ရေးကြီး ပြီးဆုံးသွားသည်အထိ ဘင်ဂျနက်တန်ယာဟူ၏ ပြောပြ ချက်များ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဆက်လက်ဖော်ပြရာ၌ ဘင်ဂျမင်နက်တန်ယာဟူ၏ အပြောအနေဖြင့် ရေးသား ဖော်ပြသွားမည် ဖြစ်ပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



**အင်ဂျမင်နက်တန်ယာဟူ၏ ပြောပြချက်များ**

**ကျွန်တော်တို့ရဲ့ ပထမစီမံချက်**

အဲဒီတုန်းက ကျွန်တော်ဟာ အစ္စရေးကွန်မန်ဒို တပ်ဖွဲ့ကြီးမှာ ကျွန်တော့်အစ်ကို ဂျိုနသန်နက်တန်ယာဟူ (ယိုးနီ) နဲ့အတူ တာဝန်ထမ်းဆောင်နေတာပါ။ သူ့ရဲ့ လက်ထောက်ပေါ့။ ယိုးနီကတော့ လူကြီးတွေနဲ့ ရင်းနှီးပြီး တခြားလုပ်လက်စ လုံခြုံရေးကိစ္စရေးကိစ္စတွေနဲ့ အလုပ်များနေတဲ့ အချိန်ပါ။

လေယာဉ်ပျံ ပြန်ပေးဆွဲခံရတဲ့ သတင်းကြားတာနဲ့ ကျွန်တော်တို့ ကွန်မန်ဒိုတပ်ဖွဲ့ကို အသင့်အနေအထား Stand by လုပ်ထားဖို့ စစ်ရုံးက အမိန့်ရောက်လာပါတယ်။ အဲဒီတုန်းက ကျွန်တော်က တာဝန်မှူး ကျနေပါတယ်။

ပြန်ပေးဆွဲခံရတဲ့ လေယာဉ်ဟာ ပထမ ဆူဒန်နိုင်ငံခါတွန် Khartum မြို့ကို ဦးတည်ပျံနေတယ်။ နောက်တော့ လော့ဒ် Lod ကို ဆင်းမလိုလို လုပ်ပြီးမှ ယူဂန်ဒါအင်တက်ဘီ Entebbe ကို ဆင်းသွားတာပါ။ ဆိုပြီးသွားလို့ လစ်ဗျားမှာဝင်ပြီး ဆီဖြည့်သေးသတဲ့။

ကျွန်တော်တို့ တပ်ဖွဲ့ဟာ ကယ်ဆယ်ရေးလုပ်ငန်း လုပ်ကြရမယ်ဆိုတာ ကြိုသိထားကြတဲ့အတွက် ကြိုတင်





ပြင်ဆင်စရာရှိတာတွေ ပြင်၊ လေ့လာသင့်တာတွေ လေ့လာကြပါတယ်။ မြေပုံတွေ ဓာတ်ပုံတွေနဲ့ ယူဂန်ဒါရဲ့ ပထဝီအနေအထား အပါအဝင်ပေါ့။

ဇွန် ၂၈ ရက် တနင်္လာနေ့ မနက်မှာတော့ ယိုးနီက အပြင်မှာရှိနေရာကနေ ကျွန်တော့်ကို ဖုန်းနဲ့လှမ်းမေးတယ်။

"ဟေ့ . . . မင်းလူတွေ အဆင်သင့်ပဲလား"တဲ့။

"အားလုံးအသင့်ပါပဲ" လို့ ဖြေလိုက်ပါတယ်။

နေ့လယ်မှာတပ်ဖွဲ့ကို ယိုးနီပြန်ရောက်လာတယ်။ တပ်ဖွဲ့ဝင်တွေနဲ့ တွေ့ဆုံပြီး အကြမ်းဖျင်းစီမံချက်ကို ရှင်းပြတယ်။ ကျွန်တော့်ကို မှာစရာရှိတာတွေမှာပြီး ပြန်ထွက်သွားပါတယ်။

အဲဒီနေ့ည သန်းခေါင်ယံမှာတော့ စစ်ရုံးက ကွန်မန်ဒိုတပ်ဖွဲ့နဲ့ ကျွန်တော့်ကိုလှမ်းခေါ်တယ်။ စစ်ရုံးမှာ လူကြီးတွေ အားလုံးရောက်နေကြတယ်။ ကာကွယ်ရေးဝန်ကြီးနဲ့ စစ်ဦးစီးချုပ်လည်း ပါပါတယ်။ လူစုံတော့ စစ်ရုံးမှာ အရေးပေါ် အစည်းအဝေးလုပ်တယ်။ ကျွန်တော်တို့ ကွန်မန်ဒို တပ်ဖွဲ့အပြင် လေတပ်၊ ရေတပ်နဲ့ မော့ဆက်က အကြီးအကဲတွေ အစည်းအဝေး တက်ကြရတယ်။ အစည်းအဝေးကတော့ ဓားစာခံတွေ ကယ်တင်ရေးအတွက်လုပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အစည်းအဝေးပါ။ အစည်းအဝေးခန်းမမှာ ယိုးနီက ကြို ရောက်နေပါတယ်။

အစည်းအဝေးမှာ စစ်ဦးစီးဗိုလ်မှူးကြီးက လူကြီး တွေကိုယ်စား ဓားစာခွဲကယ်တင်ရေး စီမံချက်ကို ရှင်းလင်း တင်ပြပါတယ်။

"ပထမ စီမံချက် အနေနဲ့ကတော့ ဝိတိုရိယ ရေအိုင်ပေါ်မှာ ကယ်တင်ရေးတပ်ဖွဲ့ကို လေထီးနဲ့ချပေး မယ်။ လှေတွေပါ ချပေးမယ်။ လှေတွေနဲ့ ရေအိုင်ကမ်းစပ် မှာရှိတဲ့ လေဆိပ်ကိုသွားမယ်။ ရောက်တာနဲ့ လေဆိပ်ကို ဝင်စီးပြီး ဓားစာခံတွေကို ကယ်ဖို့ပဲ"

စီမံချက်မှာ အလွန်ရိုးရှင်းလှပါတယ်။

အစည်းအဝေး တက်ရောက်လာသူများက ဘက် ပေါင်းစုံမှ ဖြစ်နိုင်၊ မဖြစ်နိုင် ဝိုင်းဝန်းဆွေးနွေးကြတယ်။

"ဘာလေယာဉ် သုံးမှာလဲ"

"တပ်အင်အား ဘယ်လောက်သုံးမှာလဲ"

"စီ ၁၃၀ ဟာကျူလီ (Hercules 130) လေယာဉ် ကြီးတွေ သုံးမယ်။ တပ်ကတော့ လောလောဆယ် မင်းတို့ ကွန်မန်ဒိုတပ်ဖွဲ့ပဲ သုံးမယ်လို့ လျာထားတယ်"

"ယူဂန်ဒါရဲ့ သဘောထားက ဘယ်လိုလဲ"





"သမ္မတ အီဒီအာမင်ကတော့ ဘာမှမသိသေးတဲ့ သဘောပဲ။ ဖြေရှင်းပေးဖို့ သူ့မှာတာဝန်ရှိတယ်။ ဒါပေမယ့် ဓားစာခံတွေ လွတ်မြောက်ရေးတော့ သူတာဝန်ယူချင်မှ ယူနိုင်မယ်လေ။ ကွဲကွဲပြားပြားတော့ ဘာမှ မသိရသေးဘူး"

အားလုံး ဝိုင်းဝန်းဆွေးနွေးကြပြီး လောလောဆယ် ဒါလောက်နဲ့ပဲ အစည်းအဝေးကို အဆုံးသတ်လိုက်ကြပါ တယ်။

မိုးတော့ လင်းလုလုပါ။

**အပြောင်းအလဲများပြုလုပ်ခြင်း**

တစ်ရက်သာ စောင့်ရပါတယ်။ နောက်နေ့မှာ မော့ ဆက်က သတင်းတွေပေးတယ်။

ဒီကိစ္စမှာ ယူဂန်ဒါသမ္မတ အီဒီအာမင်လည်း အလို တူ အလိုပါပဲတဲ့။

ဇူလိုင် ၁ ရက်၊ ကြာသပတေးနေ့မှာ ပြန်လွှတ် ပေးလိုက်တဲ့ ပြင်သစ်ခရီးသည်တွေ ပဲရစ်ပြန်ရောက်တော့ သူတို့မြင်တာ သိတာတွေ ပြောပြကြတယ်။

အကြမ်းဖက်သမား လေးယောက် အင်တက်ဘီကို ထပ်ရောက်လာသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ယူဂန်ဒါ တပ်မတော်က လေဆိပ်ကို စောင့်နေသတဲ့။

ဓားစာခံတွေ အစားအသောက် ကျွေးတာတို့ ဝိုင်းစောင့်ပေးတာတို့ကို ယူဂန်ဒါစစ်တပ်က ကူညီပြီး ဆောင်ရွက်ပေးနေသတဲ့။

ဒီသတင်းအတိုင်းဆိုရင် ကျွန်တော်တို့ ကွန်မန်ဒိုတပ်ဖွဲ့တစ်ဖွဲ့တည်း လုပ်လို့ရချင်မှ ရနိုင်တော့မယ်။ ယူဂန်ဒါစစ်တပ်ကို ရင်ဆိုင်ဖို့ပါ လိုနေပြီ။ အကြမ်းဖက်သမားလေးငါးဆယ်ယောက်လောက်နဲ့တင် ပြီးမှာမဟုတ်တော့ဘူး။

ကျွန်တော်တို့ အားလုံး ဒုတိယအကြိမ် အစည်းအဝေး လုပ်ကြရပြန်ပါတယ်။ ပထမ စီမံချက်ကို ပြင်မှရတော့မယ်။ တပ်တွေ ပိုလိုလာပြီ။

အစည်းအဝေးမှာ ယိုးနီ အထက်က စစ်ဆင်ရေးမှူးကြီး ကူတီ Kuti က

"ဒီကိစ္စမှာ အရင်စီမံထားတဲ့အတိုင်း ဟာကြူလီလေယာဉ်ကြီး တစ်စီးထဲ မရတော့ဘူး။ အနည်းဆုံးနှစ်စီး၊ သုံးစီး သုံးရမယ်။ တပ်ဖွဲ့တော်တော်များများ လေဆိပ်ကို ထိန်းချုပ်ထားပြီး ကွန်မန်ဒိုတပ်ဖွဲ့က ဓားစာခံတွေရှိတဲ့





လေဆိပ်အဟောင်းကို ဝင်စီးနိုင်ဖို့ပဲ"

"လေတပ်ကို လိုတာတွေ ပြင်ခိုင်းလိုက်ပါ"

တပ်ဖွဲ့မှူး ဒမ်ရှမ်ရွန် Dan Shomron က မှာကြားပါတယ်။

လေတပ်က တာဝန်ရှိသူများက အားလုံး အဆင်သင့်ပါ။ သိပ်အခက်အခဲ မရှိပါလို့ တင်ပြကြပါတယ်။

"ဆီဖြည့်ဖို့ရော ဘယ်လိုလုပ်ကြမှာလဲ။ အသွားရော အပြန်အတွက် ဆီလောက်ပါ့မလား"

"ဆီပန့်တွေ ယူသွားပါမယ်။ ဟိုမှာ ဆီပန့်သိတဲ့ သူ တစ်ယောက်ကို ခေါ်သွားရင်ရပါတယ်"

"ယူဂန်ဒါမှာ စစ်သံမှူးလုပ်ခဲ့တဲ့သူနဲ့ အီဒီအာမင်ရဲ့ ကိုယ်ပိုင်လေယာဉ်မောင်းပေးခဲ့ဖူးတဲ့ လေယာဉ်မှူးလည်း ပါတယ်။ သူတို့ကို ခေါ်သွားပါ့မယ်"

"ကောင်းပြီလေ။ စီမံချက်ပြန်ပြင်ကြတာပေါ့၊ တပ်ရောတွေ မြန်မြန်ထက်ထက် လုပ်ကြ။ အချိန်သိပ်မပေးနိုင်ဘူး"

တပ်ဖွဲ့မှူးနဲ့ စစ်ဆင်ရေးမှူးကြီးတို့က မှာကြားပါတယ်။

နေ့လယ်မှာ တပ်ဖွဲ့မှူးကြီး ရှမ်ရွန် ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



ဆီကို ရောက်လာတယ်။ ကျွန်တော့်ကိုမေးတယ်။

''ဟော့ ... မနက်က အစည်းအဝေးကိုမင်း ဘယ်လို သဘောရသလဲ။ ယူဂန်ဒါ ငနဲတွေကိုတိုက်ဖို့ သံချပ်ကာ ကားတွေများ လိုဦးမလား''

''ယူဂန်ဒါကောင်တွေက အီးဘောလောတွေ။ သံချပ်ကာကား သုံးစရာမလိုပါဘူး။ လူသာ လိုပါတယ်။ ကျွန်တော် ယူဂန်ဒါမှာ အကြာကြီးနေခဲ့ဖူးတယ်။ သေနတ်သံ များများကြားရင် ဒီကောင်တွေပြေးကြတာပါပဲ''

''သံချပ်ကာကား မလိုရင် တခြားဘာများ လို[…] မလဲ''

''ဓားစာခံတွေ ထိန်းထားတဲ့ လေဆိပ်အဆော[…] အဦ အဆောင်းကိုသွားဖို့ ကားတော့တစ်စီး၊ နှစ်စီး လို[…] ထင်တယ်ခင်ဗျ''

''အေးကွ ... အဲဒါဆို စစ်ဆင်ရေးမှူးကြီ[…] ကာကွယ်ရေးဝန်ကြီးတော့ တင်ပြဖို့လိုဦးမယ်ကွ''

အဲဒီနေ့က ရှမ်ရွှန်နဲ့ ယိုးနီတို့ ကာကွယ်ရေးဝန်ကြီ[…] ဆီသွားပြီး သတင်းပို့ကြပါတယ်။ ကာကွယ်ရေးဝန်ကြီ[…] လိုအပ်တာတွေ ဖြည့်ဆည်းပေးပြီး စစ်ဆင်ရေး စီမံချက်[…] တချို့အချက်တွေကိုပြင်ပေးလိုက်ပြီး အတည်ပြုပေးလိုက်ပါ[…]






ပါလက်စတိုင်းအကြမ်းဖက်သမားများက လေယာဉ်ပြန်ပေးဆွဲ၍ ယူဂန်ဒါနိုင်ငံ အင်တက်ဘီလေဆိပ်တွင် အစ္စရေးခရီးသည်များတို့ ဓါးစာခံထားကာ လိုလားချက်များ တောင်းဆိုခဲ့သည့်ကိစ္စ၌ ပုံပါ ယူဂန်ဒါသမ္မတ အီဒီအာမင် သည်လည်း အလိုတူအလိုပါ ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





အင်တက်ဘီ လေဆိပ် တည်နေရာ နှင့်

တပ်ဖွဲ့များလှုပ်ရှားမှုပြမြေပုံ

www.burmeseclassic.com


www.burmeseclassic.com




ရေးကွန်မန်ဒိုများ လေဆိပ်ဟောင်းကို ဝင်ရောက်စီးနင်းပုံ

www.burmeseclassic.com

www.burmeseclassic.com




ကွန်မန်ဒိုများ အစ္စရေးမှ ယူဂန်ဒါနိုင်ငံ အင်တက်ဘီလေဆိပ်သို့ အသွားအပြန် လမ်းကြောင်းပြမြေပုံ။

www.burmeseclassic.com

www.burmeseclassic.com



**ကျွန်တော်တို့ရဲ့ တိုက်ခိုက်ရေးစီမံချက်**

ကျွန်တော်တို့ရဲ့ နောက်ဆုံးရေးဆွဲ အတည်ပြုထားတဲ့ တိုက်ခိုက်ရေးစီမံချက်ကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။ Format ပုံစံအတိုင်း ရှင်းလင်းတင်ပြပါမယ်။

ပထမသတင်းပါ။

**သတင်း။** ။သတင်းအနေနဲ့ကတော့ ၁၉၇၆ ခုနှစ် ဇွန်လ ၂၇ ရက်မှာ Popular Front လို့ သူတို့ကိုယ် သူတို့ နာမည်တပ်ထားတဲ့ ပါလက်စတိုင်း အကြမ်းဖက်သမား လေး၊ ငါးယောက် တစ်ဖွဲ့ဟာ ပြင်သစ်ပိုင် ခရီးသည်တင် လေယာဉ် Air France Flight 139 ကို ပဲရစ်ကို ဦးတည်ပျံသန်းနေဆဲမှာဘဲ ပြန်ပေးဆွဲပြီး ယူဂန်ဒါနိုင်ငံ အင်တက်ဘီလေဆိပ်မှာ ဆင်းခဲ့တယ်။ ခရီးသည် ၂၀၀ ကျော်ကို ထိန်းထားတယ်။ ဥရောပနိုင်ငံ အသီးသီးမှာ သိမ်းထားတဲ့ သူတို့အကြမ်းဖက်သမား ၅၃ ဦးကို လွှတ်ပေးဖို့ တောင်းဆိုတယ်။ အစ္စရေးအစိုးရကညှိနှိုင်းဖို့ သဘောတူတဲ့အတွက် အစ္စရေးလူမျိုး ၉၃ ဦးကို ဆက်ထိန်းထားပြီး ကျန်ခရီးသည်တွေကို လွှတ်ပေးတယ်။

သူတို့ကို ယူဂန်ဒါအစိုးရနဲ့ စစ်တပ်က ကူညီနေတယ်။ လေဆိပ်မှာ အကြမ်းဖက်သမား ၁၀ ဦးလောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ယူဂန်ဒါ စစ်သား ၁၀၀ လောက်ရှိတယ်။

ဓားစာခံတွေကို လေဆိပ်အဆောက်အဦအဟောင်းမှာ ထားတယ်။

သတင်းပြီးတော့ ရည်ရွယ်ချက်ပါ။

**ရည်ရွယ်ချက်။** ။ရည်ရွယ်ချက်ကတော့ အင်တက်ဘီမှာ ဓားစာခံအဖြစ် ထိမ်းသိမ်းခံနေရတဲ့ ကျွန်တော်တို့ အစ္စရေးလူမျိုး ၉၃ ဦးကို သွားရောက်ကယ်တင်ဖို့ပါပဲ။

**လုပ်နည်း။** ။လုပ်နည်းကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

သတ်မှတ်တဲ့ရက် D Day မှာ ကယ်တင်ရေးတပ်တွေကို လေယာဉ်နဲ့ အစ္စရေးနိုင်ငံ တဲလ်အဗစ်ကနေ ယူဂန်ဒါနိုင်ငံ အင်တက်ဘီလေဆိပ်ကို ပို့ပေးပြီး ဓားစာခံတွေ ကယ်ဖို့ပါပဲ။

**တာဝန်ခွဲဝေမှု**

တာဝန်ခွဲဝေမှုကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

လေဆိပ် အဆောက်အအုံဟောင်းမှာ ထားတဲ့ ဓားစာခံတွေကိုကယ်ဖို့ ယိုးနီနဲ့ ကျွန်တော်ခေါင်းဆောင်





လူ ၃၀ ပါဝင်ဖွဲ့စည်းထားတဲ့ အစ္စရေး ကွန်မန်ဒိုတပ်ဖွဲ့ပါ။

လေယာဉ်ပြေးလမ်း ထိန်းသိမ်းရေးနဲ့ ယူဂန်ဒါ စစ်သားတွေကို တိုက်ခိုက်ဖို့က ဂိုလန်တပ်မဟာ (Golani Brigade) နဲ့ လေထီးတပ်ဖွဲ့တာဝန်ပါ။

ပါဝင်တဲ့ လေယာဉ်တွေကတော့

- စီ ၁၃၀ ဟာကြူလီ လေယာဉ်ကြီးနဲ့ ဘိုးရင်း ၇၀၇ ပါဆိုရင် လေယာဉ် ၂စီး
- သံချပ်ကာ ကား ၂ စီး
- လင့်ရိုဘာကား ၃ စီး
- မာစီးဒီးကား ၁ စီး

**တိုက်ခိုက်ရေးအစီအစဉ်**

တိုက်ခိုက်ရေး အစီစဉ်ကတော့ လေယာဉ်ကြီး ၄ စီး တဲလ်အဗစ်က ထွက်ပြီး အင်တက်ဘီ ရောက်တာနဲ့ ၂ စီးဆင်းမယ်။ ပါလာတဲ့ ကား ၃ စီးနဲ့ ချေမှုန်းရေးအဖွဲ့က လေဆိပ်ဟောင်းကို သွားပြီး စီးနင်းတိုက်ခိုက်မယ်။ သံချပ်ကာ ကားအဖွဲ့က ကာပစ်ပစ်ပေးဖို့ နောက်ကလိုက်သွားမယ်။ ယူဂန်ဒါစစ်သားတွေကို ထိန်းထားပေးမယ်။ ကယ်ဆင်ရေးအဖွဲ့က နောက်ထပ်အပေါ့စား ကား ၃ စီးနဲ့ ဓား



www.burmeseclassic.com

www.burmeseclassic.com



စာခံတွေကို ပြန်ခေါ်လာမယ်။ ဒါလောက်ပါပဲ။

စစ်ဆင်ရေးမှူးကြီးကတော့ ကူတီပါ။

ရေပြင်တပ်ဖွဲ့မှူးကြီးက ဒမ်ရွှမ်ရွှန်ပါ။

### အပြီးသတ်ဓာတ်တိုက်လေ့ကျင့်ခြင်း

အပြီးသတ် ဓာတ်တိုက်လေ့ကျင့်တာကိုတော့ ခရီးမထွက်မီ လေးရက်အလိုမှာ နောက်ဆုံးလုပ်ခဲ့ပါတယ်။

ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေမှာ ပါတဲ့အတိုင်း ယာယီအဆောက်အဦတွေ ဆောက်ပြီး ဓာတ်တိုက်လေ့ကျင့်ကြတာပါ။

ပထမဆုံး လေယာဉ်ကြီးပေါ်က ယာဉ်တွေ၊ ကားတွေ အောက်ချတာ၊ ပြန်တင်တာ၊ ပစ်တာ၊ ခတ်တာ နေရာယူကာ ချဉ်းကပ်ချိတက်တာတွေပါ။

နောက်တော့ ချေမှုန်းရေးအဖွဲ့က လေဆိပ်ဟောင်းအဆောက်အဦကို ဝိုင်းဝန်းပြီး လူတွေကယ်တာဖြစ်ပါတယ်။

ဂိုလာနီ တပ်မဟာနဲ့ လေထီးတပ်ဖွဲ့ကတော့ လေယာဉ်ပြေးလမ်းကို မီးထွန်းပေးတာ လေဆိပ်သစ်ကို ဝိုင်းထားတာ။ ယူဂန်ဒါ စစ်သားတွေနဲ့တွေ့ရင် တိုက်ထားနိုက်တာအားလုံး ထောင့်စေ့နေအောင် အပြန်ပြန် အလှန်





လှန် လေ့ကျင့်ကြပါတယ်။ လျင်မြန်မှု အရေးကြီးလို့ လျင်မြန်မှုရအောင် လေ့ကျင့်ကြတာပါ။ ဒီ တပ်ပါလေ့ကျင့်ခန်းကို ကာကွယ်ရေးဝန်ကြီးနဲ့ ဦးစီးချုပ်ကိုယ်တိုင် လာကြည့်ပါတယ်။ အားလုံးစိတ်ကျေနပ်မှ တန်းဖြုတ်ပေးပါတယ်။

### အင်တက်ဘီသို့ချီတက်ကြပြီ

စစ်ဆင်ရေးလုပ်မယ့် ယရက် D Day ကတော့ ဇူလိုင်လ ၃ ရက်နေ့ပါ။ ဒီနေ့ဆိုရင် ဓားစာခံတွေ ဖမ်းခံထားရတာ ရက်သတ္တတစ်ပတ် ပြည့်သွားပြီ။ အကြမ်းဖက်သမားတွေနဲ့ ချိန်းဆိုထားတဲ့နေ့ ပြည့်သွားပါပြီ။ အကြမ်းဖက်သမားတွေကတော့ ကျွန်တော်တို့ဆီက ဘယ်လိုများအကြောင်းပြန်မလဲဆိုတာကိုပဲ စောင့်နေမယ် ထင်ပါတယ်။

ကျွန်တော်တို့ လေယာဉ် ၄ စီးဟာ ဇူလိုင် ၃ ရက် စနေနေ့ ညနေ ၃ နာရီမှာ တဲလ်အဗစ်က စတင်ထွက်ခွာပါတယ်။ လမ်းမှာ ခရီးက ကြမ်းတဲ့အတွက် ဆိုင်းငံ့ကျွန်းဆွယ်က အိုဖား Pohir မှာ ခဏ နားကြတယ်။ အိုဖားမှာ နေမကောင်းတဲ့ ရဲဘော်တစ်ယောက်ကို ချန်ထားခဲ့ပြီး ဆက်ထွက်ခဲ့ကြတယ်။ ယိုးနီကတော့ သူ့လူတွေကို တစ်လမ်းလုံး တဖွဖွ သတိပေးရင်း အားပေးရင်း လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါလာပါတယ်။

အင်တက်ဘီကိုရောက်ဖို့ မိနစ် ၂၀ လောက် အလိုမှာ ယိုးနီက သူ့လူတွေအားလုံး တစ်ယောက်စီ လက်ဆွဲနှုတ်ဆက်ပြီး "Good Luck ကံကောင်းပါစေ" လို့ နှုတ်ဆက်ပါတယ်။ တဲလ်အဗစ်ကနေ အင်တက်ဘီကို မိုင် ၂၆၂၀ ဝေးပါတယ်။ ပျံသန်းချိန် ၈ နာရီလောက် ရောက်တဲ့အခါ ကျွန်တော်တို့လေယာဉ်တွေ အင်တက်ဘီ လေဆိပ်ပေါ် ရောက်ကြပါပြီ။

ခဏအကြာမှာ လေယာဉ်ဆင်းပါပြီ။ လူ့အတင် အချ လုပ်တဲ့နေရာကို လေယာဉ်မောင်းသွားပြီး ရပ်လိုက် ပါတယ်။ လေယာဉ်တံခါးပွင့်သွားတာနဲ့ လေယာဉ်ပြေး လမ်းက မီးတွေကို မြင်လိုက်ရပါတယ်။ ပါလာတဲ့ လေထီး စစ်သားတွေအားလုံး ခုန်ဆင်းကြပြီး ပြေးလမ်းရှိ မီးတွေ ဘေးမှာ ဓာတ်မီးတွေ ထွန်းပြီး ချထားလိုက်ပါတယ်။ ယူ ဂန်ဒါတွေက ပြေးလမ်းမီးတွေ ပိတ်လိုက်မှာစိုးလို့ပါ။ ထင်ထား အတိုင်းပါပဲ ဒုတိယလေယာဉ်လည်း ဆင်းရော ယူဂန်ဒါ တွေက ပြေးလမ်းမီးတွေ အကုန်ပိတ်ပစ်လိုက်ပါတယ်။ ခွင့်ပြုချက်မရဘဲ ကျွန်တော်တို့လေယာဉ်တွေ ဆင်းလာတဲ့ မီးပိတ်ပစ်လိုက်ကြတာပါ။

မြရတနာစာပေ



ကျွန်တော်တို့ကလည်း ဒါကို မျှော်လင့်ပြီးသားမို့ လေယာဉ်ပြေးလမ်းမှာ မီးထွန်းပေးဖို့ အရန်သင့် ဘက် ထရီမီးတွေ ယူလာခဲ့ကြတာပါ။

## ကယ်တင်ရေးလုပ်ငန်းစတင်ခြင်း

ကျွန်တော်တို့ စီးနင်းတိုက်ခိုက်ရမယ့် လေဆိပ် ဟောင်းမှာ လျှပ်စစ်မီးတွေ လင်းနေပါတယ်။ အဲဒီညက လလည်း သာနေပါတယ်။ ကျွန်တော်တို့ကားဟာ မျှော်စင် နား ဖြတ်မောင်းလာတော့ ယူဂန်ဒါအစောင့်နှစ်ယောက် က ပစ္စတိုသေနတ်နဲ့ လှမ်းတားပါတယ်။ မရတော့ သူတို့က စပစ်ပါတယ်။ အဲဒီအစောင့်နှစ်ယောက်ကို ယိုးနီနဲ့ ကွန်မန်ဒို ရဲဘော်တစ်ယောက်က AK 47 နဲ့ပစ်လိုက်တာ ထိမှန် သွားပါတယ်။ ကျန်တစ်ယောက် ထွက်ပြေးသွားပါရော။

ကျွန်တော်တို့အားလုံး လေဆိပ်ရှေ့ရောက်တော့ ကားပေါ်က ခုန်ဆင်းပြီး လေဆိပ်ထဲပြေးဝင်ကြပါတယ်။ အဲဒီမှာ ကျန်တဲ့အစောင့်က စက်သေနတ်တစ်လက်နဲ့ ပေါ် လာပြီး လှမ်းပစ်လို့ သူ့ကို ကျွန်တော်ကပဲ ပစ်ချလိုက်ရ တယ်။ လဲကျသွားမှ ကားထဲက ကွန်မန်ဒို ရဲဘော် တစ်ယောက်က အသေပစ်လိုက်တယ်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လေဆိပ်ခန်းမကြီးထဲ ရောက်တာနဲ့ ယိုးနီက ရှေ့က ပြေးဝင်သွားပြီး နောက်တစ်ခန်းကိုပါ ဝင်ပြန်ပါတယ်။ သေနတ်သံတွေကြောင့် အကြမ်းဖက်သမားတွေ သိသွားမလား မသိပါ။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုတွေက အလွန်လျင်မြန်တဲ့အတွက် သူတို့ ဘာမှရိပ်မိပုံမရသေးပါ။ ခန်းမထဲမှာ ယူဂန်ဒါစစ်သား အစောင့် ၃ ယောက်တွေ့လို့ ပစ်ခတ်သုတ်သင်လိုက်ပါတယ်။

အပေါ်ထပ် ပြေးတက်သွားကြတော့ နောက်ထပ် ယူဂန်ဒါစစ်သား တစ်ဒါဇင်လောက်တွေ့တာနဲ့ လက်စတုန်း ပစ်ခတ်ချေမှုန်းလိုက်ပါတယ်။ အောက်မှာကျန်ခဲ့တဲ့ ကာပစ်အဖွဲ့ကလည်း ပြေးလာတဲ့ ယူဂန်ဒါစစ်သား သုံးလေးဦးကို ပစ်သတ်လိုက်ကြပါတယ်။

ကျွန်တော်နဲ့ ယိုးနီခေါင်းဆောင်တဲ့ ကယ်တင်ရေးအဖွဲ့ တစ်ဖွဲ့လုံး ဓားစားခံတွေထားတဲ့ နေရာကို ရောက်ကြပါပြီ။

**အကြမ်းဖက်သမားများကို ချေမှုန်းခြင်း**

ဓားစာခံတွေထားတဲ့ ခန်းမကြီးထဲကို ဝင်ဖို့ ပြေးသွားတဲ့အခါ ယိုးနီက ကျွန်တော့်ဘေးက သူ့အဖွဲ့နဲ့ အတူ






ဆင်တက်ဘီစစ်ဆင်ရေး၌ ပါဝင်ခဲ့သော တိုက်ပွဲဝင် အစ္စရေးကွန်မန်ဒိုတစ်ဦး။

www.burmeseclassic.com

www.burmeseclassic.com



တဲလ်အဗစ်မှ အင်တက်ကီသို့ အသွား
အစ္စရေးကွန်မန်ဒို စစ်သည်များ

www.burmeseclassic.com

www.burmeseclassic.com



ဓာင်တက်တီလေဆိပ်ကို ဝင်ရောက်စီးနင်း တိုက်ခိုက်နေသည့် အစွရေး ကွန်မန်ဒိုများ။

www.burmeseclassic.com

www.burmeseclassic.com



ပြေးရင်း ပါလာပါတယ်။ ပြေးအဝင်မှာ အကြမ်းဖက်သမား တစ်ဦး ခန်းမထဲက ထွက်လာတာကို မြင်ရတဲ့အတွက် ကျွန်တော်က လက်ဦးအောင် ပစ်ချလိုက်တာ မမှန်ဘဲ နောက်ကို ပြန်လှည့်ပြေးပါတယ်။

ယိုးနီက ...

"လိုက် ... လိုက်" ဆိုပြီး သူ့လူနှစ်ယောက်နဲ့ ကျွန်တော့်ကို ကျော်တက်သွားတယ်။ ကျွန်တော်က ကျွန်တော့် စက်သေနတ်ကို ကျည်ကပ်လဲရင်း နောက်ကျကျန်သွားတယ်။ ကျည်ကပ်လဲပြီးတော့ ကျွန်တော့်လူ သုံးယောက်နဲ့ ခန်းမကြီးထဲ အတင်းဝင်လိုက်တော့ ဂျာမန်အမျိုးသမီး အကြမ်းဖက်သမားတစ်ယောက်နဲ့ သူ့ အဖော်အမျိုးသမီးတစ်ယောက်ကို တွေ့တာနဲ့ ကျွန်တော်တို့အဖွဲ့က ပစ်ရှင်းလိုက်ရတယ်။

ဓားစာခံတွေကို ခန်းမကြီးထဲက ကြမ်းပြင်ပေါ်မှာ အိပ်နေကြတာ တွေ့ရပါတယ်။ မီးတွေက ထိန်ထိန်လင်းလို့ပါပဲ။ သူတို့ဘေးမှာ အကြမ်းဖက်သမားတစ်ယောက် သက်နက်တစ်လက်နဲ့ တွေ့တယ်။ သူက ကျွန်တော့်ကို ပစ်တယ်။ ကံကောင်းလို့ မမှန်ဘူး။ ကျွန်တော်က သူ့ပြန်ပစ်လိုက်တာ မှန်ပြီး ကျသွားပါရော။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ချေမှုန်းရေးတပ်ဖွဲ့ရဲ့ လှုပ်ရှားမှုတွေက မြန်လွန်းလို့ အကြမ်းဖက်သမားတွေဟာ အလွန် အံ့အားသင့်ပြီး ဘာဖြစ်လို့ ဘာဖြစ်နေမှန်းတောင် မသိကြပါ။

သေသွားတဲ့ ဂျာမန်အကြမ်းဖက်အမျိုးသမီးနဲ့ သူ့အဖော်အမျိုးသမီးကတော့ ...

"ယူဂန်ဒါစစ်သားတွေ ဝင်ပစ်ကုန်ကြပြီ"

လို့ မသေခင်မှာ အော်သွားပါသေးတယ်။

ကျွန်တော်တို့ကို အစွရေးတွေမှန်း သိတောင်မသွားပါဘူး။

အကြမ်းဖက်သမားတွေအားလုံး ရှင်းသွားတော့ ခန်းမကြီးကို ဝိုင်းပြီး ရှာကြရှင်းကြပါတယ်။

"ဒီဘက်ခန်းက လူဆိုးတွေတော့ ကုန်ပြီ။ ဟိုဘက်ခန်းမှာ တစ်ယောက်ရှိသေးတယ်"

လို့ ဓားစာခံတစ်ယောက်က သတင်းပို့လာတယ်။

သူပြောတဲ့ ဟိုဘက်ခန်းဆိုတာ အကြမ်းဖက်သမား ခေါင်းဆောင်ရှိနေတဲ့အခန်း ဖြစ်မယ်။

ကျွန်တော့်အဖွဲ့က လက်ထောက်အော်ရင်နဲ့အတူ ပိတ်နေတဲ့ အခန်းထဲ လက်ပစ်ဗုံး ၃ လုံး တံခါးပေါ် က ပစ်သွင်းလိုက်တာ တံခါးဖွင့်ပြီး လူနှစ်ယောက်ပြေးထွက်





လာကြတယ်။ ဥရောပတိုက်စုံတွေရဲ့ ဂျာမန်အကြမ်းဖက်အဖွဲ့ ခေါင်းဆောင်တွေဖြစ်မယ်။ ဒီကောင် နှစ်ကောင်က ဘာမှမပြောဘဲ ပြေးထွက်လာတာကို အော်ရင်တို့အဖွဲ့က ပစ်လိုက်တာ နှစ်ယောက်လုံးလဲသွားပြီး တစ်ယောက်က မသေခင် ခါးက လက်ပစ်ဗုံးပင် ဖြုတ်ပြီး ပြန်ပစ်လိုက်လို့ ဗုံးကွဲသွားတယ်။ ကျွန်တော်တို့အားလုံး နေရာယူတာ မြန်လို့ ဗုံးမထိပါဘူး။

ဒါပေမဲ့ သော့ပိတ်ထားတဲ့ နောက်ဆုံးအခန်းကို သော့ဖျက်တာမရလို့ ဗုံးပစ်သွင်းတာ ဗုံးက ပြတင်းပေါက်ထိပြီး ပြန်ကျပေါက်ကွဲသွားလို့ တပ်ဖွဲ့ဝင်တချို့ ဗုံးစနည်းနည်း မှန်သွားတယ်။ ဒဏ်ရာသိပ်မပြင်းလို့ တော်ပါသေးတယ်။

အောက်မှာလည်း ပစ်သံခတ်သံတွေ ကြားနေရတယ်။ လေထီးတပ်ဖွဲ့က တပ်ကြပ်ကြီးတစ်ယောက် ယူဂန်ဒါတွေနဲ့ ပစ်ရင်းခတ်ရင်း ဒဏ်ရာရသွားတယ်။ ဒါပေမဲ့ ကြီးကြီးကျယ်ကျယ် ဒဏ်ရာရကြတာတော့ မရှိပါဘူး။ ကျွန်တော်တို့ဘက်က အသေအပျောက်လည်း မရှိပါဘူး။ ဓားစာခံတချို့ ဒဏ်ရာနည်းနည်းစီ ရကြပါတယ်။ သေတာလည်း ရှိပါတယ်။ ဒါပေမဲ့ အားလုံးခြုံပြောရင် အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ အငိုက်လည်း ရပါတယ်။ ကျွန်တော်တို့ ဒီက အမြန်ပြန်ထွက်ဖို့ပါပဲ။

ဂျိုနသန်နက်တန်ယာဟူဒဏ်ရာရရှိခြင်း

ကျွန်တော်တို့ ကိုယ့်တာဝန်ကိုယ်ယူပြီး ကိုယ့်အပိုင်းကိုယ် ရှင်းနေစဉ်မှာ ယိုးနီးက ကျွန်တော့်ကို စက်နဲ့ အခြေအနေမေးပါသေးတယ်။ သူက အဓိကဝင်ပေါက်ကြီးနားမှာ ရှိနေတယ်။

"ငါ ဒီမှာရှိနေတယ်။ အခြေအနေ ဘယ်လိုလဲ"

"အခြေအနေကောင်းတယ်။ အကြမ်းဖက်သမားအားလုံးကို ရှင်းပြီးပြီ။ အဲဒီက အခြေအနေရော"

ကျွန်တော်က ပြန်မေးတော့ သူ့အသံ မကြားရတော့ပါဘူး။

ကျွန်တော်လည်း ခန်းမကြီးကိုအပြီးရှင်းပြီး အပြင်ထွက်ကြည့်လိုက်တော့ ခန်းမကြီး အဓိကဝင်ပေါက်နားမှာ ယိုးနီ လဲကျနေပါတယ်။ သူ့ကိုပါလာတဲ့ စစ်တပ်ဆရာဝန်က အရေးပေါ် ကုသပေးနေတယ်။

"ယိုးနီ ဒဏ်ရာရသွားပြီ။ ဒဏ်ရာပြင်းတယ်"

"မျှော်စင်ပေါ်က ယူဂန်ဒါတွေက အဝေးက လှမ်း





ပစ်လိုက်တာတဲ့။ ကံဆိုးမိုးမှောင်ကျပြီး ယိုးနီကို သေလောက်တဲ့နေရာ မှန်သွားတာ။ ကျောကို ထိသွားတာ"

"တပ်ဖွဲ့မှူး ဒဏ်ရာရသွားပြီ။ ကွပ်ကဲမှုကို ကျုပ်ယူလိုက်ပြီ"

တပ်ဖွဲ့ဝင်အားလုံးကို အသိပေးလိုက်ရပါတယ်။

"ကဲ ...စိတ်မကောင်း ဖြစ်မနေကြနဲ့တော့။ လူတွေ ကယ်ထုတ်ပြီး လေယာဉ်ပေါ်တင်ရအောင်"

ဒဏ်ရာရထားတဲ့ ဓားစာခံများကို ခန်းမကြီးထဲက အမြန်ကယ်ထုတ်ပြီး ကားတွေပေါ်တက်ခိုင်းရတယ်။ ဒဏ်ရာရထားတဲ့ ယိုးနီကိုလည်း ပထမဆုံးကားနဲ့ လေယာဉ်ပေါ် ပြန်ပို့ပေးလိုက်တယ်။ ယိုးနီ စကားမပြောနိုင်တော့ပါဘူး။ သတိပါ လစ်နေပါတယ်။

ဒဏ်ရာမရဘဲ ကောင်းနေတဲ့ ဓားစာခံတွေကိုတော့ တစ်ယောက်စီတန်းစီပြီး လေယာဉ်ပေါ် အမြန်တက်ကြဖို့ အသံချဲ့စက်နဲ့ အော်ပြောရပါတယ်။ မိနစ် အနည်းငယ်အတွင်းမှာပဲ အားလုံးဆောင်ရွက်ပြီးပါတယ်။

ကျွန်တော်တို့ ပြန်အထွက်မှာ လေယာဉ်မျှော်စင်ပေါ်ကနေပြီး ယူဂန်ဒါတွေက လက်နက်ငယ်တွေနဲ့ ထပ်ပြီး လှမ်းပစ်လို့ အောက်ကလေထီးတပ်ဖွဲ့တွေနဲ့ အပြန်အလှန်



www.burmeseclassic.com

www.burmeseclassic.com



ပစ်ခတ်မှုဖြစ်ပါတယ်။ ဒါနဲ့ မျှော်စင်ကို RPG လေးငါးလုံး ပစ်သွင်းပြီး ဖြိုလိုက်မှ မျှော်စင်ပေါ်က ကောင်တွေ သေကုန်ပြီး ကိစ္စပြတ်သွားပါတော့တယ်။

လေယာဉ်ကွင်းထဲမှာ ယူဂန်ဒါလေတပ်က MIG အမ်အိုင်ဂျီတိုက်လေယာဉ် နှစ်စီးတွေ့လို့ ကာပစ်တပ်ဖွဲ့က ဖောက်ခွဲဖျက်ဆီးပစ်လိုက်လို့ ပေါက်ကွဲပျက်စီးသွားပါတယ်။

"ကဲ ... သွားပေရော့။ ယူဂန်ဒါတွေရေ"

"MIG တွေရှိနေရင် ကျွန်ကော်တို့အပြန်မှာ လိုက်တိုက်နေဦးမယ်။ ဖျက်ပစ်လိုက်မှ အေးမယ်"

ယူဂန်ဒါမှာ တိုက်လေယာဉ် များများစားစားတော့ မရှိပါဘူး။ MIG လေယာဉ်နှစ်စီး ဖောက်ခွဲပြီးတာနဲ့ ကျွန်တော်တို့ စစ်ဆင်ရေးကြီးလည်း လုံးဝပြီးဆုံးသွားပါတော့တယ်။

အင်တက်ဘီက အမြန်ပြန်ခွာဖို့ပါပဲ။

**စစ်ဆင်ရေးပြီးဆုံးခြင်း**

ဆင်းလာခဲ့တဲ့ လေယာဉ်နှစ်စီးနဲ့ ပြန်တက်ဖို့ ပြင်ဆင်ရပါတယ်။ ပထမလေယာဉ်နဲ့ ဒဏ်ရာရသူတွေ





မားစာခံတွေကို သယ်သွားပါတယ်။ ယိုးနီကိုလည်း ပထမလေယာဉ်နဲ့ပဲ ပြန်ထည့်ပေးလိုက်ပါတယ်။ ပထမလေယာဉ်တက်ပြီး မကြာခင်မှာပဲ ဒုတိယလေယာဉ်နဲ့ကတော့ ကျွန်တော်တို့တပ်ဖွဲ့ဝင်တွေ လိုက်ပါပြီး အမြန်ဆုံး အင်တက်ဘီက ပြန်ထွက်ခဲ့ကြပါတယ်။

အင်တက်ဘီရဲ့ ကောင်းကင်ယံမှာတော့ ဘိုးအင်းလေယာဉ်ကြီးနဲ့ လေတပ်ဗိုလ်ချုပ် ဘင်နီပဲလက် Major General Benny Peled နဲ့ စစ်ဆင်ရေးမှူးကြီး ကူတီတို့က စက်ဖွင့်လေယာဉ်ပျံပဲပြီး အောက်ကသတင်းကို နားထောင်နေကြပါတယ်။

ကင်ညာမှာ ကျွန်တော်တို့ လေယာဉ်တွေ ခဏနားပါတယ်။

ကင်ညာက ပြန်ထွက်မယ်အလုပ်မှာ ကျွန်တော်တို့လေယာဉ်ပေါ် စစ်တပ်ဆရာဝန်တစ်ယောက် တက်လာပြီး ...

"ဒုဗိုလ်မှူးကြီး ဂျိုနသန်နက်တန်ယာဟူ ယခုပဲ ကျဆုံးသွားပါပြီ"

လို့ လာသတင်းပို့ပါတယ်။

ကျွန်တော်လည်း ချက်ချင်းပဲ တပ်ဖွဲ့ဝင်များကို



www.burmeseclassic.com

www.burmeseclassic.com



''ခင်ဗျားတို့ တပ်မှူးကျဆုံးသွားပြီ''


လို့ တရားဝင် ကြေညာလိုက်ရပါတယ်။ အားလုံး စိတ်မကောင်းကြပါ။ စစ်ဆင်ရေးက အလွန်အောင်မြင်ပါတယ်။ လုံးဝအငိုက်ရပါတယ်။ ရန်သူအားလုံးကို သုတ်သင်နိုင်ခဲ့ပါတယ်။ ရန်သူ့ဘက်သား ယူဂန်ဒါတွေကိုလည်း မှတ်လောက်သားလောက်အောင် ဆုံးမနိုင်ခဲ့ပါတယ်။ ကယ်ရမယ့်သူတွေ အကုန်လုံးလည်း ကယ်ခဲ့နိုင် ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့တပ်က တန်ဖိုးမဖြတ်နိုင်တဲ့ အားလုံးက ချစ်ကြတဲ့ ကွန်မန်ဒိုတပ်ဖွဲ့မှူး ယိုးနီ ကျဆုံးခဲ့ရတာပဲ ခင်ဗျာ။

ဘင်ဂျမင်နက်တန်ယာဟူက သူ၏ပြောကြားချက်များကို အထက်ပါအတိုင်း နိဂုံးချုပ် အဆုံးသတ်ခဲ့ပါတော့သည်။

## နိဂုံးချုပ်ဖော်ပြချက်

၁၉၇၆ ခုနှစ် ဇွန်လ နောက်ဆုံးပတ်ထဲ၌ ပါလက်စတိုင်း အကြမ်းဖက်သမားအုပ်စုတစ်စုမှ ပြင်သစ်လေကြောင်းပိုင် လေယာဉ်တစ်စီးကို အပိုင်စီး၍ ယူဂန်ဒါနိုင်ငံ အင်တက်ဘီလေဆိပ်တွင် ဓားစာခံများကို ဖမ်းဆီးချုပ်






အစ္စရေးတို့ အသုံးပြုခဲ့သည့် စီ၁၃၀ ဟာကြူလီ ပို့ဆောင်ရေး လေယာဉ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တက်ဘီလေဆိပ် ဓားစားခံ ကယ်တင်သည့် စစ်ဆင်ရေး၌
ကျဆုံးခဲ့သော အစ္စရေးကွန်မန်ဒို တပ်ဖွဲ့မှူး
ဂျိုနသန်နက်တန်ယာဟူ

www.burmeseclassic.com

www.burmeseclassic.com



နှောင်ထားခဲ့၏။ လိုလားချက်များ တောင်းဆိုခဲ့၏။ အကြမ်းဖက်သမားများကို တစ်ပတ်အတွင်း အစ္စရေး ကွန်မန်ဒိုတပ်များက အငိုက်ဖမ်းတိုက်ခိုက်ပြီး ဓားစာခံများကို ကယ်တင်ခဲ့သော ဤဖြစ်ရပ်ကို ကမ္ဘာတစ်ဝှမ်းလုံးက သိကြပါသည်။

ဤဖြစ်ရပ်တွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သော ကွန်မန်ဒိုတပ်မှူးတစ်ဦးက ပြန်လည်ပြောပြရာ ဤဇာတ်လမ်းမှာ တကယ့်လှို့ဝှက်သဲဖို ရုပ်ရှင်ကားတစ်ခု ကြည့်နေရသကဲ့သို့ ရင်တမမ ဖြစ်ရပါသည်။ စိတ်ဝင်စားစရာ၊ အတုယူစရာလည်း အပြည့်ပါရှိပါ၏။ အစ္စရေးတို့၏ မျိုးချစ်စိတ်နှင့် အစ္စရေးခေါင်းဆောင်တို့၏ အသက်ကို စွန့်လွှတ်ကာ တာဝန်ကို ပြီးမြောက်သည်အထိ ဆောင်ရွက်သွားသည်ကို လေးစားဖွယ်ရာ တွေ့ရပါသည် ခင်ဗျား။

ထိုစဉ်က အစ္စရေးနိုင်ငံ အကြီးအကဲများမှာ အောက်ပါအတိုင်းဖြစ်၏။ ဝန်ကြီးချုပ် ရီဇတ်ရာဘင်၊ ကာကွယ်ရေးဝန်ကြီး ရှိမွန်ပဲရစ်၊ နိုင်ငံခြားရေးဝန်ကြီး ဒီဂဲလ်အာလွန်၊ သယ်ယူပို့ဆောင်ရေးဝန်ကြီး ရာကိုဘီ၊ စစ်ဦးချုပ် ဒုဗိုလ်ချုပ်ကြီး မိုဒီချိုင်းဂူးရ် Mordecai Gur နှင့် လေထီးတပ်နှင့် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ် ဒမ်ရှွမ်ရွန်တို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြ၏။

နိဂုံးချုပ်ဖော်ပြလိုသည်မှာ ယခု အဖြစ်အပျက်ကို ပြန်ပြောင်းပြောပြသည့် ကွန်မန်ဒို ဒုတိယတပ်မှူး ဘင်ဂျမင်နက်တန်ယာဟူဆိုသူမှာ တခြားသူ မဟုတ်ပါ။ ယခု အစ္စရေးနိုင်ငံတော်၏ လက်ရှိဝန်ကြီးချုပ်ပင် ဖြစ်ကြောင်းပါခင်ဗျား။

သောင်းဝေဦး

၂၄-၅-၂၀၀၉

**မှီငြမ်းကိုးကားသည့်စာအုပ်များ**

၁၉၈၂ ခုနှစ် ဇူလိုင်လထုတ် Military Review ဂျာနယ်မှ The Rescue At Antebbe ကို မှီငြမ်းရေးသားပါသည်။



## သောင်းဝေဦး၏ ထွက်ရှိပြီးသော စာအုပ်များ


၁။ သူတို့ဆီတစ်ခေါက် ရောက်ခဲ့ရာဝယ်

၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သမိုင်း

၃။ စစ်သားဘဝအမှတ်တရများ အတွဲ(၁)

၄။ စစ်သားဘဝအမှတ်တရများ အတွဲ(၂)

၅။ စစ်သားဘဝအမှတ်တရများ အတွဲ(၃)

၆။ စစ်သားဘဝအမှတ်တရများ အတွဲ(၄)

၇။ သေကံမရောက် သက်မပျောက်

၈။ ဣန္ဒြေယခေါ် မိန်းမတို့သည်

၉။ ယောက်ျားတို့အကြောင်း

၁၀။ ကျွန်တော်လယ်သမားကြီး

၁၁။ မြို့တော်စည်ပင် အခွန်အခများအကြောင်း သိကောင်းစရာများ

၁၂။ ငါသားများ စစ်ထဲဝင်ရင်လေ

၁၃။ ကြည်။ ရေ၊ လေ တပ်မတော်တွင်းက သူငယ်ချင်းတွေ

၁၄။ မှန်မြစ်မှသည် ရောဝတီ

၁၅။ အတွေးပုံရိပ် အတိတ်ဟိုဆီ




www.burmeseclassic.com